The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 47 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 12 , 2016

ဟောင်ကောင်တွင် ကျင်းပမည့် MEGA SHOW Part 1 ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်

|pmrsu EB- 3|

ရော်ဘာဈေး မြင့်တက်လာပြီး ဝယ်လိုအား များလာ

|pmrsu EB- 20|

ဇန်နဝါရီလ ၁ ရက်မှ စတင်၍ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ဖြင့်သာ ကျင့်သုံးဆောင်ရွက်မည်

|pmrsu EB- 30|

မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄၀၀ ခန့် ရှိသည်ဟုဆို

|pmrsu EB- 30|



# အားလုံးနဲ့သက်ဆိုင်နေတဲ့ မြန်မာငွေတန်ဖိုးဟောင်းပွမှု

ယခုတလော ငွေကြေးတန်ဖိုးဖောင်းပွမှု တစ်နည်းအားဖြင့် ဒေါ်လာဈေးနှုန်းမြင့်တက်မှုနဲ့ ပတ်သက်လို့ အသံတွေ ကျယ်ကျယ်လောင်လောင် ကြားနေရပါတယ်။ တချို့က ကုန်သွယ်မှုပမာဏလိုငွေပြမှု( Trade Deficit ) ဖြစ်တာ ကာလကြာရှည်နေတာကြောင့်လို့ ဆိုကြပြီး တချို့ကတော့ ပြည်တွင်းထုတ်လုပ်မှုအားနည်းပြီး သွင်းကုန်အပေါ် မှီခိုအားထားမှုကြီးမားလာတာကြောင့်လို့လည်း ဆိုကြပြန်တယ်။

|pmrsu EB- 15|

# ယခင်နှစ်ကာလတူထက် ပို့ကုန်မြင့်တက်ပြီး u&Gf'V'mi@v;ma



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ကုန်သွယ်မှုလျင်မြန် ချောမွေ့စေရန် အထောက်အပံ့အဖြစ် ကုန်သွယ်မှုဆိုင်ရာမူဝါဒများကို ဖြေလျှော့ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အစိုးရသစ်လက်ထက်မှာ ပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်သုံးဆမြင့်တက်စေရမည်ဆိုတဲ့ ရည်မှန်းချက်ကို လက်ကိုင်ထားပြီး ပို့ကုန်တိုးမြှင့်ရေးကို အဓိကထားပြီး လုပ်ဆောင်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုနိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှု အခြေအနေကို ကြည့်ပါက ပို့ကုန်အမေရိကန်ဒေါ်လာ ၇၃၆၄သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၀၁၅၇ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၇၅၂၁ သန်းအထိရောက်ရှိခဲ့ရာ ယခင်

|pmrsu EB- 12|

a':vmaps:wufwm
um;awGrsm;BuDDGaevVm;?
um;wifGvmurwbbjyif
avsmhawmifavsmheyjw , f
|ဦးသိန်းမြင့်ဝေ|

|pmrsu EB- 8|

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲကြီး၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊ မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။ သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိကြောင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက ဒီဇယ်ဆီအလွန်ဆုံး ၅ ဂါလံ(၄) ပြည်သာ ကုန်ကျမည်။
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075
ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလှကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့။


NANOVA CO., LTD.
MEDICAL DEVICE DIVISION
Yangon 22 A, Shan Yeiktar Street, Sanchaung Tsp, 11111. Tel (01) 230 4901,230 4902
Nay Pyi Taw Za / 30, Ziwaka Say Sine Tan, Tha Phay Khone, Pyinmanar. Tel 067 810 8083
Mandalay Block 4, No.15, 73 Street, Mingalar Mandalay Myothit (1). Tel 09 791 360000
www.nanova-medical.com Email : medical@nanovapteltd.com
Helpline 09 420 222286, 09 555 4000 ( Yangon ) , 09 420 222284 ( Mandalay )
Imaging Equipments
Quantum MEDICAL IMAGING
DRive DIGITAL IMAGING
DIGITAL RADIOGRAPHY
GENERAL RADIOLOGY
HOLOGIC
DISCOVERY
Bone Densitometry System
RADIOLOGY PACS
analogic
3D / 4D ULTRASOUND
OT / ICU Equipments
schaerermedical
Operation Table
RIMSA
Ceiling OT Light
eVent Medical
ICU Ventilator
JMS
Syringe/ Infusion Pumps
Physiotherapy Equipments
EMS Physio
Electrotherapy Unit
Ultrasound Therapy Unit
Zimmer MedizinSysteme
Shockwave Therapy Unit
Cryo Therapy Unit
Traction Unit


HITACHI
Inspire the Next
HITACHI
ELEVATORS & ESCALATORS
Hitachi Elevator (Myanmar) Co., Ltd
No(10), Shwekabar Housing, Mindhama Road,Mayangone Township, Yangon
Tel:01 664927, 09 455121501~03

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် နေ့လယ်ပိုင်းတွင် ဝန်ကြီးဌာနဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေး၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်ချုပ်ဆိုနိုင်ရေး၊ ရန်ကုန်မြို့တွင် ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်ရုံးဖွင့်လှစ်နိုင်ရေး၊ ကော်ဖီ၊ လက်ဖက်ခြောက်စသည့် စိုက်ပျိုးရေးထွက်ကုန်များ ရုရှားနိုင်ငံသို့တင်ပို့ရန် အခွင့်အလမ်းများ အပါအဝင် ငှက်ပျောသီးနှင့် သရက်သီး စသည့်သစ်သီးဝလံများအား အခြောက်ပြုလုပ်၍ တင်ပို့နိုင်ရေးအတွက် စက်ရုံတည်ဆောက်သွားရေးနှင့် ရုရှားနိုင်ငံမှ ခေတ်မီနည်းပညာနှင့်အတွေ့အကြုံများရယူ ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန် ကြီးဌာန၊ အမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

MOC (IR)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးကော်မတီနှင့် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီအချိန်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင် ကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယသမ္မတ(၁) ကဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်က စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရေးဆွဲခဲ့ပါကြောင်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ ဖွဲ့စည်းပေးပြီး ကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ဒေါ်လာငွေလဲလှယ်နှုန်း မြင့်တက်နေခြင်းကိစ္စရပ်များနှင့် ပုဂ္ဂလိက ကုန်သည် လုပ်ငန်းရှင်များ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရန်အတွက် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း (Foreign Exchange Rate) မြင့်တက်လာပြီး၊ မိမိနိုင်ငံ၏ငွေကြေးတန်ဖိုးကျဆင်းလာခြင်းနှင့် ပတ်သက် ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းမှုလျော့နည်းစေရန်အတွက် ပြည်ပတွင် နိုင်ငံခြားဘဏ်စာရင်းဖွင့်လှစ်ထားမှုများအား ဥပဒေနှင့် အညီဆောင်ရွက်စေခြင်း၊ ပို့ကုန်ရငွေအား မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်စေခြင်း၊ ပြည်တွင်းငွေပေးချေမှုများ ဆောင်ရွက်ရာတွင် မြန်မာကျပ်ငွေဖြင့်သာ အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း၊ ငွေတိုက်စာချုပ်များ ပိုမိုရောင်းချနိုင်ရေး ဆောင်ရွက်ခြင်းစသော အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးစနစ်အတွင်းရှိ ပိုလျှံငွေများကြောင့် ဖြစ်

➲ စာမျက်နှာ ၂၉ သို့

## ဟောင်ကောင်တွင် ကျင်းပမည့် MEGA SHOW Part 1 ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်




MEGA SHOW Part 1 ကုန်စည်ပြပွဲကို ဟောင်ကောင်နိုင်ငံရှိ Hong Kong Convention & Exhibition Center တွင် အောက်တိုဘာ လ ၂၀ ရက်မှ ၂၃ ရက် အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံသားပို့ကုန်လုပ် ငန်းရှင်များသွားရောက်ပြသနိုင်ကြောင်း သိရသည်။

➲ စာမျက်နှာ ၂၉ သို့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ပြည့်ဟိန်းဇော်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# နိုဝင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

နိုဝင်ဘာ ၂၆ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သီတင်းပတ်အတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၄၅သန်းတန်ဖိုးရှိ ဆန် ၂၂၅၆၃တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန် ၁၂၆၀ခန့်နဲ့ ဧည့်မထဆန် ၆၉၇၆ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၈၂၅ တန်နဲ့ ဧည့်မထဆန်၁၇၃ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှငစိန်ဆန် ၁၃၃၂၈ တန်ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။ယခင်တစ်ပတ်က ၁၆၉၇၃ တန်ကျော်သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၅၅၈၉တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုအနေနဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၂၇၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၀၃၁ တန် တင်ပို့ခဲ့ရာ မူဆယ်မှ တန်၇၀၀ နဲ့လွယ်ဂျယ်မှ ၃၃၁တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။

နိုဝင်ဘာလတစ်လလုံးမှာမြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တစ်ဖက်တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၆၉၈ သန်းတန်ဖိုးရှိ ဆန် ၉၂၅၅၅ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး အနီးစပ်ဆုံးကာလဖြစ်တဲ့ အောက်တိုဘာက ၂၉၃၈၁ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၆၃၁၇၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုလမှာ ဆန်အပြင် ဆန်ကွဲပါပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၃သန်းတန်ဖိုးရှိ ဆန်ကွဲ ၉၈၁၇တန်ကျော်တင်ပို့ခဲ့ပြီး ယခင်လက ၈၄၁၇ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ တန် ၁၄၀၀ပိုမိုတင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။

နိုဝင်ဘာ ၂၇ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၄၉၈ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၄၁၁တန် တင်ပို့ခဲ့ရာ ရုရှားနိုင်ငံသို့ ပေါင်းဆန် ၁၀ တန်နဲ့ ဂျာမနီနိုင်ငံသို့ဧည့်မထဆန် ၂၂၅တန်၊ အီတလီနိုင်ငံသို့ ဧည့်မထဆန် တန် ၁၂၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဧည့်မထဆန် တန် ၅၀နဲ့ ဂျပန်နိုင်ငံသို့ ဧည့်မထဆန် ၁၀၀၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။

နိုဝင်ဘာလ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၂၈သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၀၂၃၇ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးကာလတင်ပို့မှုထက် ၁၃ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ဆန်အပြင် အမေရိကန်ဒေါ်လာ၆ဒသမ ၄၅၁သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၂၅၉၆ တန် တင်ပို့ပြီး ယခင်လက ၁၆၁၀၀ တန်တင် ပို့ခဲ့တဲ့အတွက် ယခုလမှာ ၆၄၉၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ဟောင်းရော ဆန်သစ်ပါ အဝင်နည်းပြီး ဝယ်လိုအားများတဲ့အတွက် ဈေးတက်

ယခုတစ်ပတ် ရန်ကုန်မြို့ဝါးတန်း ကုန်စည်ဒိုင်ရဲ့ဆန်ဈေးကွက်မှာ ဆန်ဟောင်းရော ဆန်သစ်ပါ အဝင်နည်းတဲ့အတွက် ဈေးတက်လာတယ်လို့သိရပါတယ်။ ဆန်ချောအဟောင်းဈေးကွက်မှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၇၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၈၅၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံ ကျိုက်လတ်ထိပ်စတစ်အိတ် ကျပ် ၃၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၉၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ဈေးထက်တစ်အိတ်ကို ကျပ် ၁၀၀၀မှ ကျပ် ၂၀၀၀ အထိ ဈေးတက်လာတယ်လို့သိရပါတယ်။

ဆန်ကြမ်းအဟောင်း ဧည့်မထထိပ်စ တစ်အိတ်ကျပ်၁၈၅၀၀နဲ့ လတ်စတစ်အိတ်ကျပ်၁၇၅၀၀၊ နွေသီးထပ်ရှယ် တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ နွေဆန်ရက် ၉၀တစ်အိတ်ကျပ် ၂၀၅၀၀မှ ကျပ်၂၂၀၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့ဧည့်မထ ၂၅ မှတ် တစ်အိတ်ကျပ် ၁၅၀၀၀ မှ ကျပ် ၁၆၀၀၀ ဖြစ်ပြီး ဆန်ဟောင်းဈေးတစ်အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ အထိ ဈေးတက်လာတာ တွေ့ရပါတယ်။

ပေါ်ဆန်းဆန်ချော အသစ်ရှယ် တစ်အိတ်ကျပ် ၂၇၀၀၀ မှ ကျပ် ၃၀၀၀၀၊ ဆန်ကြမ်းအသစ်ရှယ် တစ်အိတ်ကျပ် ၁၇၅၀၀ မှ ကျပ် ၁၈၀၀၀ ဈေးနဲ့ ဆန်ကြမ်းသစ်ရှယ်တစ်အိတ်ကို ကျပ် ၁၀၀၀ခန့် ဈေးတက်လာပါတယ်။ ဆန်ဟောင်းရောဆန်သစ်ပါ စပ်ကူးမတ်ကူးကာလဖြစ်တဲ့အတွက် ကုန်စည်ဒိုင်ကို အဝင်နည်းပြီး ဝယ်လိုအားများတာကြောင့် ဈေးတက်လာတာဖြစ်တယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာတော့ တစ်ဖက်နိုင်ငံရဲ့ ဝယ်လိုအားများပြီး ကုန်အဝင်နည်းတာကြောင့် ဆန်ဈေးတက်တယ်လို့သိရပါတယ်။ ဒီဇင်ဘာ ၉ ရက်ဈေးနှုန်းအရ ဧည့်မထ ၅ မှတ် မော်ဘီနဲ့စူပါ တစ်အိတ်ကို ၁၂၅ ယွမ်မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါတစ်အိတ်ကို ယွမ် ၁၂၀ မှ ၁၂၄ ယွမ်၊ ဧည့်မထ ၁၅ မှတ်မော်ဘီတစ်အိတ်၁၁၉ ယွမ်မှ ၁၂၁ ယွမ်၊ ဧည့်မထ ၂၅ မှတ် မော်ဘီတစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၄ ယွမ်မှ ၁၂၈ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ်ယွမ် ၁၂၀ မှ ၁၂၃ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်ရှိပါတယ်။ ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၅ ကျပ် ဈေးပေါက်တယ်လို့ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်စုံမှ မိုးစပါးသစ်များ ဈေးကွက်သို့ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးအဟောင်းဈေးကွက်မှာ ဩဂုတ်နှင့်စက်တင်ဘာတို့တွင် အရောင်းအဝယ်အေးလျက်ရှိရာမှ အောက်တိုဘာ တတိယပတ်မှစတင်၍ ဧည့်မထမိုးစပါးသစ်များ ဈေးကွက်သို့ဝင်ရောက်လာခဲ့ရာပုသိမ်ဈေးကွက်မှာ ၄၆ပေါင်တင်း ၁၀၀ ကို ကျပ် ၃၅၀၀၀၀ ဝန်းကျင်ဈေးနှင့် သီတင်းနှစ်ပတ်လောက်သာ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။မိုးလေဝသကင်းလွတ်၍ မြို့နယ်စုံ ရိတ်သိမ်းချိန်စပါးအထွက်လှိုင်လာသော နိုဝင်ဘာလဆန်းရောက်မှသာကောက်စောစပါးများ အရောင်းအဝယ် သွက်ခဲ့ပါတယ်။ စပါးသစ် ၄၆ ပေါင်တင်း ၁၀၀ကို ပုသိမ်ဈေးကွက်တွင် နိုဝင်ဘာက လေးသိန်းဝန်းကျင်ဈေးမှ ယခုလက်ရှိ ကျပ်၄၈၀၀၀၀ဈေး၊ ကျုံပျော်မြို့နယ်မှနိုဝင်ဘာလက ကျပ် ၃၈၀၀၀၀ မှ ယခု ကျပ်၄၇၀၀၀၀ ဈေး၊ကျောင်းကုန်းမြို့နယ်တွင် နိုဝင်ဘာလက ကျပ် ၃၆၈၀၀၀ မှ ယခုကျပ် ၄၇၈၀၀၀ ဈေး၊ ဟသ်ာတမြို့နယ်တွင် နိုဝင်ဘာလက ကျပ် ၃၄၀၀၀၀ မှ ယခု ကျပ် ၄၈၅၀၀၀ ဈေး၊ မြောင်းမြမြို့နယ်တွင် နိုဝင်ဘာလက ကျပ် ၄၁၅၀၀၀ မှ ယခု ကျပ် ၅၃၅၀၀၀ ဈေး၊အိမ်မဲမြို့နယ်တွင် နိုဝင်ဘာလက ကျပ်၃၇၉၀၀၀ မှ ယခုကျပ် ၄၉၆၀၀၀ ဈေး၊ ညောင်တုန်းမြို့နယ်တွင် နိုဝင်ဘာလက ကျပ် ၃၅၀၀၀၀ မှ ယခုလက်ရှိ ကျပ် ၄၆၉၀၀၀ ဈေး၊ ဓနုဖြူမြို့နယ်တွင် နိုဝင်ဘာလက ကျပ် ၃၅၀၀၀၀ မှ ယခု ကျပ် ၄၆၀၀၀၀ ဈေးဖြစ်ပြီး ၄၆ပေါင် စပါးတင်းတစ်ရာလျှင် ကျပ်သိန်းဂဏန်းဝန်းကျင် မြင့်တက်ခဲ့ပါတယ်။ အချို့မြို့နယ်များမှာ ဆန်စပါးသစ်များ ဈေးကွက်ဝယ်လိုအားရှိတာကြောင့် စပါးဟောင်း၊ ဆန်ဟောင်းဈေးလည်း မြင့်တက်၍ ဆန်စပါးဈေးကွက်ဖွံ့ဖြိုးပြီး အရောင်းအဝယ် ပိုကောင်းသောမြို့နယ်များတွင် ဧည့်မထမိုးစပါးသစ်များကို စက်ပိုင်ကုန်သည်များကစပါးရရှိရေးအတွက် ဈေးပေးဝယ်ယူမှုများ ရှိသောကြောင့် ဆန်စပါးဈေးကွက်မှာ ဈေးနှုန်းမြင့်တက်အရောင်းအဝယ် သွက်လျက်ရှိကြောင်းသိရပါတယ်။ တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် စပါးအရည်အသွေး ဈေးကွက်ကွာခြားမှုရှိသော်လည်း ၄၆ပေါင် ဧည့်မထ မိုးစပါး သစ် တင်း၁၀၀ ပျမ်းမျှဈေးမှာ ငါးသိန်းဝန်းကျင်ဈေးနှုန်းနှင့် တောင်သူများတွက်ခြေကိုက်သောဈေးနှုန်းဖြစ်ပြီး နိုဝင်ဘာလဈေးထက် ယခု ဒီဇင်ဘာလမှာ စပါး၊ ဆန် ဈေးနှုန်းများ မြင့်တက်မှုရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၉-၁၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၅ | ၃၈၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၄ | ၃၇၄ | □ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၄ | ၃၆၄ | □ | ၃၃၅ | ၃၃၅ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၈၀ | ၃၇၉ | ▽ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၉-၁၂-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၀၀၀၀ | □ | ၈၂၈၀ | □ | ၃၆၀၀၀ | □ |
| ပုသိမ် | ၄၈၇၆ | □ | ၂၂၀၀၀ | □ | ၇၀၀၁ | □ | ၃၂၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၁၉၀၀၀ | △ | ၁၂၀၀၀ | □ | ၄၀၀၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ▽ | ၁၈၀၀၀ | □ | ၇၅၀၀ | △ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၇၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၆၇၀၀ | □ | ၂၈၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၉၀၀၀ | □ | ၂၂၇၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၁၇၀၀၀ | □ | ၆၅၀၀ | □ | ၂၂၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၈၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | △ | - | - | ၃၇၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ၅-၁၂-၂၀၁၆ မှ ၉-၁၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 309 | 30,580,818.314 |
| 2 | Form D | 63 | 3,353,924.820 |
| 3 | Form E | 82 | 22,324,005.010 |
| 4 | Korea GSP | 8 | 263,478.430 |
| 5 | Form AK | 82 | 4,698,371.888 |
| 6 | Form AJ | 4 | 161,237.340 |
| 7 | Form AI | 50 | 1,800,705.076 |
| 8 | Form AANZ | 4 | 9,732.190 |
| 9 | Form DFTP | - | - |
| **Grand Total** | | **602** | **63,192,273.068** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၁၂-၂၀၁၆ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂/၁၂ | ၉/၁၂ | ပြောင်းလဲမှု | ၂/၁၂ | ၉/၁၂ | ပြောင်းလဲမှု | ၂/၁၂ | ၉/၁၂ | ပြောင်းလဲမှု | ၂/၁၂ | ၉/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၅၀ | ၁၇၁၀ | ▼ | ၁၉၁၇ | ၁၆၇၃ | ▼ | - | ၁၄၀၀ | - | ၁၉၀၀ | ၁၆၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၄၀၄ | ၁၃၅၅ | ▼ | - | - | - | - | ၁၃၀၅ | - | ၁၄၀၀ | ၁၃၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၂၆၅ | ၁၁၆၅ | ▼ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၂၆၃ | ၁၂၇၉ | ▲ | ၁၂၆၅ | ၁၂၄၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၈၀၀ | ၂၇၀၀ | ▼ | - | - | - | - | - | - | ၂၃၉၅ | ၂၅၃၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၂၅၀ | ၁၃၃၃ | ▲ | - | - | - | ၁၂၁၀ | ၁၂၉၀ | ▲ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၈၀၀ | ၈၁၈ | ▲ | - | - | - | ၇၄၀ | ၇၈၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၉-၁၂-၂၀၁၆ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁/၁၂ | ၈/၁၂ | ပြောင်းလဲမှု | ၁/၁၂ | ၈/၁၂ | ပြောင်းလဲမှု | ၁/၁၂ | ၈/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၈၀ | ၈၀၀ | ▼ | ၁၀၉၇ | - | - | ၉၅၁ | ၈၁၆ | ▼ |
| ၂ | ပဲစင်းငုံ | ၈၈၀ | ၆၁၀ | ▼ | ၈၃၄ | ၇၇၁ | ▼ | ၈၉၂ | ၈၀၁ | ▼ |
| ၃ | ပဲတီစိမ်း | ၇၀၀ | ၆၀၀ | ▼ | ၆၅၈ | ၆၅၃ | ▼ | ၇၀၂ | ၆၉၇ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၁၁၀ | ၁၁၅၀ | ▲ | ၁၃၆၀ | ၁၃၉၄ | ▲ | ၁၃၇၅ | ၁၃၇၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၆.၁၁.၁၆)ထိ | ယခုတစ်ပတ် (၃.၁၂.၁၆)ထိ | (၁.၁.၁၆) မှ (၃.၁၂.၁၆) ထိ |
| မတ်ပဲ | ၄ | ၁၄၃၉ | ၄၆၀၃၈၆ |
| ပဲတီစိမ်း | ၁၃၀၂ | ၁၁၀၀ | ၁၇၁၅၅၅ |
| ပဲစင်းငုံ | ၁၄၀၅ | ၁၆၈၅ | ၂၀၁၀၆၁ |
| ကုလားပဲ | ၇၀ | - | ၂၉၃၃၇ |
| ပဲလွန်းဖြူ | ၁၁၈ | ၃၆ | ၁၇၅၁၃ |
| မြေထောက်ပဲ | ၆ | ၂၀၀ | ၁၂၉၂၉ |

## ဒီဇင်ဘာပထမပတ် မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက် အနည်းငယ်ဈေးမြင့်

ဒီဇင်ဘာပထမပတ် မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်မှာ ဒေသတွင်းသုံး ပဲများဖြစ်သော ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ မလွမ်းပို၊ ပဲပုပ်စေ့၊ ပဲကြီးတို့ အနည်းငယ် ဈေးတက်ခဲ့ပါတယ်။ ကုလားပဲမျိုးစုံ တစ်တင်းဈေးနှုန်းများမှာ ကုလားပဲဖြူကြီး V2 ကျပ် ၄၉၇၀၀၊ 929 ကျပ် ၄၉၅၀၀၊ ထိုင်ဝမ် ကျပ်၄၉၅၀၀နှုန်းဖြစ်ပြီး တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊စွန်တာနီတစ်တင်းကျပ် ၁၆၀၀၀၊မလွမ်းပို တစ်တင်းကျပ် ၂၀၅၀၀ ဈေးရပြီး တစ်ရက်အိတ်၂၀၀ခန့် ပဲပုပ်စေ့တစ်တင်းကျပ် ၂၀၀၀၀နဲ့တစ်ရက်အိတ် ၁၅၀ခန့်၊ ပဲကြီးတစ်တင်းကျပ် ၂၈၀၀၀ နဲ့ တစ်ရက်အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရပါတယ်။ ငုံနီဈေးကွက်မှာ တစ်တင်း ကျပ်၂၆၀၀၀ ဈေးပေါက်ပြီး အရောင်းအဝယ်အေးနေခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်ကတော့ စိမ်းကြီးတစ်တင်းကျပ်၂၄၅၀၀၊ စိမ်းသေး တစ်တင်းကျပ် ၂၃၀၀၀ ဈေးပေါက်ပြီး တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ မတ်ပဲဈေးကွက်မှာ မတ်ပဲသစ်များ ဝင်လာကာ တစ်တင်းကျပ် ၂၉၀၀၀ဖြစ်ပြီး တစ်ရက်အိတ်၂၀၀ခန့်၊ထောပတ်ပဲ တစ်တင်း ကျပ်၁၅၀၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၂၆၅၀၀၊ ပဲယင်းတစ်တင်း ကျပ်၁၆၅၀၀၊ စားတော်ပဲ တစ်တင်းကျပ် ၂၈၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ်၂၆၅၀၀၊ပဲဖြူလေး တစ်တင်းကျပ်၁၆၀၀၀၊ပဲလွန်းပြာတစ်တင်းကျပ ၂၆၀၀၀အသီးသီးဈေးပေါက်ပြီး တစ်ရက်အိတ် ၁၀၀/၁၅၀ခန့်စီ ဒေသတွင်း ဝယ်လက်ရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင် သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ပြည်ပဲမျိုးစုံ ဈေးကွက်မှာ ဒီဇင်ဘာလဆန်းရက်မှစ၍ မတ်ပဲ၊ ပဲစင်းငုံ ဈေးဆက်လျော့ကျခဲ့ပြီး ပဲတီစိမ်း ဈေးငြိမ်ကာ အရောင်းအဝယ်သွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ နှစ်ကုန်ပိုင်းတွင် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ သီးနှံများ ဈေးဆက်လက်ကျဆင်းနေသလို ပဲတီစိမ်းသီးနှံဈေးကတော့ တက်ဈေးအတိုင်း ဈေးဆက်ငြိမ်နေပြီး အရောင်းအဝယ်လည်း သွက်နေတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ပြည်တွင်းဝယ်လက်ပဲတော်တော်များများကတော့ ဈေးငြိမ်လျက်ရှိကြကာ ကုလားပဲသီးနှံတစ်မျိုးသာ ဈေးအမြင့်ဆုံးနှင့် ပြည်ပဝယ်လက်ပဲများထက်လည်း ဈေးကောင်းပိုရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

မတ်ပဲသီးနှံနှင့် ပဲစင်းငုံသီးနှံ နှစ်မျိုးမှာ ပဲအဝင်မရှိခဲ့ဘဲ လက်ကျန်ပဲများသာ ရက်ခြားရောင်းဝယ်နေရတယ်လို့ သိရပါတယ်။ မတ်ပဲသီးနှံမှာ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲဖြစ်ခဲ့ပေမယ့် ယခင်နှစ်က ပဲဈေးနှုန်းများမြင့်တက်ခဲ့လို့ ဒီဇင်ဘာလကုန်ပိုင်းတွင် ပစ္စည်းလက်ကျန်မရှိတော့အောင်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ယခုနှစ်မှာတော့ ပဲဈေးအေးခဲ့လို့ လှောင်သူများလည်း ရောင်းချမှုနည်းကာ အရောင်းအဝယ်အေးခဲ့ခြင်း ဖြစ်ပါတယ်။ ပဲစင်းငုံသီးနှံမှာ တစ်တင်းကျပ် ၂၇၀၀၀ဖြင့် ရန်ကုန်ဝယ်လက်ရက်ခြားဝယ်ယူတဲ့အတွက် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။ ယခင်နှစ်ကတော့ ဒီဇင်ဘာလ ကုန်ပတ်မှာ ပဲစင်းငုံသစ်များ ဈေးကွက်သို့စတင်ဝင်ရောက်လာပြီး ပဲသစ် တစ်တင်း ကျပ်၄၉၅၀၀ ဖြင့် ဈေးဖွင့်ခဲ့လို့ ဈေးကောင်းရခဲ့ပေမယ့် ယခုနှစ်မှာတော့ ပဲဈေးနှုန်းများကျဆင်းနေတဲ့အတွက် ယခင်နှစ်ဈေးကိုတော့ ပဲသစ်ပေါ်ချိန်မှာလည်းမီမှာမဟုတ်ဘူးလို့ ခန့်မှန်းနေကြပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်သွက်နေတာကို တွေ့ရပြီး ပဲဈေးနှုန်းအနေဖြင့် အခြားပဲဈေးနှုန်းများ ကျဆင်းနေပေမယ့် ပဲတီစိမ်းသီးနှံမှာ ဈေးငြိမ်လျက်ရှိလို့ တစ်တင်းကျပ် ၂၉၀၀၀ ဖြင့် မန္တလေးလိုင်းသမားဝယ်လိုအားကောင်းခဲ့လို့ ဝင်ရောက်လာသမျှ အိတ် ၆၀၀/၇၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ပန်းတောင်း၊ ကံမမြို့နယ်နှင့် ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခဲ့တယ်လို့လည်း သိရပါတယ်။ ပဲတီစိမ်းသီးနှံဟာ ယခင်နှစ်က တစ်တင်း ကျပ် ၃၇၅၀၀ ရရှိလို့ မတ်ပဲ၊ ပဲစင်းငုံ သီးနှံများလောက် ဈေးမကောင်းသော်လည်း ယခုနှစ်မှာတော့ ပဲတီစိမ်းသီးနှံဟာ ပေါ်စချိန်မှစ၍ ဈေးအေးနေတဲ့အတွက် ယခုအချိန်မှာလည်း အခြားပဲများကဲ့သို့ ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်နဲ့သာ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ပဲအဝင်သိပ်မရှိတော့ဘဲ လက်ကျန်ပဲအချို့အား ပဲကြော်ဖိုသမားများ ဝယ်ယူမှုအပေါ် ရွှေကျွန်းအိတ် ၁၀၀/ ၁၅၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး (ကမ်းနား)ပဲမှာ အိတ် ၂၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ကြတာကြောင့် ကုလားပဲသီးနှံထက် အရောင်းအဝယ်ပိုဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲကြီးသီးနှံဈေးဟာလည်း ယခင်နှစ်ဈေးကို မမီဘဲ ယခုနှစ်အတွင်း အရောင်းအဝယ်ဖြစ်တဲ့ သီးနှံဖြစ်ခဲ့ကာ ယခင်နှစ်ကဆိုလျှင် ဒီဇင်ဘာလအတွင်းမှာ တစ်တင်းကျပ်သုံးသောင်းအထက်ရရှိခဲ့တယ်လို့လည်း သိရပါတယ်။

လက်လီပဲများထဲမှာ ထောပတ်ပဲသီးနှံဟာ တစ်တင်းကျပ် ၁၄၅၀၀ ဖြင့် ဈေးကွက်အတွင်းမှာ ဈေးအနိမ့်ဆုံးဖြစ်ခဲ့သလို ပဲဟောင်းလက်ကျန်အချို့ လက်လီသမား ဝယ်ယူမှုရှိလို့ အိတ်အနည်းငယ်ရောင်းချမှုရှိခဲ့ပါတယ်။ ပဲနီပြား သီးနှံကလည်း လက်လီသာအဝယ်ရှိပေမယ့် ယခုတစ်ပတ်မှာ ဈေးအနည်းငယ်တက်လာလို့ တစ်တင်းကျပ် ၂၂၀၀၀ ရရှိခဲ့ပြီး စားတော်ပဲသီးနှံအနေဖြင့် တစ်တင်း ကျပ် ၃၈၅၀၀ ဖြင့် ဈေးကောင်းဆက်ရသလို လက်လီသာ အဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည် မတ်ပဲဈေးကွက်ဈေးအေး အရောင်းအဝယ်အေး

ပြည်ပဲဈေးကွက်မှာ ဒီဇင်ဘာလဆန်းရက်အတွင်း ပြည်ပဝယ်လက်ရှိတဲ့ ပဲများအနက် မတ်ပဲသီးနှံမှာ အရောင်းအဝယ်ပါးသွားခဲ့တယ်လို့သိရပါတယ်။ ယခင်နှစ်ကာလတူက ဈေးကောင်းရနေပြီး လက်ကားသမားများလည်း အဝယ်လိုက်သလို ပဲရောင်းချသူများကလည်း လှောင်ပဲလက်ကျန်များ အားထုတ်ရောင်းချခဲ့ကြတဲ့အတွက် အရောင်းအဝယ်လည်းကောင်း၊ ဈေးလည်းကောင်းနေခဲ့ကာ မျိုးပဲဝယ်ယူမှုများလည်းရှိခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်မှာ ပဲဈေးနှုန်းက ယခင်နှစ်ရဲ့ ထက်ဝက်ခန့်လောက်သာရခဲ့ပြီး ရာသီဥတုအခြေ အနေပေါ် မူတည်ကာ စိုက်ပျိုးရတဲ့အတွက် မျိုးပဲဝယ်ယူမှုလည်း အေးနေခဲ့ပါတယ်။ ဒ့ါအပြင် ပဲဈေးမကောင်းလို့ရောင်းချသူလည်းနည်းတာကြောင့် ပဲအဝင်မရှိသလောက်ဖြစ်ကာ လက်ကျန်ပဲအနည်းငယ်သာ ရောင်းချခဲ့ကြကာ တစ်တင်းကျပ် ၃၅၀၀၀ မှ ၃၄၅၀၀ ကျပ်ခန့် ထပ်မံဈေးလျော့သွားကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ၂၀၁၆ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ပဲမျိုးစုံတန်ချိန် ၂၇ ဒသမ ၄၇သိန်းအထိ အိန္ဒိယနိုင်ငံ တင်သွင်း

အိန္ဒိယနိုင်ငံအနေနဲ့ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် ၂၀၁၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ပဲမျိုးစုံတန်ချိန် ၂၇ဒသမ ၄၈သိန်း အထိ တင်သွင်းခဲ့ရပါတယ်။ပုဂ္ဂလိကကဏ္ဍနဲ့ အစိုးရအေဂျင်စီတွေဘက်က ပဲမျိုးစုံ စုစုပေါင်းတန်ချိန် ၂၇၄၈၄၇၃ အထိ တင်သွင်းခဲ့ရတာဖြစ်ပြီး ယခင်ဘဏ္ဍာနှစ်ကတော့ ပဲမျိုးစုံ တန်ချိန် ၅၇ဒသမ ၉၇ သိန်းအထိ တင်သွင်းခဲ့ရတယ်လို့ အစားအသောက်နှင့် စားသုံးသူရေးရာ ပြည်နယ်ဝန်ကြီးCR Chaudharyက ထုတ်ပြန်တဲ့စာရင်းဇယားများအရ သိရပါတယ်။


အစိုးရအနေနဲ့ ပြည်တွင်းကနေ ဝယ်ယူမှုနဲ့ ပြည်ပကနေ တင်သွင်းမှုတွေ ပြုလုပ်ပြီး ပဲမျိုးစုံတန်ချိန် သိန်း၂၀ အထိ ကြားခံသိုလှောင်မှုအဖြစ်ထားရှိဖို့ အတည်ပြုခဲ့တယ်လို့ သိရပါတယ်။ အဲဒီလိုဝယ်ယူရာမှာလည်း ဈေးကွက်ပေါက်ဈေးက အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း (MSP) သတ်မှတ်ဈေးထက် မြင့်နေရင် ဈေးကွက်ပေါက်ဈေးနဲ့ ဝယ်ယူသွားမှာဖြစ်ပြီး MSP သတ်မှတ်ဈေးက ဈေးကွက်ပေါက်ဈေးထက် မြင့်နေရင် MSP ဈေးနဲ့ဝယ်ယူသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ကြားခံသိုလှောင်မှုအဖြစ်ထားရှိဖို့အတွက် အစိုးရအနေနဲ့ MMTC နဲ့ STC မှတစ်ဆင့် ပဲမျိုးစုံတန်ချိန် ၄ဒသမ ၀၆ သိန်းအထိ တင်သွင်းဖို့ စာချုပ်ချုပ်ဆိုခဲ့ပြီး ၈၁၉၈၅ တန်ကတော့ အိန္ဒိယနိုင်ငံကို ရောက်ရှိပြီးဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ မနှစ်က မိုးရရှိမှုနည်းပါးခဲ့တာကြောင့် ၂၀၁၅-၂၀၁၆သီးနှံနှစ် (ဇွန်-ဇူလိုင်)မှာ ပဲမျိုးစုံထုတ်လုပ်မှုဟာ တန်ချိန် ၁၆ဒသမ ၅သန်းအထိ ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ ယခုနှစ်မှာတော့ မုတ်သုံမိုး အားကောင်းတာကြောင့် အစိုးရအနေနဲ့ ပဲမျိုးစုံထုတ်လုပ်မှုကို တန်ချိန် ၂၀ဒသမ ၇၅သန်းအထိ ထုတ်လုပ်နိုင်ဖို့ လျာထားပါတယ်။ ဒါဟာလည်း မိုးရာသီပြီးဆုံးစ ရိတ်သိမ်းပြီးတဲ့အပေါ် တန်ချိန် ၈ဒသမ ၇သန်းထွက်ရှိဖို့ မှန်းထားပြီး ဆောင်းရာသီမှာ တန်ချိန် ၁၃ဒသမ ၅ သန်း ထုတ်လုပ်ဖို့ မျှော်မှန်းထားကြောင်း သတင်းရရှိပါတယ်။

**ကြယ်ပြာပန်း**
(MYANTRADE)

# မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာ ပထမပတ် ပဲဈေးကွက် ပဲအသစ်ရော အဟောင်းပါ ဈေးမြင့်တက်ပြီး အရောင်းအဝယ်သွက်လာ

မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာပထမပတ်ပဲဈေးကွက်မှာ အသစ်ပေါ် မိုးပဲတွေသာမက ပဲအဟောင်းတွေပါ တက်ဈေးရလာကြပြီး အရောင်းအဝယ်လည်း အနည်းငယ်သွက်လာတယ်လို့ သိရပါတယ်။ ပဲဟောင်းဈေးကွက်မှာ ကုလားပဲမျိုးစုံက အမြင့်ဆုံးဈေးဖြစ်ခဲ့ကာ V2 တစ်တင်းကျပ် ၄၉၇၀၀၊ ထိုင်ဝမ်တစ်တင်းကျပ် ၄၉၅၀၀ နဲ့ 929 တစ်တင်းကျပ် ၄၉၅၀၀ အသီးသီးပေါက်ခဲ့ပြီး မရှိမဖြစ် လုပ်ငန်းသုံးသမား အဝယ်ရှိလို့ တစ်ရက်အိတ် ၂၀၀ ဝန်းကျင် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။



စွန်တာနီ (အဟောင်း)က တစ်တင်း ကျပ် ၁၆၅၀၀နဲ့ ကျပ်၁၇၂၀၀ အကြား ဈေးငြိမ်ခဲ့သလို ပဲနီလုံးကြီးက တစ်တင်းကျပ် ၂၀၅၀၀၊ ပဲပုပ်စေ့က တစ်တင်း ကျပ် ၂၀၀၀၀ နဲ့ အသီးသီးဈေးမာခဲ့ကြတာတွေ့ရပါတယ်။ ထောပတ်ပဲနဲ့ ပဲယင်းတို့သာ တစ်တင်း ကျပ် ၁၄၈၀၀ နဲ့ ကျပ် ၁၆၅၀၀ အသီးသီး ဈေးအေးခဲ့ကာ လက်လီအရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ပဲသစ်မျိုးစုံဈေးကွက်မှာစိမ်းကြီးတစ်တင်း ကျပ်၂၄၅၀၀ မှ ကျပ် ၁၉၀၀၀ အထိကျဈေးဖြစ်ခဲ့ပြီး စိမ်းသေးအနေနဲ့ တစ်တင်း ကျပ် ၂၃၀၀၀ မှာ ဈေးငြိမ်နေခဲ့ပါတယ်။ မတ်ပဲဈေးကွက်မှာ အထွက်တိုး(ပဲအသစ်) တစ်တင်း ကျပ် ၂၉၀၀၀ အထိ ကျဆင်းခဲ့သလို ကုန်း(မတ်ပဲ) တစ်တင်းကျပ် ၃၄၅၀၀ အထိ ဈေးအေးခဲ့တာ တွေ့ရပါတယ်။ ပဲလွန်းပြာ(အသစ်)ကတော့ ကျပ် ၂၆၀၀၀ နဲ့ ဈေးမာခဲ့ပြီး မလွမ်းပိုကတစ်တင်း ကျပ် ၂၀၅၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၂၆၅၀၀နဲ့ မြေထောက်ပဲ တစ်တင်း ကျပ် ၂၅၅၀၀ အထိ အမြင့်ဆုံးဈေးရောက်ခဲ့တာ တွေ့ရပါတယ်။ ပြည်ပပို့ကုန် ပဲစင်းငုံကတော့ တစ်တင်း ကျပ်၂၆၁၀၀ အထိ အနိမ့်ဆုံးဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာတော့ မြေပဲလုံးဆန် ဆက်လက်ဈေးမြင့်လာခဲ့ရာ လုံးဆန်(နီ)မှာ တစ်ပိဿာ ၂၄၇၅ကျပ်၊ လုံးဆန်(ဖြူ) တစ်ပိဿာ (အဟောင်း) ကျပ် ၂၅၀၀ နဲ့ (အသစ်) ၂၆၇၅ ကျပ်အထိ ဈေးရလာကာ ဆီဆန်မှာ တစ်ပိဿာကျပ် ၂၀၀၀ အထိ တက်ဈေးဖြစ်ပေါ်ခဲ့ပြီး တစ်ရက် အိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာတော့ နှမ်းနက် တစ်တင်းကျပ် ၄၈၀၀၀၊ နှမ်းဖြူတစ်တင်း ၃၁၅၀၀ ကျပ်နဲ့ နှမ်းညိုတစ်တင်း ကျပ် ၂၃၀၀၀ အသီးသီးနဲ့ ဈေးပြန်မာလာတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ပြည်မြေပဲဆန် ဈေးဆက်လက်မြင့်တက်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆန်အသစ်ဈေး ဆက်လက်မြင့်တက်လာတာ တွေ့ရပါတယ်။ မြေပဲဆန်အသစ်များကို ရွှေတောင်၊ ဝက်ထီးကန်နဲ့ ပြည်မြို့အနီးတဝိုက်ရှိ ကျေးရွာများမှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့်ဝင်ရောက်လာတာ တွေ့ရပါတယ်။ ရန်ကုန်ဘက်မှ ဆီဆန်အသစ်နဲ့ လုံးဆန်အသစ်ကို အဝယ်ရှိသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ မြို့တွင်းဆီစက်များက မြေပဲဆန်အဟောင်းများကိုဝယ်ယူပြီးဆီကြိတ်နေတာဖြစ်ပေမယ့် မြေပဲဆီဈေးမတက်ဘဲဈေးငြိမ် နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၊ လုံးဆန်အသစ်တစ်ပိဿာလျှင် ကျပ် ၂၅၀၀နဲ့ လုံးဆန်အဟောင်း တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဖြင့် တစ်နေ့လျှင် မြေပဲဆန်အိတ် ၄၀၀ ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၂၀၀ ဖြင့်ဈေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

# ပြည်ဘိုကိတ်ပဲသစ်များ အဝင်ဆက်ရှိနေပေမယ့် ဈေးငြိမ်

ဒီဇင်ဘာလဆန်းရက်မှာ ပြည်ဈေးကွက်သို့ ဘိုကိတ် ပဲသစ်များ ပန်းတောင်း၊ ကံမမြို့နယ်များမှ အဝင်ဆက်ရှိခဲ့လို့ တစ်ရက်အိတ် ၅၀ ဝန်းကျင် ဝင်ရောက်ခဲ့ပြီး ဝယ်လက်အနေ ဖြင့် ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက် မြို့နယ်အချို့မှ ဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် လက်လီရော လက်ကားပါ အရောင်းအဝယ်ဖြစ်နေပြီး ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၅၀၀၀ ဖြင့် ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅ နှစ်ကုန်ပိုင်းမှာ ဘိုကိတ်ပဲသစ်ဈေးဟာ တစ်တင်းကျပ် သုံးသောင်းကျော် ရရှိခဲ့လို့ ဈေးကောင်းခဲ့သော်လည်း ယခုနှစ်မှာတော့ ယခင်နှစ်ပဲသစ်ဈေးကို မမီဘဲ ဈေးလျော့နေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**



# ပြည်ပဲလွန်းဖြူသစ် ဈေးငြိမ်နေလို့ ယခင်နှစ်ထက်ဈေးလျော့

ယခုတစ်ပတ်ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်း၊ ဘိုကိတ်၊ ပဲလွန်းဖြူစသည်ဖြင့် ဝင်ရောက်လျက်ရှိရာ ပဲလွန်းဖြူသီးနှံမှာ ရွှေတောင်၊ ပန်းတောင်းနဲ့ အောင်လံဘက်မှ ဝင်ရောက်ခဲ့သော်လည်း အိတ်အနည်းငယ်သာဝင်ရောက်ခဲ့လို့ပဲတီစိမ်း၊ ဘိုကိတ် စသည့်ပဲများလောက် အဝင်မများဘဲ အဝင်ပါးနေတယ်လို့ သိရပါတယ်။

ဒါကြောင့် ပဲဈေးနှုန်းမှာလည်း ဈေးငြိမ်ကာ တစ်တင်းကျပ် ၂၁၀၀၀ ဖြင့်သာ လဆန်းရက်က ဈေးအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ယခင်နှစ်ဒီဇင်ဘာလ ပထမပတ်အတွင်း ရရှိခဲ့တဲ့ ဈေးနှုန်းထက်လည်း လျော့နည်းနေခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ် နှစ်ကုန်ပိုင်းတွင် ပဲဈေးအားလုံးလိုလို ဈေးကောင်းရခဲ့လို့ ပဲလွန်းဖြူသီးနှံဈေးကလည်း တစ်တင်းကျပ် သုံးသောင်းကျော်ရရှိခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

# ပြည်ကုလားပဲဈေးမြင့်တက်လာသော်လည်း လက်ကျန်နည်းလို့ အရောင်းအဝယ်အေး

ပြည်ပဲဈေးကွက်မှာ လက်ကျန်ပဲသာရှိခဲ့ပြီး ပဲအဝင်မရှိသလောက်ဖြစ်ခဲ့တဲ့ ကုလားပဲသီးနှံဟာ နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ခွဲစက်သမားတွေကရက်ခြားသာ အဝယ်ရှိလို့ အိတ် ၅၀ ကျော်လောက်သာ ရောင်းချမှုရှိခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ်အတွင်း ကုလားပဲသီးနှံဈေးက ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံတို့ထက်ပင် ဈေးနှုန်းစံချိန်တင်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

ပဲတစ်တင်းလျှင် ကျပ် ၄၈၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက်လည်း ထပ်မံဈေးမြင့်တက်လာခဲ့ပါတယ်။ ယခင်နှစ်က နှစ်ကုန်အတွင်း တစ်တင်းကျပ် ၃၅၀၀၀ ရရှိခဲ့ပြီး ယခုနှစ်မှာတော့ ပဲဈေးနှုန်းက တစ်ပတ်ထက်တစ်ပတ် ဈေးပိုရလာတာကြောင့် နှစ်ကုန်တွင် ကျပ်ငါးသောင်းထက်ပင် ပိုရလာလိမ့်မယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်း လက်ကျန်နည်းလာပြီဖြစ်လို့ ဈေးကောင်းပေမယ့် အရောင်းအဝယ်မသွက်တော့ဘူးလို့ သိရပါတယ်။


**ခင်ဆွေဝင်း**

# ပြည်ပမှ ပဲပုပ်တင်သွင်းမှုအတွက် ထိုင်းနိုင်ငံတွင် အခွန်ကင်းလွတ်ခွင့်ပေးမည်

ထိုင်းနိုင်ငံသည် ပြည်တွင်း၌ပဲပုပ်စားသုံးမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ပြည်ပမှပဲပုပ်တင်သွင်းမှုအား အခွန်ကင်းလွတ်ခွင့် သုံးနှစ်ပေးရန် အစိုးရအဖွဲ့က အတည်ပြုခဲ့ပါသည်။

ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သည့် ပဲပုပ်၏ဈေးနှုန်းကို လက်ရှိပေါက်ဈေးထက် နှစ်ဘတ်နှုန်းတိုးမြှင့်၍ စားသုံးဆီထုတ်လုပ်မှုအတွက် ပြည်တွင်းပဲပုပ်တစ်ကီလိုဂရမ်လျှင် ၁၇ ဒသမ ၅ ဘတ်နှုန်း၊ တိရစ္ဆာန်အစားအစာ ထုတ်လုပ်မှုအတွက် တစ်ကီလိုဂရမ်လျှင် ၁၅ ဒသမ ၇၅ ဘတ်နှုန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုအတွက် ၁၉ ဒသမ ၇၅ ဘတ်နှုန်းစသည်ဖြင့် သတ်မှတ်ခဲ့ပါသည်။

ယခုကဲ့သို့ ဟင်းသီးဟင်းရွက်ဆီကော်မတီမှ ပဲပုပ်၏ဈေးနှုန်းကို တိုးမြှင့်သတ်မှတ်ပေးခြင်းသည် ပြည်တွင်းပဲပုပ်ထုတ်လုပ်မှု တိုးတက်လာစေရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏ ပြည်တွင်းပဲပုပ်ထုတ်လုပ်မှုမှာ တစ်နှစ်လျှင် တန်ချိန် ၆၀၀၀၀ ခန့်သာ ထုတ်လုပ်နိုင်သဖြင့် ပြည်တွင်းဈေးကွက်မှာ လိုအပ်တဲ့ ပဲပုပ်တန် ချိန် နှစ်သန်းခန့်ကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း တွေ့ရှိရပါသည်။



ပဲပုပ်ဈေးနှုန်း မြင့်တက်လာသဖြင့် စပါးရိတ်သိမ်းပြီးနောက်တွင် ပဲပုပ်စိုက်ပျိုးမှု မြင့်တက်လာနိုင်ကြောင်း၊ ပဲပုပ်တောင်သူများအား အတိုးနှုန်းသုည ဒသမ ဝ၁ ရာခိုင်နှုန်းဖြင့် ချေးငွေထောက်ပံ့ပေးမည်ဖြစ် ကြောင်း၊ ပြည်တွင်းပဲပုပ်ထုတ်လုပ်မှုသည် လွန်ခဲ့သည့်နှစ် အနည်းငယ်ကတည်းက ကျဆင်းခဲ့ကြောင်း၊ ပဲပုပ်စိုက်ပျိုးမှု အကျိုးအမြတ်သည် ပြောင်းနှင့်နွေစပါးစိုက်ပျိုးမှု အကျိုးအမြတ်ထက် နိမ့်ကျကြောင်း၊ ထွက်နှုန်းမြင့် ပဲပုပ်မျိုးစေ့ကို လုံလောက်အောင် မရရှိ ခဲ့ကြောင်း၊ ပြည်တွင်းပဲပုပ်ဝယ်လို အား မြင့်တက်လျက်ရှိရာ ပြည်ပမှ ပဲပုပ်တင်သွင်းမှုသည် ဆက်လက်၍ မြင့်တက်လာနိုင်ကြောင်း စိုက်ပျိုးရေးဘောဂဗေဒရုံး၏ အထွေထွေအတွင်းရေးမှူးချုပ် Ms.Jariya က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ကြက်သွန်

# ကြက်သွန်နီ လျော့နည်းတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၂၆ရက်မှ ဒီဇင်ဘာ ၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၁၈၄၈ တန်ဖိုးရှိကြက်သွန်နီ ၂၄၂တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မြဝတီမှ ၂၀၂ တန်ကျော်နဲ့ တာချီလိတ်မှ တန် ၄၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ ၁၇၆ တန်နဲ့ တာချီလိတ်မှ တန် ၈၀ စုစုပေါင်း ၂၅၆တန် တင်ပို့နိုင်တဲ့အတွက် ယခုတစ်ပတ် ကြက်သွန်နီ တင်ပို့မှု ၁၄ တန်ခန့်လျော့နည်းခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတင်ပို့မှုမှာယခင်တစ်ပတ်က ကြက်သွန်နီ အပို့မရှိဘဲ ယခုတစ်ပတ် အမေရိကန် ဒေါ်လာ ၅၃၇ တန်ဖိုးရှိ ကြက်သွန်နီ ၂တန်ခွဲ တင်ပို့ခဲ့တာ တွေ့ရပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းများမှလည်း အမေရိကန် ဒေါ်လာ ၁၈၀၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ ၁၀တန် တင်ပို့ခဲ့ပါတယ်။

နိုဝင်ဘာ တစ်လလုံးအနေနဲ့ မြဝတီမှ ကြက်သွန်နီ တန် ၁၀၀၀၊ မူဆယ်မှ တန်၃၅၀နဲ့ တာချီလိတ်မှတန်၄၇၀ တင်ပို့ နိုင်ခဲ့ပြီး ကြက်သွန်ဖြူကိုတော့ တာချီလိတ်စခန်းတစ်ခုတည်းကသာ ၁၀တန် တင်ပို့ခဲ့တာကို သိရပါတယ်။ **မော်မော်အောင်**

# ပြည်ကြက်သွန်နီ အဝင်နည်းပေမယ့် ဈေးနှုန်းငြိမ်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်အတွင်း ကြက်သွန်နီဝင်ရောက်မှု သိသိသာသာ နည်းသွားကြောင်းသိရပါတယ်။ ကျောက်ပန်းတောင်းနယ်ဘက်တွင် ကြက်သွန်နီအသစ်များ ပေါ်နေပြီဖြစ်သဖြင့် ဈေးနှုန်းများ ကျဆင်းလာနိုင်သည့်အတွက် ဝယ်ယူသိုလှောင်ပြီး လက်လီပြန်လည်ရောင်းချ သည့် အိတ်ဆွဲသမားများက အဆွဲနည်းသွားသောကြောင့် ဝင်ရောက်မှုနည်းသွားရခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦး၏ပြောကြားချက်အရ သိရပါတယ်။ အဝင်နည်းသွားသလို အရောင်းအဝယ်မှာလည်း ပုံမှန်ခပ်အေးအေးသာ ဖြစ် နေပါတယ်။ ပွဲရုံများ၌ ဒေသတွင်းပုံမှန် လက်ကား ဝယ်လက်များနဲ့ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ စားသုံးရန်အဖြစ် တင်ပို့မှုအပါအဝင် တစ်ရက်ကို ပျမ်းမျှ ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့်နှင့် အရောင်းအဝယ်မှာ အေးနေသေးကြောင်းသိရပါတယ်။

ဈေးနှုန်းအနေနဲ့ သန့်စင်ပြီး လက္ကားတစ်ပိဿာလျှင် (ကြီး) ကျပ် ၁၀၀၀-၁၁၀၀၊ (လတ်) ကျပ် ၈၅၀-၉၅၀၊ (သေး) ကျပ် ၆၀၀-၇၀၀ တို့နှင့် ရောင်းဝယ်လျက်ရှိနေပြီး လက်လီ ဈေးလေးများတွင် (ရှယ်သန့်) ကျပ် ၁၄၀၀၊ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၀၀၀-၁၂၀၀၊ (သေး) ကျပ် ၉၀၀ တို့နှင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ ဈေးနှုန်းမှာယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲရှိနေပြီး ယခုရောင်းချလျက်ရှိတဲ့ ဈေးနှုန်းမှာ ဝယ်ယူသူရော ရောင်းချသူပါ၊ စားသုံးသူရော ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူပါ သင့်တင့်မျှတတဲ့ဈေးနှုန်းအဖြစ်ရှိနေကြောင်း ဈေးကွက်မှာစုံစမ်းလေ့လာ သိရှိရပါတယ်။ **ဝင်းလဲ့ဝါ (ပြည်)**

# မုံရွာကြက်သွန်နီဈေး အနည်းငယ်မြင့်တက်လာပြီး အရောင်းအဝယ်ပုံမှန်ရှိ



ဒီဇင်ဘာပထမပတ်မှာ မုံရွာပဲရုံ စားဖိုဆောင်သီးနှံ ရောင်းဝယ်ရေးတွင် ကြက်သွန်နီအရောင်းအဝယ်ပုံမှန်လည်ပတ်လျက်ရှိကြောင်းသိရှိရပါတယ်။ယခုတစ်ပတ်ကြက်သွန်နီပွဲရုံဈေးနှုန်းမှာ တစ်ပိဿာ(ကြီး)ကျပ် ၆၀၀၊ (လတ်)ကျပ် ၅၀၀၊ (သေး) ကျပ်၄၀၀ရှိပြီး လက်လီဈေးနှုန်းမှာတစ်ပိဿာ(ကြီး)ကျပ်၁၀၀၀၊(လတ်)၈၀၀၊(သေး) ကျပ် ၆၀၀ နှုန်းပေါက်ပြီး နိုဝင်ဘာလပွဲရုံဈေးနှုန်းမှာ တစ်ပိဿာ(ကြီး)ကျပ် ၁၀၀၀၊ (လတ်) ကျပ်၈၀၀၊ (သေး) ကျပ် ၆၀၀ ဖြစ်ပြီး လက်လီဈေးနှုန်း မှာ တစ်ပိဿာ(ကြီး) ကျပ်၁၃၀၀၊ (လတ်)ကျပ်၁၀၀၀၊ (သေး)ကျပ် ၈၀၀နဲ့အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပျမ်းမျှတစ်ပိဿာဈေးနှုန်း၃၀၀ကျော်၄၀၀ခန့်ကျဆင်းသွားကြောင်းသိရပါတယ်။ မုံရွာပွဲရုံများသို့ ကြက်သွန်နီဝင်ရောက်မှုမှာ မုံရွာ၊ ယင်းမာပင်မြို့နယ်များမှတစ်ရက် ပိဿာ ၃၀ ဝင် အိတ် ၅၀၀ ခန့် ပုံမှန်အဝင်ရှိနေပြီး ရန်ကုန်ဝယ်လက်အဆွဲနှင့် ဒေသတွင်းလက်လီပြန်လည်ရောင်းချသူများနဲ့ တစ်ပတ်လျှင် ပိဿာတစ်သိန်းဝန်းကျင်ခန့် အရောင်းအဝယ်ပုံမှန် ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ ဈေးနှုန်းမှာ(ပွဲရုံ)လက်ကားဈေး (ဗမာ) တစ်ပိဿာ ကျပ် ၅၀၀၀၊ (ကြူကုတ်) ကျပ် ၄၅၀၀၊ လက်လီ ဈေးနှုန်းမှာ တစ်ပိဿာ (ဗမာ) ကျပ် ၅၅၀၀၊ (ကြူကုတ်) ကျပ် ၅၀၀၀ဖြစ်ပြီး ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်တက်ပြီး တစ်ရက်အိတ် ၁၅၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရပါတယ်။ **ကြည်ကြည်နွယ် (မုံရွာ)**

## ချင်း

# ချင်းရင့်ချိန်ဖြစ်လို့ ပြည်ချင်းဈေးကွက် လှောင်လက်တို့ အဝယ်သွက်

ယခုအချိန်ဟာ အောင်ပန်းချင်းများ အရင့်ဆုံးအချိန်ဖြစ်ပြီး သိုလှောင်အထား ခံတဲ့အတွက် ပြည်ချင်းဈေးကွက်ရှိ ချင်းရောင်းဝယ်သူများအနေနဲ့ ပိုမိုမှာယူခြင်းကြောင့်အဝင်လည်းများလာတာ တွေ့ရပါတယ်။ ယခင်က တစ်နေ့ကိုပိဿာချိန် ၃၀ ဝင် အိတ် ၁၅၀ ခန့် အထိသာဝင်ပြီး ယခုတစ်ပတ်မှာ အိတ် ၃၀၀ အထိအဝင်ရှိလာတယ်လို့ သိရပါတယ်။ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ခန့် တင်ပို့ကြောင်းသိရပါတယ်။

ချင်းဈေးမှာ ယခင်တစ်ပတ်အတိုင်း လက်ကားဈေး ကျပ် ၄၀၀၊ ကျပ်၅၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၆၀၀၊ ကျပ် ၉၀၀ ဖြင့် ပုံမှန်ဈေးရှိကြောင်းသိရပါတယ်။ **ဝင်းဝင်းခိုင်**

# တောင်သူတို့ ဈေးကောင်းစောင့်လို့ ချင်းအဝင်နည်း

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းအဝင်နည်းလာပါတယ်။ တောင်သူတွေကလည်း ဈေးကောင်းကို စောင့်နေတာကြောင့် ဈေးကွက်မှာ အဝင်နည်းတာလို့ သိရပါတယ်။ တစ်ပတ်ကို ပိဿာချိန် ကိုးထောင်မှ တစ်သောင်းခန့်သာ အဝင်ရှိတယ်လို့လည်း ချင်းပွဲရုံမှ သိရပါတယ်။ အဝင် နည်းပေမယ့် ပုံမှန်ဝယ်လက်တွေရှိတာကြောင့် ရောင်းအားကောင်းလာတယ်လို့ သိရပါတယ်။ လက်လီ ဝယ်လက်တွေ ဖြစ်တဲ့ တပ်ကုန်း နေပြည်တော်၊ မန္တလေး၊ ပြည်၊ မုံရွာက အဝယ်ရှိနေလို့ တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန်ပေါင်း ငါးသောင်း၊ ခြောက်သောင်းခန့် အရောင်းအဝယ် ဖြစ်နေတယ်လို့လည်း ဆိုပါတယ်။ အဝင်နည်းပြီး အရောင်းသွက်လာတာကြောင့် ဈေးကလည်း အနည်းငယ် တက်လာပါတယ်။ ဒီဇင်ဘာလအကုန် ဇန်နဝါရီလမှာတော့ အဝင်လှိုင်လာနိုင်တယ်လို့လည်း သိရပါတယ်။ ချင်းတက်သစ်တွေရဲ့ ဒီတစ်ပတ် ဈေးကတော့ တစ်ပိဿာကို ကျပ် ၃၅၀မှ ကျပ် ၄၀၀ ဈေးရှိပါတယ်။ချင်းခြောက်ကတော့ လောလောဆယ် အရောင်းအဝယ်ပါးနေပါတယ်။ ချင်းခြောက်က အရောင်းအဝယ် ပါးနေသလို ပြုလုပ်မှုကလည်း နည်းလာပါတယ်။ ယခင်နှစ် လက်ကျန် ချင်းတွေကိုသာ အရောင်းအဝယ် ပြုလုပ်နေရပြီး တစ်ပိဿာ ပေါက်ဈေးက ကျပ် ၁၅၀၀ မှ ကျပ် ၁၆၀၀ ဈေးရှိတယ်လို့လည်း အောင်ပန်းဈေးကွက်က သိရှိရပါတယ်။

**ဇေခိုင် (တောင်ကြီး)**

# ပြည်ကြက်သွန်ဖြူဈေးကွက် အတက်ဈေးနဲ့ငြိမ်နေ

ယခုဒီဇင်ဘာ (ဒုတိယပတ်) ကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူ အိတ်တွေအရှယ်စုံ ဝင်ရောက်နေပါတယ်။ ဈေးနှုန်းကလည်း အမြင့်ဘက်ဆုံးမှာရောက်နေပါတယ်။ကုန်စည်သယ်ယူမှုပေါ်မှာ မူတည်ပြီးဈေးဆက်တက်နိုင်တယ်လို့ ကြက်သွန်ဖြူရောင်းဝယ်ရေးပိုင်ရှင်တစ်ဦးက ပြောပါတယ်။ ရှမ်းပြည်နယ် ကထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကျိုင်းတုံ၊ တာချီလိတ်နဲ့ ထိုင်းနိုင်ငံတို့က အဝယ်များတာကြောင့် ပြည်တွင်းဈေးကွက်မှာလည်း ဈေးမြင့်လာခြင်းဖြစ်ပါတယ်။ ယခု တစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းတွေက ပွဲရုံတစ်ပိဿာဈေး(ရှမ်းစ) ကျပ် ၄၅၀၀၊ကျပ် ၅၂၀၀ (ကြူကုတ်စ) ၇တက်ကျပ် ၅၂၀၀ တို့ဖြစ်ပြီးလက်လီဈေးကွက်မှာ တော့ (ရှမ်းစ) ကျပ် ၅၂၀၀နှင့်ကျပ် ၅၈၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်ကြပြီး (ကြူကုတ်စ)ကတော့ ကျပ် ၅၆၀၀ဈေးဖြင့် ဈေးကျတာမဟုတ်ဘဲ အရောင်းအဝယ် ပေါ်မူတည်ပြီး လက်လီရောင်းချနေတာဖြစ်ပါတယ်။ တစ်ပတ်အတွင်း ပွဲရုံများမှာ ကြက်သွန်ဖြူအိတ် ၉၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ **နီနီဝင်း**

# မူဆယ်မှရော စစ်တွေမှပါ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှနိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ၂၁၈၆၂တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) တန် ၃၀ ကျော်တင်ပို့ခဲ့သည့်အပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၄၈၀၀ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) သုံးတန်တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း မူဆယ်မှတရုတ်နိုင်ငံသို့နနွင်းတက်တန် ၁၀၀ ကျော်၊ မြဝတီမှ ထိုင်းနိုင်ငံသို့ ၁၄ တန်ခွဲနဲ့ စစ်တွေမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သုံးတန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

## နနွင်း

# နိုဝင်ဘာလအတွင်း နနွင်းတန်ချိန် ၅၀၀ကျော်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှနိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း နနွင်း ၅၂၃ ဒသမ ၀၅တန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံများမှာစင်ကာပူ၊ မလေးရှားနဲ့ အိန္ဒိယနိုင်ငံတို့ဖြစ်ပါတယ်။ အောက်တိုဘာလအတွင်း တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန်၁၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၅၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၈၉၄၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

# နနွင်းထိပ်စတွေသာ အရောင်းသွက်နေ

ရှမ်းပြည်နယ် တောင်ပိုင်းမှ အများဆုံးထွက်တဲ့ နနွင်းသီးနှံကို မေလမှာစပြီး စိုက်ကြတာကြောင့် ရိတ်သိမ်းသည့် ကာလအထိ သက်တမ်းခုနစ်လအကြာ ဒီဇင်ဘာမှာ စပြီး ဖော်ကြပါတယ်။ သက်တမ်းက ကိုးလအထိ ထားလို့လည်းရပါတယ်။ နနွင်းအစိုရဲ့ သက်တမ်းကတော့ ငါးလခန့်ရှိပြီး၊ နနွင်းတက်ကို ပြုပြင်ပြီး အခြောက်ခံထားရင် တစ်နှစ်အထိထားလို့ ရပါတယ်။ ရှမ်းနနွင်းတွေကို ဒီဇင်ဘာမှမတ်လကုန်အထိ တူးဖော်နိုင်တယ်လို့ သိရပါတယ်။ အခုလမှစပြီး ဖော်ရမှာ ဖြစ်တာကြောင့် နနွင်းက အစိုအတိုင်းသာရှိပြီး အရောင်းအဝယ်လုပ်ဖို့အတွက် အရင်နှစ် လက်ကျန်အဟောင်းတွေကိုသာ ပြုလုပ်နေရပါတယ်။ ၂၀၁၆ခုနှစ်မှာ နနွင်းကို ဝယ်လက်တွေက အကောင်းဆုံး ထိပ်စတွေကိုပိုပြီးဝယ်ယူကြပါတယ်။ ထိပ်စဖြစ်တဲ့ ဆင်တောင်နနွင်းကို အဓိကဝယ်ယူပြီး ဒုတိယ အကောင်းဆုံးဖြစ်တဲ့တောင်ပို့လစနဲ့ ဟိုပုံးနနွင်းကိုလည်း အများဆုံးဝယ်ယူကြပါတယ်။ အခုနှစ်ကုန်ခါနီးမှာတောင်ပို့လစတွေက လက်ကျန်တောင် သိပ်ပြီးမရှိတော့ပါဘူး။ ဈေးကလည်း ဆင်တောင်နနွင်းနဲ့အတူ ကျပ် ၂၅၀၀ နဲ့ ကျပ် ၂၆၀၀အထိပေးပြီး အဝယ်လိုက်လာတယ်လို့ သိရပါတယ်။ စားသုံးသူ အသိပညာပေးရေးဟောပြောပွဲတွေကြောင့် စားသုံးသူတွေကလည်း စားသောက်မှုမှာ ပုံစံပြောင်းလာပါတယ်။ ပိုက်ဆံရှိသူတွေကတော့ ကျန်းမာရေးကောင်းမွန်ဖို့အတွက် ကောင်းမွန်တဲ့ အစားအသောက်တွေကိုသာ စားသုံးလာကြပါတယ်။ နနွင်းကလည်း ဟင်းချက်ရာမှာ မပါမဖြစ် အသုံးပြုရတာကြောင့် အကောင်းကြိုက်သူများက ထိပ်စဖြစ်တဲ့ ဆင်တောင်နနွင်း (ဒါမှမဟုတ်) ဒုတိယ အကောင်းဆုံးဖြစ်တဲ့ တောင်ပို့ နနွင်းနဲ့ ဟိုပုံးနနွင်းကို အမှုန့်ကြိတ်ဖို့အတွက် မှာယူပြီး စားသုံးကြသလို ဆေးအဖြစ်လည်း စားသုံးလာတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီနှစ်မှာ (ထိပ်စ) နနွင်းတွေက အကုန်မြန်ပြီး (ညံ့စ)တွေသာ ဈေးကွက်မှာ ကျန်ရှိတယ်လို့လည်း ဈေးကွက်ကသိရှိရပါတယ်။ အသစ်တွေကတော့ သိပ်ပြီးမဖော်ဖြစ်ကြသေးဘူးလို့လည်းဆိုပါတယ်။ အသစ်ကိုပြုတ်ခြောက် လုပ်ပြီးမှသာ ဈေးကွက်ကို ဝင်ရမှာဖြစ်လို့ ဖော်ပြီးလှန်းဖို့အတွက် ခြောက်သွေ့တဲ့ အချိန်ကို စောင့်နေရတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာနနွင်းခြောက်ဆင်တောင်နနွင်း အကောင်းစား ကျပ်၂၅၀၀ ရှိပြီး ဒုတိယအဆင့်ရှိတဲ့ဆင်တောင်နနွင်းက ကျပ် ၁၆၀၀ ၊ ကျပ် ၁၇၀၀ နဲ့ တောင်ပို့လစက ကျပ် ၂၅၀၀ နဲ့ ကျပ် ၂၆၀၀ ဈေးရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

# ဒေါ်လာဈေးတက်တာ ကားတွေအများကြီးသွင်းနေလို့လား၊ ကားတင်သွင်းတာက မတိုးတဲ့အပြင် လျော့တောင်လျော့နေပါတယ်

## ကုန်သွယ်မှုသင်တန်းကျောင်းမှ သင်ကြားရေးတာဝန်ခံ ဦးသိန်းမြင့်ဝေနှင့်တွေ့ဆုံခြင်း

ရန်ကုန်တွင် ယာဉ်ကြောကျပ်တည်းခြင်း၊ အမေရိကန်ဒေါ်လာဈေးနှုန်းမြင့်တက်နေခြင်းနှင့် ကုန်ဈေးနှုန်း မြင့်တက်နေခြင်းတို့သည် ပြည်ပမှ ကားများ ပိုမိုတင်သွင်းနေသောကြောင့် ဖြစ်သည်ဟူ၍ ထင်မြင်ယူဆနေကြပါသည်။ ဤအခြေအနေနှင့် ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ သင်ကြားရေးတာဝန်ခံဆရာ ဦးသိန်းမြင့်ဝေနှင့် Commerce Journal တို့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပုံများကို တင်ပြထားပါသည်။

**မေး။ ။ကားတင်သွင်းမှုတွေများနေတယ်လို့ ပြောနေကြတဲ့အပေါ်မှာ ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။ ကားတင်သွင်းမှုအလားအလာနဲ့ ပတ်သက်ပြီးလည်း သုံးသပ်ပေးစေချင်ပါတယ်။**

ဖြေ။ ။အပြင်မှာ ကားတင်သွင်းမှုတွေများနေတယ်။ လိုအပ်တာထက်ပိုပြီး တင်သွင်းခွင့်ပြုနေတယ်။ အရင်နှစ်တွေကထက်တောင် ပိုပြီးတင်သွင်းနေတယ်ဆိုပြီးပြောနေသံတွေကြားရပါတယ်။ ဒီလိုပြောနေကြတာ၊ ဒီလိုထင်နေကြတာဟာ မှားနေပါတယ်လို့ ပထမဆုံးဆွေးနွေးပြောကြားလိုပါတယ်။ ကျွန်တော်တို့ဌာနက ပါမစ်ထုတ်ပေးတဲ့စာရင်းဇယားတွေအရ ၂၀၁၅-၂၀၁၆ ခုနှစ်နဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်တွေရဲ့ကားတင်သွင်းမှုကို နှိုင်းယှဉ်မယ်ဆိုရင် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကားတင်သွင်းမှုဟာ ၆၄ ရာခိုင်နှုန်းလောက် ကျဆင်းခဲ့လို့ပါပဲ။

**မေး။ ။ရာခိုင်နှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်းဆိုတော့ တော်တော်လေး တန့်သွားတာတွေ့ရပါတယ်။ အရေအတွက်အနေနဲ့ ကြည့်ရင်ရော ဆရာ။**

ဖြေ။ ။ဟုတ်ကဲ့။ ကားတင်သွင်းတဲ့အရေအတွက်ကို ကြည့်မယ်ဆိုရင်လည်း အစီးရေ ငါးသောင်းကျော်လျော့နည်းသွားတာကို တွေ့မြင်နိုင်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အစီးရေ တစ်သိန်းခွဲကျော် တင်သွင်းခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆မှာတော့ အစီးရေ တစ်သိန်းလောက်ပဲ တင်သွင်းခဲ့ပါတယ်။ ဒါကြောင့် ကားတင်သွင်းတာ အစီးရေ ငါးသောင်းကျော်လျော့နည်းသွားပါတယ်။

**မေး။ ။ဟုတ်ကဲ့ဆရာ။ အခုရောက်ရှိနေတဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နဲ့ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွေကို နှိုင်းယှဉ်ကြည့်ရင်ရော ကားတင်သွင်းမှုပိုပြီး တိုးလာစရာရှိပါသလား။**

ဖြေ။ ။အခု ၂၀၁၆-၂၀၁၇ ခုနှစ်မှာလည်း ကားတင်သွင်းမှု မတိုးတဲ့အပြင် ထပ်ပြီးတောင်လျော့ဦးမှာပါ။ ရာခိုင်နှုန်းအားဖြင့် ၇၀ ရာခိုင်နှုန်းကျော်လျော့သွားမှာပါ။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကားစီးရေ တစ်သိန်းလောက် တင်သွင်းခဲ့ရာကနေ ၂၀၁၆-၂၀၁၇ မှာ ကားစီးရေ ခုနစ်သောင်းခွဲလောက်ပဲ တင်သွင်းနိုင်ပါတယ်။ ပထမနှစ်ဝက်ချင်း နှိုင်းယှဉ်ကြည့်လို့လည်းရပါတယ်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ရဲ့ ပထမနှစ်ဝက်မှာ အစီးရေ ငါးသောင်းကျော် တင်သွင်းခဲ့ပြီး ၂၀၁၆-၂၀၁၇ ပထမနှစ်ဝက်မှာ ကားစီးရေ သုံးသောင်းခွဲကျော် တင်သွင်းထားပါတယ်။ ဒါ့ကြောင့် ကားတင်သွင်းမှုဟာ မတိုးတဲ့အပြင် ထပ်ပြီးတော့တောင်မှ လျော့သွားဦးမှာပါ။ ကားတင်သွင်းတာကို တန်ဖိုးအနေနဲ့ကြည့်ရင်လည်း သိသိသာသာ လျော့သွားတာတွေ့ရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ သန်း၁၂၀၀ ကျော်ဖိုးတင်သွင်းခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ မှာတော့ ဒေါ်လာသန်း ၈၀၀ကျော်ဖိုးပဲ တင်သွင်းခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဒေါ်လာသန်းပေါင်း ၅၈၀ လောက်ပဲရှိတော့မှာပါ။ တော်တော်လေး ကျဆင်းသွားတာတွေ့ရပါတယ်။

**မေး။ ။၂၀၁၇ ခုနှစ်ရဲ့ကားတင်သွင်းမှု အခြေအနေကိုလည်းခန့်မှန်းဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ။၂၀၁၇ခုနှစ် ဇန်နဝါရီ ၁ရက်ကစပြီး Model Year သတ်မှတ်ချက်အသစ်တွေနဲ့ တင်သွင်းရပါတော့မယ်။ ယာဉ်အိုယာဉ်ဟောင်းဆိုရင် အရင်က၁၀နှစ်အတွင်း ထုတ်လုပ်ထားတဲ့ကားဆို တင်သွင်းလို့ရတယ်။အခုမရတော့ဘူး။ ၆ နှစ်အတွင်း ထုတ်လုပ်တဲ့ကားမှ သွင်းလို့ရတော့မယ်။ နောက်တစ်ခုက လူတစ်ဦးချင်း Individual တင်သွင်းတာကိုတော့ ငါးနှစ်တွင်း ထုတ်လုပ်တဲ့ကားကနေ သုံးနှစ်အတွင်း ထုတ်တဲ့ကားကို တင်သွင်းခွင့်ပြုထားပါတယ်။ဒါ့အပြင် လူတစ်ဦးချင်း တင်သွင်းမယ်ဆိုရင် ဘယ်မောင်းဖြစ်ရပါမယ်။ ဒီလိုတွေကန့်သတ်လိုက်တော့ ကားအဝင်နည်းသွားမှာဖြစ်ပါတယ်။

**မေး။ ။အဲဒီလိုတွေ ကန့်သတ်လိုက်တဲ့အတွက် ကားအဝင်နည်းသွားတာတော့ ဟုတ်ပါပြီဆရာ။ ကားဈေးကွက်ထဲမှာ ကားဈေးတွေ တက်မလာနိုင်ဘူးလား။**

ဖြေ။ ။ဆရာ့အမြင်ပြောရရင် အခုအချိန်ဟာ ကားဈေးနှုန်းကို အဓိကထားရမယ့် အချိန်လို့ မမြင်ဘူး။ အရည်အသွေးကို ဦးစားပေးရမယ့်အချိန်လို့ထင်ပါတယ်။ Model Year ကို မြှင့်လိုက်တဲ့အတွက် (ဂျပန်ကားမဟုတ်ခဲ့ရင်တောင်မှ) အရည်အသွေးဟာ စိတ်ချရတဲ့အနေအထားဖြစ်နေပါပြီ။နောက်တစ်ချက်အရေးကြီးတာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရှိနေပြီ။ နောက်ထပ်လည်း ဝင်လာစရာတွေရှိတယ်။ လက်ရှိပြည်တွင်းမှာ ထုတ်လုပ်နေတဲ့ Suzuki ကားစက်ရုံဆိုရင် တော်တော်အလုပ်ဖြစ်နေပြီ။ အရည်အသွေးကောင်းတာအပြင် ဈေးနှုန်းလည်း လက်ခံနိုင်တဲ့အနေအထားမှာရှိပါတယ်။ အဲဒီကားစက်ရုံကို ကျွန်တော်သွားလေ့လာဖူးပါတယ်။ ဈေးသက်သာတဲ့Model အနိမ့်ကားတွေ တင်သွင်းနေမယ့်အစား အခုလို ကားစက်ရုံတွေပိုပြီးများလာစေချင်ပါတယ်။ အလုပ်အကိုင်ရှုထောင့်ကပဲကြည့်ကြည့်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်ပြီး ဝင်ငွေရတဲ့ ရှုထောင့်ကပဲကြည့်ကြည့်၊ နည်းပညာရတဲ့ ရှုထောင့်ကပဲ ကြည့်ကြည့် ပြည်တွင်းမှာ ကားစက်ရုံတွေများများရှိစေချင်ပါတယ်။

**မေး။ ။အခုလို ကားပေါ်လစီပြောင်းတာနဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC)ကို အကောင်အထည်ဖော်နေတာ ဆက်စပ်မှုရှိနိုင်ပါသလား။**

ဖြေ။ ။ကားပေါ်လစီပြောင်းတယ်ဆိုတာImport Policyပြောင်းတာပဲ။ ကားအတွက် သွင်းကုန်ပေါ်လစီပြောင်းတာလို့ ပြောနိုင်ပါတယ်။ ဒီလိုပြောင်းလဲတာဟာ AEC နဲ့ ဆက်စပ်နေပါတယ်။ AEC အတွက် ကြိုတင်ပြင်ဆင်တာဆိုလည်း မမှားပါဘူး။ AEC ကို ၂၀၁၅ ဒီဇင်ဘာကတည်းက စတင် အကောင်အထည်ဖော်ခဲ့တာဆိုပေမယ့် ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့၂၀၁၈ ခုနှစ်မှာ အပြည့်အဝအကောင်အထည်ဖော်ရတော့မယ်။ ကုန်စည်တွေ လွတ်လွတ်လပ်လပ်စီးဆင်းရမယ် (Free flow of goods) ဆိုပြီး ကျွန်တော်တို့နိုင်ငံထဲကို ကားစုတ်တွေ ဝင်လာတာကြောင့် အမှိုက်ပုံဖြစ်သွားမှာ စိုးရိမ်ရပါတယ်။ အခုလို ၂၀၁၇ ခုနှစ်အတွက် စံသတ်မှတ်ချက်တွေထုတ်ပြန်တာဟာ AEC အတွက် ကြိုတင်ပြင်ဆင်ရာရောက်တဲ့အပြင် Trade Deficit ကိုလည်း ကုစားရာရောက်ပါတယ်။ နိုင်ငံခြားငွေ စီးထွက်တာကို လျော့ကျစေပြီး သွင်းကုန်တန်ဖိုး (Import value)ကို ကျဆင်းစေပါတယ်။ သွင်းကုန်လျော့တဲ့အတွက် ကုန်သွယ်ရေးလိုငွေပြတာ (Trade deficit)ကိုလည်း လျော့နည်းစေနိုင်ပါတယ်။

**မေး။ ။ကားတွေသွင်းနေလို့ ဒေါ်လာတွေစီးထွက်ပြီး ဒေါ်လာဈေးနှုန်းတွေ တက်နေတာမျိုး မဖြစ်နိုင်ဘူးလားဆရာ။**


ဖြေ။ ။ကားအစီးရေ တစ်သိန်းခွဲကျော်သွင်းတဲ့ကာလတုန်းက ဒေါ်လာဈေးက ၁၀၀၀ ကျပ်ဝန်းကျင်လောက်ပဲ ရှိတာပါ။ အခုကားစီးရေ ငါးသောင်းကျော်-ခြောက်သောင်းလောက် လျော့သွင်းနေတဲ့အချိန်မှာမှ ဒေါ်လာဈေးက ၁၃၀၀ကျပ် ကျော်သွားတာဆိုတော့ စဉ်းစားစရာပဲ။ ကားတွေလျော့သွင်းနေလို့သာ ဒေါ်လာဈေး ၁၅၀၀ ကျပ် မဖြစ်သေးတာဆိုရင် ပိုမှန်မယ်ထင်ပါတယ်။အခုလက်ရှိအခြေအနေမှာ ကားက လုပ်လို့ကိုင်လို့ မကောင်းတော့ တခြားလုပ်ငန်းတွေပြောင်းလုပ်ကြတယ်။ တခြားလုပ်ငန်းတွေကလည်း ထင်သလိုဖြစ်မလာတော့ ဒေါ်လာကိုပဲ ဝယ်ရောင်းလုပ်နေကြတယ် ထင်ပါတယ်။ ဈေးကစားတာပေါ့။ Speculative လုပ်တာပေါ့။ ဘဏ်တွေ ကြည့်ပြန်တော့လည်း သိပ်အလုပ်မဖြစ်ကြပြန်ဘူး။ သူတို့လည်း ဒေါ်လာဘက်ကို ဦးတည်နေကြတယ် ထင်ပါတယ်။ Global Market ကိုကြည့်တော့လည်း အမေရိကန်ဒေါ်လာ ခိုင်မာလာနေတာတွေ့ရတယ်။ အဲဒီအတွက် အာရှတိုက်နိုင်ငံတွေက စိုးရိမ်နေကြပါတယ်။ အထူးသဖြင့် ဂျပန်၊တရုတ်၊ တရုတ်(တိုင်ပေ)၊ တောင်ကိုရီးယား၊ ထိုင်းနဲ့ စင်ကာပူစတဲ့ နိုင်ငံတွေလည်း ဒေါ်လာအားကောင်း နေတဲ့အပေါ် စိုးရိမ်နေကြပါတယ်။ အဲဒါကို တုံ့ပြန်ဖို့အဖြေရှာနေကြပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေကြပါတယ်။ အဖြေကတော့ အခုထိမတွေ့သေးပါဘူး။ မြန်မာအပါအဝင် အာရှနိုင်ငံတွေဟာ ငွေလဲနှုန်း (Currency rates) မတည်ငြိမ်မှုဒဏ်ကို ရင်ဆိုင်နေကြရပါတယ်။

**မေး။ ။ကားတင်သွင်းတာနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသေးသလဲဆရာ။**

ဖြေ။ ။မြန်မာနိုင်ငံရဲ့ ကားတင်သွင်းတာတွေကိုဇယားတွေ၊ဂရပ်တွေနဲ့ပြထားပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ကနေ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အောက်တိုဘာလ)အတွင်း ကားတင်သွင်းတာတွေကို ဖော်ပြထားတာပါ။ အဲဒီဇယားနဲ့ပုံတွေကြည့်ရင် ပိုပြီးရှင်းသွားပါမယ်။ ကားတင်သွင်းတာက မတိုးတဲ့အပြင် လျော့တောင်လျော့နေတယ်ဆိုတာတွေ့ရမှာပါ။ ရန်ကုန်မှာ ကားတွေကျပ်တာဟာလည်း ကားတွေပိုပြီး တင်သွင်းနေလို့ မဟုတ်ဘူးဆိုတာ တွေ့မြင်နိုင်ပါတယ်။ဒါပေမဲ့ ကုန်စည်ပို့ဆောင်မှုဆိုင်ရာ လိုအပ်ချက်၊ အများပြည်သူအသုံးပြုရန်လိုအပ်ချက် ဥပမာ-ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်တွေဟာ နိုင်ငံအတွက် မသွင်းမဖြစ် ပိုမိုတင်သွင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ရန်ကုန်အနေနဲ့ဆိုရင် အများပြည်သူသုံးဘတ်စ်ကားလို BRT လိုယာဉ်တွေပိုမိုတင်သွင်းပြီး ခရီးသည်ပို့ဆောင်ရေးကိစ္စတွေမှာလွယ်ကူချောမွေ့စွာဆောင်ရွက်ပေးမှ အများပြည်သူ သက်သာချောင်ချိမှာဖြစ်ပါတယ်။ ခရီးသည်သယ်ယူပို့ဆောင်ရေးဟာ ပိုမိုသက်သာပြီး လွယ်ကူလျင်မြန်လာမယ်ဆိုရင် ကိုယ်ပိုင်ယာဉ်အသုံးပြုမှုနည်းသွားမှာ ဖြစ်ပါတယ်။


**အယ်ဒီတာတစ်ဦး**

နှစ်အလိုက် မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် ထုတ်ပေးသည့် အရေအတွက်
၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အောက်တိုဘာလအထိ)



ဇာစ်မြစ်။ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးအဖွဲ့ (ရန်ကုန်+နေပြည်တော်)

နှစ်အလိုက် မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် ထုတ်ပေးသည့်တန်ဖိုး
၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အောက်တိုဘာလအထိ)



ဇာစ်မြစ်။ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးအဖွဲ့ (ရန်ကုန်+နေပြည်တော်)

**မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ထုတ်ပေးမှုစာရင်း**
၂၀၁၃-၂၀၁၄ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အောက်တိုဘာလအထိ)

| အကြောင်းအရာ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | |
|---|---|---|---|---|---|---|---|---|
| | စီးရေ | တန်ဖိုး | စီးရေ | တန်ဖိုး | စီးရေ | တန်ဖိုး | စီးရေ | တန်ဖိုး |
| ယာဉ်အို/ ယာဉ်ဟောင်း | ၃၄၃၈၄ | ၂၃၈.၃၇ | ၅၆၆၆၃ | ၄၀၁.၀၁ | ၂၆၂၉၁ | ၂၃၈.၄၃ | ၁၀၇၅၁ | ၉၄.၈၉ |
| တစ်ဦးချင်းအစီးစဉ် (သဘောင်္သား/ကျောက်မျက် အပါအဝင်) | ၇၉၂၉၀ | ၅၇၆.၂၀ | ၉၉၈၇၁ | ၈၂၂.၃၆ | ၇၄၁၄၁ | ၆၀၅.၄၃ | ၃၂၃၇၈ | ၂၄၇.၇၄ |
| **စုစုပေါင်း** | ၁၁၃၆၇၄ | ၈၁၄.၅၈ | ၁၅၆၅၃၄ | ၁၂၂၃.၃၇ | ၁၀၀၄၃၂ | ၈၄၃.၈၆ | ၄၃၁၂၉ | ၃၄၂.၆၃ |

ဇာစ်မြစ်။ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးအဖွဲ့ (ရန်ကုန်+နေပြည်တော်)

# စာတ်ဆီ/ဒီဇယ်

## ရေကြောင်းလမ်းမှ ဒီဇယ်၊ ဓာတ်ဆီတန်ချိန် ၉၀၀၀၀ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့နိုဝင်ဘာ၂၇ရက်မှ ဒီဇင်ဘာ၃ရက်အထိ ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ၂၄၃၆၇၉၂၀ တန်ဖိုးရှိ ဒီဇယ် ၅၆၅၇၄ ဒသမ ၇၇တန်ကိုလည်းကောင်း၊ ကန်ဒေါ်လာ ၁၇၇၀၆၇၆၈တန်ဖိုးရှိ ဓာတ်ဆီ ၃၅၆၉၃ ဒသမ ၈၈၉တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန်၄၂၆၀၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၁၃၉၀၀ကျော်ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ် ဓာတ်ဆီအဝင်တန်ချိန် ၁၁၆၀၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၄၀၀၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဒီဇယ်ရော၊ ဓာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၄၃၈၈၁၇ တန်ဖိုးရှိ ဒီဇယ်တန်ချိန်၉၉၀၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၈၇၀ တန်ဖိုးရှိ ဓာတ်ဆီ၅၈၈ ဒသမ၅၀တန်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ၂၉၆၄၀၀ တန်ဖိုးရှိ ဒီဇယ်တန်ချိန်၆၄၀နဲ့ ကန်ဒေါ်လာ ၄၀၁၈၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၇၃၉ ဒသမ ၀၇၂ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်စျေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်မှာပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊အောက်တိန်း **(92)**နဲ့ **(95)**မှာ စျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ စျေးနှုန်းများမှာ ဒီဇယ် ၆၇၅ကျပ်၊ အောက်တိန်း **(92)** ကျပ် ၆၈၀ ၊ အောက်တိန်း **(95)** ကျပ်၇၂၀ ၊ အဆင့်မြင့်ဒီဇယ် ၆၉၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ ဒီဇင်ဘာလ ၅ရက်မှာ ဒီဇယ် ဝယ်စျေး ကျပ်၁၃၃၀၀၀၊ ရောင်းစျေး ကျပ်၁၃၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး ဒီဇင်ဘာ ၈ရက်တွင် ဝယ်စျေးစျေးငြိမ်နေသော်လည်း ရောင်းစျေး ၁၀၀၀ကျပ် စျေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာ၅ရက်မှာ ဓာတ်ဆီဝယ်စျေး ကျပ်၁၃၂၀၀၀ ၊ ရောင်းစျေး ကျပ်၁၃၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၈ရက်တွင် ဝယ်စျေးကျပ်၂၀၀၀ ကျပ်၊ရောင်းစျေး ကျပ်၃၀၀၀စျေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီတစ်ဂါလံစျေးများမှာ ဒီဇယ်တစ်ဂါလံကျပ်၂၈၀ ၊ ဓာတ်ဆီတစ်ဂါလံကျပ်၂၉၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

မန္တလေးစျေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်ဓာတ်ဆီစျေးငြိမ်ပြီး ဒီဇယ်၊အဆင့်မြင့်ဒီဇယ်နဲ့အောက်တိန်းမှာ စျေးအနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာ ဓာတ်ဆီတစ်လီတာ ၆၇၀ကျပ် ၊ ဒီဇယ်ကျပ်၆၇၀ အဆင့်မြင့်ဒီဇယ်ကျပ် ၇၁၀၊ အောက်တိန်း**(92)**ကျပ် ၇၁၀နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ စျေးများမှာ ဒီဇင်ဘာ၅ရက်မှာ ဒီဇယ်ဝယ်စျေးကျပ်၁၃၅၀၀၀၊ ရောင်းစျေး ကျပ် ၁၃၇၀၀၀နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ၈ ရက်တွင်ဝယ်စျေး စျေးငြိမ်နေသော်လည်း ရောင်းစျေးကျပ် ၁၀၀၀စျေးမြင့်ပြီးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီစျေးမှာ ဒီဇင်ဘာ ၅ ရက်တွင် ဝယ်စျေး ကျပ် ၁၃၀၀၀၀၊ ရောင်းစျေးကျပ် ၁၃၂၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ၈ရက်တွင်ဝယ်စျေးကျပ်၁၃၄၀၀၀၊ ရောင်းစျေး ကျပ်၁၃၇၀၀၀နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလံစျေးမှာဒီဇယ် ကျပ်၂၉၀၀၊ ဓါတ်ဆီ ကျပ်၂၉၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်စျေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီ၊ဒီဇယ်နဲ့အောက်တိန်းမှာ စျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံစျေးများမှာ ဓာတ်ဆီ ကျပ်၃၁၀၀၊ ဒီဇယ်၃၁၀၅ကျပ် ၊ အောက်တိန်း ကျပ်၃၁၅၀ နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ်၃၁၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ်၃၁၀၀ ၊ အောက်တိန်းတစ်ဂါလံ၃၁၀၀ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

တောင်ကြီးစျေးကွက်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ဒီဇယ်မှာ စျေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံ စျေးနှုန်းများမှာဓာတ်ဆီတစ်ဂါလံ ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလံ ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ၃၁၀၀ကျပ်၊ဒီဇယ်တစ်ဂါလံ ၃၀၀၀ ကျပ် နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ တစ်ပတ်အတွင်း ကျပ်နှစ်ဆယ်ကျော် မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် တစ်ပတ်အတွင်း ကျပ်နှစ်ဆယ်ကျော်မြင့်တက်ခဲ့ကြောင်း စျေးကွက်အတွင်းမှသိရသည်။

လအတန်ကြာမြင့်တက်လျက်ရှိသည့်ပြည်တွင်းငွေလဲနှုန်းများသည်ယခုတစ်ပတ်တွင် အမြင့်ဆုံးစျေးအဖြစ် ၁၃၇၄ကျပ်အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေခြင်းသည် မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒအသစ်ထုတ်ပြန်ခဲ့မှုကြောင့် မော်တော်ယာဉ်တင်သွင်းမှုများ များပြားလာသဖြင့် မြင့်တက်လာရသည်ဟုပြောဆိုနေကြကြောင်း၊ ပြည်ပငွေစျေးကွက်တွင်လည်း ဒေါ်လာတန်ဖိုးများမြင့်တက်နေသဖြင့် ပြည်တွင်းငွေလဲလှယ်နှုန်းများ မြင့်တက်လာရခြင်းဖြစ်သည်ဟုအချို့က ပြောကြားနေကြကြောင်း၊ထို့ပြင် ပြည်တွင်းငွေလဲစျေးနှုန်းများ မြင့်တက်နေရခြင်းမှာကုန်သွယ်မှုပမာဏကျဆင်းနေခြင်းကြောင့်ဖြစ်သည်ဟု ပြောဆိုနေကြကြောင်း၊ အမှန်မှာငွေလဲစျေးကွက်အတွင်း စျေးကစားနေမှုများကြောင့်သာ ယခုကဲ့သို့ ငွေစျေးများ မြင့်တက်နေရခြင်းဖြစ်ကြောင်းငွေစျေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ဗဟိုဘဏ်ကလည်းဗင်း၏ရည်ညွှန်း ငွေလဲနှုန်းကို ကျပ် ၁၃၂၀အထိ မြင့်တင်ခဲ့သည်။ ဗဟိုဘဏ်က နေ့စဉ်ရည်ညွှန်းငွေလဲနှုန်းများ သတ်မှတ်ပေးနေသော်လည်း ပြည်တွင်းရှိပုဂ္ဂလိကဘဏ်များတွင်မူ ဒေါ်လာအရောင်းအဝယ်များ ပြုလုပ်နိုင်ခြင်းမရှိကြောင်းသိရသည်။ ပြင်ပစျေးကွက်တွင်မူ ဒီဇင်ဘာလ ၅ ရက် အမေရိကန်တစ်ဒေါ်လာလျှင်ရောင်းစျေး၁၃၅၄ကျပ်၊ ဝယ်စျေး၁၃၄၉ ကျပ်ရှိခဲ့ရာမှ ဒီဇင်ဘာလ၁၀ ရက်တွင် ရောင်းစျေး၁၃၇၅ကျပ်၊ဝယ်စျေး၁၃၇၀ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

## ပြည်တွင်းရွှေစျေးနှုန်းများ စျေးအတက်အကျ အနည်းငယ်သာရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေစျေးနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပြည်တွင်းရွှေစျေးကွက်အတွင်းမှသိရသည်။ကမ္ဘာ့ရွှေစျေးနှုန်းများ ကျဆင်းနေသော်လည်း ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေသဖြင့် ပြည်တွင်းရွှေစျေးနှုန်းများ အတက်အကျအနည်းငယ်သာရှိနေခြင်းဖြစ်သည်ဟု ရွှေကုန်သည်တစ်ဦးက ဆိုသည်။

"ကမ္ဘာ့ရွှေစျေးကတော်တော်လေးကို ကျနေပေမယ့် ပြည်တွင်းငွေလဲနှုန်းက မြင့်တက်နေတဲ့အတွက် ပြည်တွင်းရွှေစျေးက သိပ်မကျဘဲ အတက်အကျအနည်းငယ်နဲ့ စျေးကွက်ထဲမှာ အရောင်းအဝယ်ဖြစ်နေပါတယ်။ တကယ်ဆို ပြည်တွင်းရွှေစျေးက ကမ္ဘာ့ရွှေစျေးကျတာနဲ့ဆို ကျပ်ရှစ်သိန်းအောက်မှာရှိနေရမှာ"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေစျေးနှုန်းများသည် ဒီဇင်ဘာလ၅ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၅၈၀၀၀ရှိခဲ့ပြီး ဒီဇင်ဘာလ ၇ရက်တွင်ကျပ် ၈၅၆၀၀၀သို့ အနည်းငယ်သာကျဆင်းခဲ့သည်။ဒီဇင်ဘာလ၁၀ရက်တွင် ၈၅၅၀၀၀သို့ အနည်းငယ်ဆက်လက် ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေစျေးသည် ဒီဇင်ဘာလ၅ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၇၇ ရှိခဲ့ပြီး ဒီဇင်ဘာလ ၁၀ ရက်တွင် အမေရိကန်ဒေါ်လာ၁၁၆၀ရှိခဲ့သည်။

## ရှယ်ယာစျေးနှုန်းများ ဆက်လက်ငြိမ်သက်

ယခုတစ်ပတ်အတွင်း အစုရှယ်ယာစျေးနှုန်းများ ဆက်လက်ငြိမ်သက်လျက်ရှိကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကတည်းကငြိမ်သက်ခဲ့သည့် ပြည်တွင်းအစုရှယ်ယာစျေးများသည် ယခုတစ်ပတ်တွင်လည်း အတက်အကျ မဆိုသလောက်သာရှိခဲ့ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း စျေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့တစ်ပတ်ကတည်းက စျေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေတာ။ ဒီတစ်ပတ်လည်း ဒီအတိုင်းပဲ။ ဒေါ်လာစျေးကတက်နေတော့ ရှယ်ယာမှာ အရောင်းအဝယ် လုပ်နေကြတဲ့သူတွေက ဒေါ်လာဖက်ကို လှည့်ပြီး အရောင်းအဝယ်လုပ်နေကြတယ်။အဲဒါကြောင့် စတော့စျေးကွက်မှာ စျေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေတာပါ"ဟု စျေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၉ရက်က MTSH ၏အစုရှယ်ယာစျေးနှုန်းသည် ကျပ် ၄၅၀၀ ရှိခဲ့ပြီး FMI ၏အစုရှယ်ယာစျေးနှုန်းသည် ကျပ် ၁၆၀၀၀ ရှိခဲ့သည်။ MCB ၏အစုရှယ်ယာစျေးနှုန်းသည် ကျပ် ၉၅၀၀ ရှိခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

## Currency Exchange Rate

December 9, 2016

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.34 |
| BDT Bangladesh Taka | 80.54 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.90 |
| EUR Euro | 0.94 |
| H KDHong Kong Dollars | 7.76 |
| I NR India Rupees | 67.55 |
| I DR Indonesia Rupiahs | 13325.12 |
| JPY Japan Yen | 114.41 |
| MYR Malaysia | 4.42 |
| PKR Pakistan Rupees | 104.79 |
| PHP Philippines Pesos | 49.78 |
| RUB Russia Rubles | 63.35 |
| SGD Singapore Dollars | 1.42 |
| KRWSouth Korea Won | 1165.60 |
| LKR Sri Lanka Rupe | 150.08 |
| THB Thailand Baht | 35.65 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 22593.76 |

*Source:xe.com*

## World Gold Price

November, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1175 | 1175 | 1176 |
| 6 | 1169 | 1171 | 1171 |
| 7 | 1166 | 1168 | 1168 |
| 8 | 1173 | 1174 | 1175 |
| 9 | 1166 | 1168 | 1168 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5 -12- 2016 | 857.50 | 857.00 |
| 6-12- 2016 | 857.00 | 856.40 |
| 7-12-2016 | 858.00 | 857.50 |
| 8-12-2016 | 860.00 | 860.00 |
| 9-12-2016 | 857.00 | 856.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 5 | 6 .91 | 35.64 | 78.40 | 68.17 |
| 6 | 6. 88 | 35.60 | 79.35 | 67.97 |
| 7 | 6 89 | 35.68 | 78.40 | 67.92 |
| 8 | 6 .88 | 35.62 | 78.90 | 67.42 |
| 9 | 6.90 | 35.65 | 80.54 | 67.55 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5- December | 16.71 | 2757.74 | 1748.77 | 5963.10 | 930.00 |
| 6- December | 16.74 | 2775.58 | 1744.74 | 5929.50 | 936.00 |
| 7- December | 16.63 | 2827.55 | 1742.27 | 6020.90 | 927.00 |
| 8- December | 17.09 | 2756.54 | 1742.94 | 5922.34 | 946.00 |
| 9- December | 16.95 | 2746.02 | 1774.04 | 5946.01 | 934.00 |

Source:kitco.com

## Energy NYMEX 9-12-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.23 | 0.39 | 0.77 |
| Brent Crude Futr (USD/bbl) | 54.12 | 0.23 | 0.43 |
| Gasoline Rbob Fut (Cent/gal) | 150.77 | 0.30 | 0.20 |
| Natural Gas Futr (USD/MMBtu) | 3.71 | 0.02 | 0.46 |
| Heating Oil Futr (Cent/gal) | 162.61 | 0.02 | 0.01 |

## ဘိလပ်မြေ

### နိုဝင်ဘာလအတွင်းဘိလပ်မြေတန်ချိန် ၇၀၀၀ကျော်သာဝင်

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၀၃၉၉၁၀ တန်ဖိုးရှိ ဘိလပ်မြေ ၇၀၈၁ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံများမှာ ထိုင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ မလေးရှားနဲ့ တရုတ်နိုင်ငံတို့မှ တင်သွင်းခဲ့ပါတယ်။အောက်တိုဘာလအတွင်း ဘိလပ်မြေတင်သွင်းတန်ချိန် ၄၇၀၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၀၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ၃ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှ ဘိလပ်မြေအဝင် ၁၅၀၄၀ တန် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၂၃၀ ကျော် နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၄၈၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၄၅၁၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၈၄၃၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၆၀၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်က ကျပ် ၉၀ နဲ့ စိန်က ၁၇၅ ကျပ်ဈေးကျလာပြီး ကြံ့ကယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၂၆၀၊ ကြံ့ (မြိုင်ကလေး) ကျပ် ၄၆၅၀၊ စိန်(ထိုင်း) ကျပ် ၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်ကာ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၈၀၀၊ အေသုံးလုံး ကျပ် ၄၄၀၀၊ မြန်မာဆင် ကျပ် ၄၁၀၀၊ ဆင်မင်း ကျပ် ၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်း ကျပ်၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီရက်ပိုင်း ရာသီဉတုသာယာလာတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိပြီး ဆင်ကဈေးကျကာကြံ့နှစ်ကောင်က ဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ အထိုင်ဈေးနဲ့အရောက်ဈေးက ကျပ်၁၀၀ ကွာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် ကျပ် ၅၇၀၀၊ စိန်ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ်၅၀၀၀၊ ကြံ့နှစ်ကောင် (စိမ်း) ကျပ် ၄၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### နိုဝင်ဘာလအတွင်း မြေသြဇာတန်ချိန်သုံးသောင်းနီးပါးတင်သွင်း

နိုဝင်ဘာ ၁ရက်မှ ၃၀ ရက်အတွင်း ကန်ဒေါ်လာ ၇၂၅၁၃၁၀ တန်ဖိုးရှိ မြေသြဇာ တန်ချိန် ၂၇၇၆၉ ဒသမ ၄၈၂ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း ကနေဒါနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ဂျပန်နိုင်ငံ ၊ မလေးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ ရုရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့မှ မြေသြဇာများတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း ပိုတက်၊ ရွှေနဂါး၊ နိုက်ကြိုဂျင်၊ အမိုးနီးယမ်းဆာလဖိတ်၊ ပိုတက်ဆီယက် ဖော့စဖိတ်၊ ဖလော်ရာ၊ ရွှေမြေသီး၊ ကွန်ပေါင်း၊ ဩဂဲနစ်စတဲ့ မြေသြဇာတံဆိပ်များ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာလအတွင်း မြေသြဇာတန်ချိန်၇၄၀၀၀ ကျော်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် နိုဝင်ဘာလမှာ တန်ချိန် ၄၆၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မော်လမြိုင်နဲ့ ရန်ကုန်ဓာတ်မြေသြဇာဈေးကွက် အရောင်းသွက်

နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ၃ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်း မှ မြေသြဇာ တန်ချိန် ၁၈၇၆၀ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၂၈၈၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၈၀၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာအဝင်မှာ တန်ချိန် ၉၀၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၀၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၉၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းရောနယ်စပ်လမ်းမှပါမြေသြဇာ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်ဆောင်းသီးနှံအတွက် ချောင်းဆုံ၊ သထုံနဲ့ မုဒုံနယ်ဘက်မှ အဆွဲရှိတာကြောင့် အရောင်းအဝယ်လိုက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲ-အသေး ၄၆%က ကျပ် ၁၂၀၀၊ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်)က ကျပ် ၅၀၀နဲ့ ကွန်ပေါင်း၁၆း၁၆း၈ က ကျပ် ၂၀၀ ဈေးမြင့်လာခဲ့ပြီး ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)ကျပ် ၂၁၁၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၂၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးနည်းနည်းကျကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယူရီးယားက ကျပ် ၁၅၀၀ တီစူပါက ကျပ် ၃၀၀၀ နဲ့ ပိုတက် ကျပ် ၁၅၀၀ ဈေးကျပြီး ၁၅ ပတ်လည် ကွန်ပေါင်းက ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)ကျပ် ၂၁၅၀၀ ၊ ယူရီးယား ( ရွှေတောင်-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀ ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ကြက်သွန်ဖြူစိုက်ခင်းအတွက် တီစူပါ၁၅ ပတ်လည်သာ အဝယ်များပြီး ကျန်မြေသြဇာများက အရောင်းအေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၁၈၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၁၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၁၈၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၃၀၀ ၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၃၆၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀၊ မြားကမ္ဘာ ကျပ်၁၅၅၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ ၁၂း၁၃(အပြာ) ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ်၁၅၂၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၅၅၀၀၊ အာမို ၁၅ ပတ်လည် ကျပ် ၃၅၅၀၀၊ အာမို ၁၆း၆း၈ ကျပ် ၃၃၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၁၉၈၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၁၉၆၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၁၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ်၁၈၇၀၀၊ တောင်သူမ ကျပ် ၁၅၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နိုဝင်ဘာလအတွင်းနို့ဆီ တန်ချိန် ၈၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၇၀၀ နီးပါးဝင်

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၉၄၃၉၄ တန်ဖိုးရှိ နို့ဆီ ၈၃၆ဒသမ ၃၁၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံများမှ နို့ဆီများ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာလမှာ တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၁၂၀၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာလအတွင်း ကန်ဒေါ်လာ ၉၅၉၄၀၆ တန်ဖိုးရှိ နို့မှုန့် တန်ချိန် ၃၆၂ ဒသမ ၆၄၄ တန်ကိုတင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံများမှာ နယူးဇီလန်၊ ပိုလန်၊ စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှားနဲ့ ဂျာမနီ နိုင်ငံများမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာလအတွင်း တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၇၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၁ မှ ၂/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၁ မှ ၂၅/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၆.၅၀ | - | (+) | ၆၆.၅၀ |
| ၂။ | လွယ်ဂျယ် | ၆၆၈.၀၀ | ၅၆၇.၅၀ | (+) | ၁၀၀.၅၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၈၁၅.၅၀ | ၂၈၅၄.၀၀ | (+) | ၉၆၁.၅၀ |
| ၅။ | တာချီလိတ် | ၇၆၁၀.၀၀ | ၁၀၀၀.၀၀ | (+) | ၆၆၁၀.၀၀ |
| ၆။ | မြဝတီ | ၅၈၈.၅၀ | ၆၁၅.၆၀ | (-) | ၂၇.၁၀ |
| ၇။ | ကော့သောင်း | ၈၄၉၈.၉၀ | ၂၇၆၀.၀၀ | (+) | ၅၇၃၈.၉၀ |
| ၈။ | မြိတ် | ၃၂၇၂.၅၀ | ၆၃၅.၀၀ | (+) | ၂၆၃၇.၅၀ |
| | စုစုပေါင်း | ၂၄၅၁၉.၉၀ | ၈၄၃၂.၁၀ | (+) | ၁၆၀၈၇.၈၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၁ မှ ၂/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၁ မှ ၂၅/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၆၇.၂၇၀ | ၁၀၂၀.၉၄၀ | (+) | ၈၄၆.၃၃ |
| ၂။ | လွယ်ဂျယ် | ၁၄၅.၅၀၀ | ၁၄၆.၀၀၀ | (-) | ၀.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၉၂၄.၀၀၀ | - | (+) | ၉၂၄.၀၀၀ |
| ၄။ | ကန်ပိုက်တီး | - | ၃၀၀.၀၀၀ | (-) | ၃၀၀.၀၀၀ |
| ၅။ | မြဝတီ | ၁၃၉၈.၅၀၀ | ၁၁၈၀.၃၀၅ | (+) | ၂၁၈.၁၉၅ |
| ၆။ | ကော့သောင်း | ၂၅၀၀.၀၀၀ | - | (+) | ၂၅၀၀.၀၀၀ |
| ၇။ | မြိတ် | - | ၄၀.၀၀၀ | (-) | ၄၀.၀၀၀ |
| ၈။ | ရိုဒ် | ၂၂၅၀.၀၀၀ | ၁၄၀၀.၀၀၀ | (+) | ၈၅၀.၀၀၀ |
| | စုစုပေါင်း | ၉၀၈၅.၂၇ | ၄၀၈၇.၂၄၅ | (+) | ၄၉၉၈.၀၂၅ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း

# တရုတ်နယ်စပ်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ဒသမ ၀၆၇ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၉၁၉ တန်ကျော် တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့ နှမ်း အမျိုးအစားအရ နှမ်းဖြူ ၃၈၅ တန်ကျော်နဲ့ နှမ်းနက် ၂၅၃၃ တန်ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၆၈၄ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ နှမ်းတန်ချိန် ၂၂၃၅တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်မှာယခုတစ်ပတ် နှမ်းတင်ပို့မှုမရှိပေမယ့် မူဆယ်ကုန်စည်ဒိုင်ရဲ့ နှမ်းဖြူတစ်တန်ဈေးမှာ ဒီဇင်ဘာ ၁ရက်က ၁၃၂၃၀၇၇ ကျပ်၊ နှမ်းနက် တစ်တန်ဈေး ၂၄၇၆၉၂၃ ကျပ်ရှိပါတယ်။

နိုဝင်ဘာတစ်လလုံး ချင်းရွှေဟော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နှမ်းရောင်စုံ တန်ချိန်တစ်သောင်းကျော် တင်ပို့နိုင်ခဲ့ပြီး မူဆယ်မှ နှမ်းဖြူနဲ့ နှမ်းနက် ၃၄တန်ခွဲ တင်ပို့ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ထိုင်းနိုင်ငံသို့ နှမ်းနက် ၃၁တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်နှမ်းဈေးကွက် အဟောင်းလက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် အဟောင်းလက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းအသစ်များဝင်ရောက်မှု နောက်ကျနေသဖြင့် ဈေးကွက်တွင် ကျန်ရှိနေတဲ့ နှမ်းများဖြင့်သာ အရောင်းအဝယ်လုပ်ကြတာကြောင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ မြို့တွင်းဆီစက်များက ဆီကြိတ်ရန် အဝယ်ရှိခြင်း၊ ဝယ်လက်များကလည်း နှမ်းနက်ကိုအဝယ်ရှိခြင်းတို့ကြောင့် နှမ်းနီနဲ့နှမ်းနက်ဈေးမြင့်ပြီး စမုံနက်နှမ်းဈေးမှာငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနီဈေးမှာ တစ်တင်းလျှင် ကျပ် ၂၈၃၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၈၃၀၀ ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် တစ်တင်းလျှင်ကျပ် ၁၇၀၀ ဈေးမြင့်လာတာတွေ့ရပါတယ်။ စမုံနက်နှမ်းမှာ တစ်တင်းလျှင် ကျပ် ၄၈၃၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေတာတွေ့ရပါတယ်။ ဆီကြိတ်နှမ်းနီဈေးမြင့်လာသဖြင့် နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# စားအုန်းဆီထုတ်လုပ်မှုကျဆင်းပြီး ပဲပုပ်ဆီဈေးမြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီဈေး တစ်ပတ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ



မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးက ဒီဇင်ဘာ ၅ ရက်မှာ မြင့်တက်လာခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။ စားအုန်းဆီဈေး မြင့်တက်လာခြင်းမှာ စားအုန်းဆီထုတ်လုပ်မှု ကျဆင်းနေပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်တွင် စားအုန်းဆီကဲ့သို့ စားသုံးဆီ အမျိုးအစားဖြစ်သော ပဲပုပ်ဆီဈေးကလည်း မြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး ယခုဈေးနှုန်းမှာ ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် ဖေဖော်ဝါရီလအတွက် စာချုပ်ရောင်းချသော စားအုန်းဆီဈေးမှာ ဒီဇင်ဘာ ၄ရက်က ရှိခဲ့သော ဈေးနှုန်းထက် သုညဒသမ ၉ရာခိုင်နှုန်း မြင့်တက်ပြီး နေ့လယ်ဈေးကွဲချိန်တွင် တစ်တန်ကို ၃၁၀၄ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၉၈)နှုန်း ရှိခဲ့ရာ နိုဝင်ဘာ ၂၈ရက် နောက်ပိုင်း အမြင့်ဆုံးဈေး ဖြစ်ခဲ့သည်။ နေ့လယ်ဘက် ဈေးကွဲချိန်အထိ စုစုပေါင်း ရောင်းချရသော စားအုန်းဆီ ပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၁၃၆၄၁ တွဲ ရှိခဲ့သည်။

“ ထုတ်လုပ်မှု ကျဆင်းခဲ့တဲ့အတွက် ဈေးကွက်ထဲမှာ ရောင်းချဖို့ ဆီအလုံအလောက် မရှိခဲ့ပါဘူး ” ဟု ကွာလာလမ်ပူရှိ ကုန်သည်တစ်ဦးက ပြောသည်။ ရင်းဂစ်တန်ဖိုး နိမ့်ကျနေခြင်းကလည်း စားအုန်းဆီဈေး မြင့်တက်စေရန် အထောက်အကူ ဖြစ်စေခဲ့ကြောင်းလည်း သူကပြောသည်။

ဒါလီယံကုန်စည်ဒိုင်မှာ ပဲပုပ်ဆီဈေး ခိုင်မာမှုကလည်း စားအုန်းဆီဈေးနှုန်းကို အထောက်အကူ ဖြစ်စေခဲ့ကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။ ယခင်နှစ်က ဖြစ်ပွားခဲ့သော အယ်လ်နီညို ရာသီဥတုဒဏ်ကြောင့် စားအုန်းဆီ အသီးထွက်ရှိမှုကို အဟန့်အတား ဖြစ်စေခဲ့သည့်အတွက် နိုဝင်ဘာလအတွင်း စားအုန်းဆီ ထုတ်လုပ်မှုက ၂ဒသမ ၈ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၁ဒသမ ၆၃သန်းအထိ ရောက်ရှိမည်ဟု စားအုန်းဆီ ကုန်သည်၊ စိုက်ပျိုးသူနှင့် လေ့လာဆန်းစစ်ရေးမှူးရှစ်ဦးကို ရိုက်တာသတင်းဌာနက မေးမြန်းချက်အရ သိရသည်။ မလေးရှားနိုင်ငံ၏စားအုန်းဆီထုတ်လုပ်မှုက ကျဆင်းနေသည်ဟုဆိုသော်လည်း ပို့ကုန်ကျဆင်းမှုက ပမာဏပိုမိုများပြားသည့်အတွက် နိုဝင်ဘာတွင် စားအုန်းဆီလက်ကျန်သိုလှောင်မှုတိုးတက်နှုန်းက ငါးလအတွင်း အများဆုံးဖြစ်ခဲ့သည်။ စားအုန်းဆီရောင်းချရာတွင် အသုံးပြုသော ရင်းဂစ်တန်ဖိုးကျဆင်းမှုကြောင့် အခြားငွေကြေးဖြင့် စားအုန်းဆီကို ဝယ်ယူသူများအတွက် ဈေးနှုန်းသက်သာစေသဖြင့် စားအုန်းဆီ၏ ဈေးနှုန်းယှဉ်ပြိုင်မှု စွမ်းရည်ကို မြင့်တက်စေခဲ့သည်။

ဒေါ်လာတန်ဖိုးမြင့်တက်နေမှုကြောင့်မလေးရှားရင်းဂစ်တန်ဖိုးက နိုဝင်ဘာလဆန်းမှ ယခုအချိန်ထိ ၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

အခြားဟင်းရွက်ဆီတစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေးမှာ ချီကာဂို ကုန်သွယ်မှုဘုတ်အဖွဲ့တွင် ဇန်နဝါရီအတွက် ကြိုတင်ရောင်းဈေးမှာ သုညဒသမ ၁ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်တွင် မေအတွက် ကြိုတင်ရောင်းချဈေးမှာ သုညဒသမ ၈ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ပဲပုပ်ဆီနှင့် စားအုန်းဆီတို့မှာ ကမ္ဘာ့စားသုံးဆီဈေးကွက်တွင် ပြိုင်ဖက်သဖွယ်ဖြစ်နေသည့်အတွက် ပဲပုပ်ဆီဈေး မြင့်တက်ပါက စားအုန်းဆီဈေးပါ မြင့်တက်လေ့ရှိသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၉-၁၂-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၅၀ | ၂၀၅၀ | △ |
| ရန်ကုန် | ၃၈၀၀ | ၃၈၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၉၀ | ၁၉၂၀ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၉၉၀ | ၂၀၆၀ | △ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မကွေး | ၃၄၀၀ | ၃၄၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၅၀၀ | ၃၆၀၀ | △ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၂၀ | ၂၀၆၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၉-၁၂-၂၀၁၆ US$/Ton

| အမျိုးအစား | နိုဝင်ဘာပဥ္စမပတ် | ဒီဇင်ဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၂၁.၀၀ | ၇၃၃.၅၀ | △ |
| RBD P.Olein | ၇၁၉.၅၀ | ၇၂၆.၅၀ | △ |
| RBD P.Strarin | ၇၁၂.၀၀ | ၇၂၆.၀၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၉- ၁၂ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၉၃.၁၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၂၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၄၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၆၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၁.၉၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၄.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၄၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၅၄.၅၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၉-၁၂-၂၀၁၆နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၈၅ ဒေါ်လာနှင့် USD ဈေး ၁၃၂၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၉-၁၂-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၂၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# ယခင်နှစ်ကာလတူထက် ပို့ကုန်မြင့်တက်ပြီး

# [illegible]

|ရှင်မင်းအံ့(တန့်ဆည်)|

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာမှာ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် အထောက်အပံ့အဖြစ် ကုန်သွယ်မှုဆိုင်ရာမူဝါဒများကို ဖြေလျှော့ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အစိုးရသစ်လက်ထက်မှာ ပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်သုံးဆမြင့်တက်စေရမည်ဆိုတဲ့ ရည်မှန်းချက်ကို လက်ကိုင်ထားပြီး ပို့ကုန်တိုးမြှင့်ရေးကို အဓိကထားပြီး လုပ်ဆောင်နေတာကို တွေ့ရှိ ရမှာဖြစ်ပါတယ်။

ဒါကြောင့် ယခုနိုဝင်ဘာလကုန် အထိမြန်မာနိုင်ငံရဲ့ကုန်သွယ်မှုအခြေ အနေကို ကြည့်ပါက ပို့ကုန်အမေရိကန် ဒေါ်လာ ၇၃၆၄သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၀၁၅၇ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၇၅၂၁ သန်းအထိရောက်ရှိခဲ့ရာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်အမေရိကန်ဒေါ်လာ ၂၀၄ သန်း ပိုမိုတင်ပို့ခဲ့ပြီး သွင်းကုန်အမေရိကန်ဒေါ်လာ ၈၉၂ သန်း လျော့နည်းတင်သွင်းနိုင်တဲ့အတွက် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ၆၈၈ သန်း လျော့နည်းနေတာ ဖြစ်ပါတယ်။

ယခုနှစ်ကုန်သွယ်မှုလိုငွေ (Trade Deficit) အနေဖြင့် အမေရိကန် ဒေါ်လာ ၂၇၉၃ သန်းဖြစ်ပြီး ယခင်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ နိုဝင်ဘာ အထိ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ၃၈၈၉ သန်း ဖြစ်သဖြင့် ယခုနှစ်ကုန်သွယ်မှုလိုငွေဟာ ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၁၀၉၆ သန်း လျော့နည်းနေတာကို တွေ့ရပါတယ်။

ပို့ကုန်၊ သွင်းကုန်အချိုးညီမျှမှု မရှိ ခြင်း၊ သွင်းကုန်ပမာဏမြင့်တက်နေပြီး ကုန်သွယ်မှုလိုငွေပြနေခြင်းကြောင့် ဒေါ်လာ လိုအပ်ချက်မြင့်တက်လာပြီး ဈေးကွက်တွင် ငွေလဲနှုန်းမတည်ငြိမ်မှုများဖြစ်ပေါ်လာကြောင်း၊ ကုန်သွယ်မှု များကြောင့် ဒေါ်လာဈေး အတက်အကျ ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံရှိ မီဒီယာအချို့က ဝေဖန်ထောက်ပြမှုများရှိလာသဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများကိုစိစစ်ခဲ့ရာယခင်နှစ် ကာလတူက အမေရိကန်တစ်ဒေါ်လာ လျှင်ပျမ်းမျှ ၁၂၉၇ ကျပ် ဖြစ်နေချိန်တွင် ကုန်သွယ်မှုလိုငွေ (Trade Deficit) သည် အမေရိကန်ဒေါ်လာ ၃၈၈၉ သန်းရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ် နိုဝင်ဘာလအတွင်း အမေရိကန် တစ်ဒေါ်လာလျှင် ပျမ်းမျှ ၁၃၁၁ ကျပ် ဖြစ်နေချိန်၌ Trade Deficit သည် အမေရိကန်ဒေါ်လာ ၂၇၉၃သန်းသာရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် ဒီနှစ် နိုဝင်ဘာလနဲ့ဒီဇင်ဘာလ ဆန်းပိုင်းတွေမှာ အမေရိကန်ဒေါ်လာဈေး ခိုင်မာလာပြီး မြန်မာငွေတန်ဖိုးကျတာ ဟာ Trade Deficit ကြောင့် ဖြစ်တယ်ဆိုတဲ့ပြောဆိုမှုတွေဟာ မှန်ကန်မှုမရှိကြောင်းကို တွေ့ရှိရပါတယ်။

အဓိကအကြောင်းရင်းကတော့ ရေနံတင်ပို့သောနိုင်ငံများအဖွဲ့(အိုပက်)အဖွဲ့ဝင်နိုင်ငံများသည် ရေနံထုတ်လုပ်မှုကို လျှော့ချရန်သဘောတူညီမှုရရှိခဲ့တဲ့အတွက် ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့သလို အမေရိကန် ပြည်ထောင်စုရဲ့ ငွေတိုက်စာချုပ်တန်ဖိုးတွေ မြင့်တက်လာပြီး ဒေါ်လာတန်ဖိုးမှာလည်း အခြားအဓိကငွေကြေးခြောက်မျိုးနဲ့ဖလှယ်ရာမှာ တန်ဖိုးမြင့်တက်ခဲ့တဲ့ အတွက်ကြောင့် ဖြစ်ကြောင်း သိရှိရပါတယ်။

အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်မှုနဲ့အတူ အိမ်နီးချင်းနိုင်ငံများဖြစ်ကြတဲ့ တရုတ်နိုင်ငံမှာလည်း ငွေကြေးပြည်ပသို့ စီးထွက်မှုကို ထိန်းချုပ်ရန် အစီအမံသစ်များကို တရုတ်အစိုးရက ကြေညာပြီးနောက်ပိုင်း ဒီဇင်ဘာ ၂ ရက်မှာ တရုတ်ယွမ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ပြီး တစ်ဒေါ်လာလျှင် ၆ ဒသမ ၈၈၃ ယွမ်နှုန်းအထိ ဖြစ်ခဲ့တာကို တွေ့ ရှိရပါတယ်။

ထိုင်းဘတ်ငွေတန်ဖိုးကလည်း ဒေါ်လာနဲ့ဖလှယ်ရာမှာ ၃၅ ဒသမ ၆၈ ဘတ်ရှိခဲ့ရာ ယခင်လကရှိခဲ့တဲ့ ၅ ဒသမ ၃၃ ဘတ်နှုန်းနဲ့နှိုင်းယှဉ်ပါက ထိုင်း ဘတ်ငွေတန်ဖိုးလည်းကျဆင်းကြောင်း၊ ဂျပန်ယန်းအနေဖြင့်လည်း ရေနံဈေး နှုန်းမြင့်တက်မှု၊ အမေရိကန်ငွေတိုက်စာချုပ်များနဲ့ ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးတဲ့ အလားအလာများကို ပြတဲ့အတွက် အမေရိကန်တစ်ဒေါ်လာလျှင် ၁၁၄ ဒသမ ၉၃ ယန်းရှိခဲ့ရာ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ စင်ကာပူဒေါ်လာဟာလည်း ယခင်လ က အမေရိကန်တစ်ဒေါ်လာလျှင် ၁ ဒသမ ၄၁၀ စင်ကာပူဒေါ်လာရှိခဲ့ရာမှ ယခုရက်ပိုင်းမှာ ၁ ဒသမ ၄၂၅ စင်ကာပူဒေါ်လာအထိ ဈေးမြင့်လာကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် အမေရိကန်ဒေါ်လာဈေး ခိုင်မာလာတဲ့အကြောင်းရင်းကြောင့် ပြည်တွင်းငွေလဲနှုန်းတွေ မြင့်တက်လာရတာဖြစ်တယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

ယခုတစ်ပတ်အတွင်းမှာ ကမ္ဘာ့ရွှေဈေးက အမေရိကန်ဒေါ်လာ ၁၁၇၈ ဒေါ်လာအထိ ကျဆင်းခဲ့သော်လည်း မြန်မာနိုင်ငံရှိပြည်တွင်းရွှေဈေးက ငွေလဲနှုန်း မြင့်တက်မှုကြောင့် ပြည်တွင်း ရွှေဈေး ကျသင့်သလောက်မကျဘဲ ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၅၄၀၀၀ ရှိနေကြောင်း တွေ့ရှိရပါတယ်။

ကုန်သွယ်မှုလိုငွေကြောင့် သွင်းကုန်တန်ဖိုးပိုနေခြင်းမှာ ပင်လယ်ရေကြောင်း၊ နယ်စပ်ထွက်ပေါက်များမှ ကုန်ပစ္စည်းအမှန်ဝင်/ထွက်မှုပမာဏ အပေါ် အကောက်ခွန်ဦးစီးဌာနရဲ့ သွင်းကုန်ကြေညာလွှာပါ စာရင်းဇယားများ ဖြစ်တဲ့ Trade Balance အရ ငွေကြေးအမှန် စီးဝင်/စီးထွက်မှုကို ဘဏ် လုပ်ငန်းစနစ်နှင့် ညှိနှိုင်းစိစစ်ရမှာ ဖြစ်ပါတယ်။ MIC က ခွင့်ပြုတဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများရဲ့ Draw back, Capital in Kind, Loan in Kind, CMP, Deferred Payment တင်သွင်းမှုများမှာ ငွေသားစီးဝင်/စီးထွက် မှုမရှိ၍ Balance of Payment ကို မထိခိုက်နိုင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအထိ သွင်းကုန်တင်သွင်းမှုမှာ Draw back , Capital in Kind, Loan in Kind , CMP, Deferred Paymant, Payment in Kind, Transit Trade, FOC စတဲ့ ငွေသား စီးဆင်းမှုမရှိသော်လည်း လိုင်စင်ထုတ်ပေးထားသည့် တင်သွင်းမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၂၉၅ သန်းရှိပြီး ပို့ကုန်တွင်လည်း ငွေသားစီးဝင်မှုမရှိသည့် Draw back တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၂၈ သန်း၊ CMP တင်ပို့မှုအမေရိကန် ဒေါ်လာ ၁၂၆၇ သန်းရှိကြောင်း တွေ့ ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုကို ကြည့်ပါက ပင်လယ်ရေကြောင်း ကုန်သွယ်မှုနဲ့ နယ်စပ်ကုန်သွယ်မှုဆိုပြီး နှစ်ပိုင်းရှိတာကို တွေ့ရပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုက အဓိကအား ဖြင့် ရေကြောင်း၊ လေကြောင်း ကုန် သွယ်မှု (ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်လေဆိပ်များမှ ဝင်/ထွက်သည့် ကုန်သွယ်မှုများ)ဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုကတော့ အိမ်နီးချင်းလေးနိုင်ငံနဲ့ ဆက်စပ်လျက်ရှိတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း ၁၅ ခုနဲ့ ကုန်သွယ်ဆောင်ရွက်မှုကို ဆိုလိုခြင်းဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုအနေဖြင့် ယခုဘဏ္ဍာနှစ် နိုဝင်ဘာလကုန်အထိ ပို့ကုန်အမေရိကန်ဒေါ်လာ သန်း ၄၄၄၀ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ၈၃၃၃ သန်း တင်သွင်းနိုင်တဲ့အတွက် ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၁၂၇၃၃ သန်းရှိတဲ့အတွက် ယခင်နှစ်ထက် ပို့ကုန် အမေရိကန်ဒေါ်လာသန်း ၁၄၀ ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၉၉၈ သန်း လျော့နည်းတင်သွင်းနိုင်တဲ့အတွက် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၈၅၈ သန်း လျော့နည်းနေတာဖြစ်ပါတယ်။ Trade Deficit အနေဖြင့် အမေရိကန်ဒေါ်လာ ၃၈၉၃ သန်းဖြစ်ပေါ်နေတာကို တွေ့ရှိရပါတယ်။ ပင်လယ်ရေကြောင်းတင်ပို့မှုမှာ အဓိက ပို့ကုန်တွေကတော့ သဘာဝဓာတ်ငွေ့၊ CMP ချုပ်ပြီးအထည်၊ CMP အခြား(လျှပ်စစ်ပစ္စည်း၊ ဖိနပ်စသည်များ)၊ ကျောက်စိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ငါးတို့ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အဓိကတင်သွင်းတဲ့ သွင်းကုန် ပစ္စည်းတွေကတော့ ရင်းနှီးမြှုပ်နှံမှု ပစ္စည်းတွေဖြစ်တဲ့ စက်နှင့်စက်ပစ္စည်း၊ သံနှင့်သံမဏိ ဆောက်လုပ်ရေး ပစ္စည်းတွေ၊ လယ်ထွန်စက်၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်အပိုပစ္စည်းနဲ့ ရေနံထွက်ပစ္စည်းတင်သွင်းမှုများ ဖြစ်ကြောင်း တွေ့ရပါတယ်။

နယ်စပ်ကုန်သွယ်မှုအနေဖြင့် ယခု ဘဏ္ဍာနှစ် နိုဝင်ဘာလထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၉၂၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ၁၈၂၄ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ၄၇၄၈ သန်းဖြစ်ပြီး ယခင် နှစ်ကာလတူထက် ပို့ကုန်အမေရိကန် ဒေါ်လာ၆၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ၁၀၆ သန်း ပိုမိုပြီး ကုန်သွယ်မှု အမေရိကန်ဒေါ်လာသန်း ၁၇၀ ပိုမိုကြောင်း တွေ့ရပါတယ်။ ယခုနှစ် နယ်စပ် ကုန်သွယ်မှုပိုငွေဟာ အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်မှုမှာ အဓိက ပို့ကုန်တွေကတော့ သဘာဝဓာတ်ငွေ့၊ Re-export စနစ်ဖြင့် သကြား၊ ကျောက်စိမ်း၊ ဆန်၊ ပြောင်း၊ ပဲတီစိမ်း၊ နှမ်း၊ ပြောင်း၊ မြေပဲဆန်၊ ရေထွက်ပစ္စည်းများ တင်ပို့ခဲ့ပြီး အဓိကသွင်းကုန်များမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ၊ လယ်ထွန်စက်နှင့် လယ်ယာသုံးနောက် တွဲယာဉ်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်း၊ ဓါတ်မြေသြဇာများ တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။

ယခင်က နယ်စပ်ကုန်သွယ်မှုဟာ မြန်မာနိုင်ငံကုန်သွယ်မှု တစ်ခုလုံးရဲ့ ၂၈ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သော်လည်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှာ အကြမ်းဖက်သောင်းကျန်းသူများရဲ့တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နိုဝင်ဘာလ ၂၀ ရက်မှ ၂၄ရက်ထိ ကုန်သွယ်မှု ခေတ္တရပ်ဆိုင်းခဲ့ရသဖြင့် ကုန်သွယ်မှု ကဏ္ဍအနေဖြင့် ပျမ်းမျှကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၅၅ သန်းကျော် ဆုံးရှုံးခဲ့ရပါတယ်။

➲ စာမျက်နှာ ၂၉ သို့

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အနည်းဆုံးလုပ်အားခနှုန်းထားအသစ်ကို ထိုင်းအစိုးရအဖွဲ့ အတည်ပြု

ထိုင်းအစိုးရအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်က စတင်အသက်ဝင်မည့်အနည်းဆုံးလုပ်အားခနှုန်းထားအသစ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်က အတည်ပြုခဲ့ပါသည်။ ယခုလက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီသတ်မှတ်ထားသည့် အနည်းဆုံးလုပ်အားခနှုန်း ဘတ် ၃၀၀ အား နယ်မြေဒေသကို အခြေခံ၍ ၅ ဘတ်၊ ၈ ဘတ်နှင့် ၁၀ ဘတ်နှုန်း စသည်ဖြင့် တိုးမြှင့်ပေးမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် စုစုပေါင်း ၇၇ ပြည်နယ်ရှိသည့်အနက် ၆၉ ပြည်နယ်ကို အနည်းဆုံးအခကြေးငွေ တိုးမြှင့်ပေးခဲ့သော်လည်း ကျန် ရှစ်ပြည်နယ်သည် တိုးမြှင့်မှုတွင် မပါဝင်ခဲ့ကြောင်း သိရှိရပါသည်။

အနည်းဆုံးလုပ်အားခတိုးမြှင့်မှုတွင် မပါဝင်သည့် ပြည်နယ် ရှစ်ပြည်နယ်မှာ နာခွန်စီသာမာရတ်၊ တာရန်၊ ရနောင်း၊ ချန်မွန်၊ ဆင်ဘူရီ၊ နာရာသီဝပ်၊ ပတ္တာနီနှင့် ယာလာပြည်နယ်တို့ဖြစ်သည်။ ထိုင်းအစိုးရသည် အနည်းဆုံးလုပ်အားခကို လေးနှစ်အတွင်း ပထမ ဆုံးအကြိမ်တိုးမြှင့်ပေးခြင်းဖြစ်ပြီး ပျမ်းမျှလုပ်အားခသည် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တာရုတ်နိုင်ငံတွင် Business Tax မှ Value Added Tax(VAT) သို့ ပြောင်းလဲကျင့်သုံး

တရုတ်နိုင်ငံတွင် ယခုနှစ်မေလမှ စတင်၍ ရှေ့ပြေးစီမံကိန်းတစ်ရပ်အဖြစ် ဆောက်လုပ်ရေး၊ အိမ်ခြံမြေလုပ်ငန်း၊ ငွေရေးကြေးရေးနှင့် စားသုံးသူဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ကောက်ခံသည့်အခွန်စနစ်အား ယခင် Business Tax (BT) စနစ်မှ VAT စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ရာ အောက်တိုဘာလကုန်အထိ ကုမ္ပဏီများ၏ အခွန်ဝန်ထုပ်ဝန်ပိုးကို အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် အထိလျှော့ချနိုင်ခဲ့ကြောင်း၊ ယခုနှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၇၃ ဘီလီယံ(တရုတ်ယွမ် ၅၀၀ ဘီလီယံ) အထိ လျှော့ချရန်ရည်ရွယ်ထားကြောင်း၊ နိုဝင်ဘာလ ၃၀ ရက်က ကျင်းပသည့် နိုင်ငံတော် ကောင်စီ အစည်းအဝေး၌ ဝန်ကြီးချုပ်လီခချန်းက ပြောကြားခဲ့ပါသည်။

အထူးသဖြင့် ဝန်ဆောင်မှုကုမ္ပဏီများ၏ အခွန်ဝန်ထုပ်ဝန်ပိုး လျှော့ချနိုင်ရန်နှင့် တီထွင်ဖန်တီးမှုနည်းပညာကိုအားပေးမြှင့်တင်ဖော်ထုတ်ရန်ရည်ရွယ်၍ VAT စနစ်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ပြည်တွင်းအခွန်ဌာနမှထုတ်ပြန် ချက်အရ ပို့ဆောင်ရေး၊ သိုလှောင်မှုနှင့် စာတိုက်ဝန်ဆောင်မှု၊ သတင်းအချက်အလက်၊ ကွန်ပျူတာဝန်ဆောင်မှုနှင့် ဆော့ဖ်ဝဲလုပ်ငန်းများ၌အခွန်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို ၂၅ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပြီး ဆောက်လုပ်ရေး၊ ငွေရေးကြေးရေး၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ဟိုတယ်နှင့်အခြား ဝန်ဆောင်မှုလုပ်ငန်းများ၌လည်း အခွန်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။ သို့သော် အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းများ၌မူ ခြောက် ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရ ပါသည်။

အထူးသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများစွာရှိကြောင်း ယခင် BT ငါးရာခိုင်နှုန်းကောက်ခံရာမှ VAT သုံးရာခိုင်နှုန်းသို့လျှော့ချခဲ့သဖြင့် လုပ်ငန်းအတွင်းသို့ ပြန်လည်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ ဖြစ်စေပါ သည်။

တရုတ်နိုင်ငံ၌ ကောက်ခံနေသည့် အဓိက VAT နှုန်းမှာ ခြောက်ရာခိုင်နှုန်း၊ ၁၁ ရာခိုင်နှုန်းနှင့် ၁၇ ရာခိုင်နှုန်း အသီးသီးရှိသဖြင့် OECD နိုင်ငံများ၌ ကောက်ခံသည့် ၁၉ ဒသမ ၁ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက လျော့နည်းကြောင်း သိရှိရပါသည်။ ကမ္ဘာ့ နိုင်ငံပေါင်း ၁၇၀ ခန့်မှာ VAT စနစ်ကို ကျင့်သုံးနေပြီး တရုတ်နိုင်ငံသည် ငွေရေးကြေးရေး ကဏ္ဍ၌ VAT စနစ်ကို စတင်ကျင့်သုံးသည့်နိုင်ငံဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ VAT သို့ ပြောင်းလဲခြင်းသည် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံနေသည့် ကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာခြင်းနှင့် စီးပွားရေးလုပ်ငန်းစတင်ရန် အခွင့်အလမ်းများပိုမိုလမ်းပွင့်လာခြင်း စသည့်ပြောင်းလဲမှုများဖြစ်လာနိုင်ကြောင်း သုံးသပ်ထားပါသည်။

အစိုးရကလည်း VAT စနစ်သို့ ပြောင်းလဲကျင့်သုံးမှုနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုများကို သေချာစွာစောင့်ကြည့် ဆောင်ရွက်သွားမည် ဖြစ်သည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# တရားမဝင်ငွေစက္ကူကြေညာခဲ့ခြင်းကြောင့် ဆောင်းသီးနှံစိုက်ပျိုးမှုကို အနည်းငယ်ရိုက်ခတ်မှုရှိသော်လည်း စိုက်ကေဆက်လက်မြင့်တက်

အိန္ဒိယနိုင်ငံတွင် ရာသီအလိုက်သီးနှံစိုက်ပျိုးပြီးစီးမှု အခြေအနေများကို အပတ်စဉ်ထုတ်ပြန်လျက်ရှိရာ နိုဝင်ဘာ ၂၅ရက်အထိ အိန္ဒိယနိုင်ငံ၏ ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ဟက်တာ ၃၂၇ ဒသမ ၆၂သိန်းခန့်ရှိခဲ့ကြောင်း နိုဝင်ဘာ ၁၈ ရက်စာရင်းအရ ဟက်တာ ၂၄၁ ဒသမ ၇၃ ခန့် သာစိုက်ပျိုးပြီးစီးခဲ့သည့်အတွက် ယခင် ရက်သတ္တပတ်ထက် ၃၆ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သောအချက်အလက်များအရ သိရှိရပါသည်။

ယခင်နှစ်အလားတူကာလက ဟက်တာ ၃၁၃ ဒသမ ၁၇ သိန်းခန့် သာစိုက်ပျိုးပြီးစီးခဲ့သည့်အတွက် အဆိုပါကာလနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် ၄ ဒသမ ၆၂ ရာခိုင်နှုန်းခန့် မြင့်မားလာခဲ့ကြောင်း၊သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးပြီးစီး မှုအခြေအနေတွင် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ဂျုံစိုက်ပျိုးမှုမှာ ယခင်နှစ်ထက်မြင့်မားခဲ့ပြီး ပြောင်းနှင့်ဆန်စိုက်ပျိုးမှုအခြေအနေမှာ ကျဆင်းခဲ့ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးမှုကို ဟက်တာ ၆၃၈ ဒသမ ၀၉ သိန်း အထိ ရောက်ရှိရန် အိန္ဒိယအစိုးရအနေဖြင့် ရည်မှန်းထားကြောင်းသိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် နှစ်နှစ်ဆက်တိုက် မိုးခေါင်ရေရှားမှု ကြုံတွေ့ခဲ့ရပြီးနောက် ၂၀၁၆ခုနှစ်တွင် ပုံမှန်မုတ်သုံရာသီအခြေအနေကို ပြန်လည်ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ်တွင် စိုက်ပျိုးဧကနှင့် သီးနှံအထွက်နှုန်းမြင့်တက်နိုင်မည့် အလားအလာများ ကောင်းမွန်နေခဲ့ကြောင်း၊ သို့ရာတွင် အိန္ဒိယအစိုးရက လည်ပတ်နေသော ငွေစက္ကူများအနက်မှ ၈၆ရာခိုင်နှုန်းခန့်အား တရားမဝင် ငွေစက္ကူများအဖြစ် ကြေညာလိုက်ပြီးနောက်တွင် လယ်သမားများအနေဖြင့် မျိုးစေ့များ၊ မြေဩဇာများဝယ်ယူရန် ငွေသားပြတ်လပ်မှုများနှင့်ကြုံတွေ့နိုင်သည့်အတွက် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုကို ဆိုးရွားစွာသက်ရောက်လာမည်ကို စိုးရိမ်ပူပန်နေကြကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဗြိတိန်ဝန်ကြီးချုပ်၏ အိန္ဒိယခရီးစဉ်အတွင်း ပေါင်တစ်ဘီလီယံကျော်ရှိသည့်သဘောတူစာချုပ်များ ချုပ်ဆိုခဲ့

နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ဗြိတိန်ကုန်သွယ်ရေးအဖွဲ့ကို ဦးဆောင်ကာ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၏ သုံးရက်ကြာခရီးစဉ်အတွင်း ဗြိတိန်နှင့်အိန္ဒိယကုမ္ပဏီများအကြား စတာလင်ပေါင် ၁ဒသမ ၂ဘီလီယံခန့်(ရူပီး၁၀၂၂၆ ကုဋေခန့်) ပမာဏရှိ စီးပွားရေးဆိုင်ရာ သဘောတူညီမှုစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ဗြိတိန်အနေဖြင့် အီးယူအဖွဲ့မှ နုတ်ထွက်ပြီးပါက ကမ္ဘာ့ရေးရာ ကဏ္ဍတွင် စာမျက်နှာသစ်ဖွင့်လှစ်နိုင်ရန်နှင့် ကိုယ်ပိုင်ယုံကြည်ချက်ရှိသော လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာစေရန်အတွက် အိန္ဒိယနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း ဗြိတိန်စီးပွားရေးလုပ်ငန်းများအနေဖြင့် အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်မှု ပိုမိုဆောင်ရွက်ရန်၊ ဗြိတိန်နိုင်ငံတွင် အလုပ်အကိုင်များပိုမိုဖန်တီးပေးနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်လာနိုင်ရန် အိန္ဒိယအစိုးရနှင့် သဘောတူညီခဲ့ကြကြောင်း၊ ဗြိတိန်နိုင်ငံတွင် အခြေချနေထိုင်သည့် အိန္ဒိယနွယ်ဖွား လူဦးရေပေါင်း ၁ ဒသမ ၅သန်းနီးပါးခန့်ရှိရာ အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများသည် ဗြိတိန်နိုင်ငံအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ပြင်သာမကအိန္ဒိယနိုင်ငံသည် ဗြိတိန်နိုင်ငံ၏ ဒုတိယအများဆုံး နိုင်ငံတကာအလုပ်အကိုင် ဖန်တီးပေးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်ကလည်း အိန္ဒိယနိုင်ငံသည် ဗြိတိန်နိုင်ငံရှိ စီမံကိန်းပေါင်း ၁၄၀ခန့်မှ အလုပ်အကိုင်သစ်ပေါင်း ၈၁၀၅ခန့်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် ဗြိတိန်နိုင်ငံရှိ အိန္ဒိယကုမ္ပဏီများကလည်း ဗြိတိန်ပြည်သူပေါင်း ၁၀၀၀၀၀ ကျော်အား အလုပ်ခန့်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိမ်ရာဝယ်ယူမှုအပေါ် တရုတ်အစိုးရက တင်းကျပ်သည့်ကန့်သတ်ချက်များ ချမှတ်

ယခုနှစ်အစောပိုင်းမှ နိုဝင်ဘာအထိ တရုတ်ပြည်မကြီး၏မြို့၂၁မြို့တွင် အိမ်ရာအသစ် ရောင်းချမှုများ ၂၂ရာခိုင်နှုန်းအထိကျဆင်းခဲ့သော်လည်း တရုတ်နိုင်ငံ၏ မြို့ အတော်များများရှိ မြူနီစီပယ်အစိုးရများ အထူးသဖြင့် ရှန်ဟဲ၊ တီယန်ကျင်းနှင့် ကျီနန်မြို့များတွင် အိမ်ရာရောင်းဝယ်မှုများအပေါ် ကန့်သတ်ချက်အသစ်များ ထုတ်ပြန်ခဲ့သည်။ ရှန်ဟဲတွင် ပထမဆုံးအကြိမ်အိမ်ရာဝယ်ယူသူများအတွက် ကနဦးငွေပေးချေမှု (down payment) မှာ ၃၀ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ ပေးချေရန်သတ်မှတ်ခဲ့သည်။

ဒုတိယအကြိမ်အိမ်ရာဝယ်ယူသူများအနေဖြင့် ကနဦးငွေပေးချေမှုအဖြစ် ၅၀ရာခိုင်နှုန်း ပေးချေရမည်ဖြစ်သည်။ နေထိုင်ရန်မဟုတ်ဘဲ စီးပွားဖြစ်အဆောက်အဦး၊ ရုံးခန်းဝယ်ယူမှုများအတွက် ၇၀ ရာခိုင်နှုန်းအထိ ကနဦးအနေဖြင့်ငွေပေးချေရန် သတ်မှတ်ခဲ့သည်။ ၎င်းအပြင် အိမ်ရာဈေးနှုန်းမှာ ဝယ်ယူသူဝင်ငွေ၏ ၄၀ရာခိုင်နှုန်းကျော်လွန်ခဲ့ပါက အပေါင်စာချုပ်ဖြင့် ငွေချေးယူခွင့်အား တားမြစ်ထားသည်။ ဒုတိယအကြိမ် အိမ်ရာဝယ်ယူသူများအနေဖြင့် အစိုးရ၏အိမ်ရာရန်ပုံငွေမှ ချေးယူပါက ၁၀ရာ ခိုင်နှုန်းအတိုးပေးရမည်ဖြစ်ပြီး အများဆုံး ယွမ်တစ်သိန်းသာ ချေးယူခွင့်ပြုထားသည်။

တီယန်ကျင်းမြို့တွင်လည်း တင်းကျပ်သည့်ကန့်သတ်ချက်များ ချမှတ်ခဲ့ပြီး ပထမဆုံးအကြိမ် အိမ်ရာဝယ်ယူသူများအား ကနဦးပေးချေမှုမှာ ယခင် ၂၀ရာခိုင်နှုန်းမှ အနည်းဆုံး ၃၀ ရာခိုင်နှုန်းအထိနှင့် ဒုတိယအကြိမ် အိမ်ရာဝယ်ယူသူများအား ၄၀ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ရှန်းတုန်းပြည်နယ် ကျီနန်းမြို့တွင် ဘဏ်များအား နိုဝင်ဘာလ ၂၈ရက်မှ ၃၀ရက်နေ့အထိ အပေါင်စာချုပ်ထုတ်ဝေမှုအား တားမြစ်ထားခဲ့သည်။

အိမ်ရာဈေးနှုန်းမြင့်တက်သည့် ဒေသများတွင် အပေါင်စာချုပ်ဖြင့် ချေးငှားမှုကို နောက်ထပ်မပြုလုပ်ရန် တရုတ်အစိုးရက ဗဟိုဘဏ်အား တင်းကျပ်သည့်မူဝါဒများ ချမှတ်ပေးပြီး အိမ်ခြံမြေဈေးနှုန်း ဆက်လက်ကျဆင်းစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းအပြင် အဓိကမြို့ကြီးများရှိ ငွေထုတ်ချေးသည့် လုပ်ငန်းများအား အိမ်ရာသစ်များအတွက် ချေးငွေထုတ်ချေးခြင်းအား ရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့ကြောင်းသိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၂–၁၂–၂၀၁၆)

မြင့်ဆွေ

## ရွှေဘိုဈေးကွက်မှာ နှမ်းနက်အသစ်များ ဆက်လက်ဝင်

ရွှေဘိုဈေးကွက်ထဲသို့ အနီးတစ်ဝိုက်ရှိနယ်များမှ နှမ်းနက်အသစ်များ ဆက်တိုက်ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မန္တလေးကုန်သည်များက တစ်ပိဿာကို ၃၂၄၃ ကျပ်(တစ်တန် ၁၉၈၅၉၈၁ ကျပ်) နဲ့ဝယ်ယူခဲ့ပါတယ်။ ဝယ်လက်များက ယခင်တစ်ပတ်ထက်အဝယ်လျော့ပြီး တစ်နေ့အိတ် ၄၀၀ ခန့် ဝယ်ယူခဲ့ပါတယ်။ မြေပဲလုံးဆန်အဖြူက ယခင်တစ်ပတ်ထက် ကျပ် ၂၀ ပိုပြီး တစ်ပိဿာကို ကျပ် ၂၄၀၀ (တစ်တန် ၁၄၆၉၇၃၆ ကျပ်)နဲ့ မန္တလေးကုန်သည်များက နေ့စဉ်အိတ် ၁၀၀ ကျော် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျ

ယခုတစ်ပတ်တောင်ကြီးဈေးကွက်ထဲသို့ ပတ်ဝန်းကျင်ဒေသများမှ ပြောင်းများအဝင်ပိုခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၁၀ကျပ်ကျပြီး ကျပ် ၂၉၀ (တစ်တန် ၁၇၇၅၉၃ ကျပ်) နဲ့ အရောင်းဈေးကွက်ဖွင့်ခဲ့ပါတယ်။ ဈေးကွက်ထဲမှ ပြောင်းများကို ရန်ကုန်၊ မန္တလေးအပြင် မော်လမြိုင်အထိပါ တင်ပို့ခဲ့ပြီး ယခင် တစ်ပတ်ထက်ပိဿာချိန် ၆၀၀၀၀ ပိုပြီး ပိဿာ ၃၉၀၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှ ပြောင်းများ မူဆယ်သို့ တင်ပို့မှုများလာ

ယခုတစ်ပတ်အတွင်း လားရှိုး၊ မူဆယ်လမ်းပိုင်းတွင် ဒေသလုံခြုံမှုရှိလာသဖြင့် လားရှိုးမှပြောင်းများ အရောင်းအဝယ်ကောင်းလာပါတယ်။ ပြောင်းဈေးကွက်မှာ ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၁၀ ကျပ်ကျပြီး ကျပ် ၃၁၀(တစ်တန် ၁၈၉၈၄၁ ကျပ်) နဲ့ ယခုတစ်ပတ်အတွင်း ပိဿာချိန် ၇၅၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မူဆယ် (၁၀၅)မိုင်သို့ ပြောင်းတစ်ပိဿာ သယ်ယူခများမှာ လားရှိုးမှ ၅၅ ကျပ်၊ သီပေါ မှ ကျပ် ၆၀၊ ကျောက်မဲမှ ၆၅ ကျပ်နဲ့ နောင်ချိုမှကျပ် ၇၀ ဈေး အသီးသီးပေါက်ခဲ့တယ်လို့ မော်တော်ယာဉ်ဂိတ်များမှ သိရှိခဲ့ပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်အတွင်း နယ်မြေအေးချမ်းလာပြီး မန္တလေး၊ လားရှိုးဘက်မှ ကုန်တင်ကားများ ပုံမှန်ဝင်ရောက်လာတာကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ ပြောင်းများပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပစ္စည်းပေါ်မူတည်ပြီး ၅၀ ကီလိုတစ်အိတ်ကို ၆၆ ယွမ်မှ ၇၂ ယွမ်အကြား (တစ်တန် ၁၃၂၀ ယွမ်မှ ၁၄၄၀ ယွမ်) အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းနဲ့ မြေပဲလုံးဖြူ ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲသစ်များဝင်လာပြီး အသစ်ရောအဟောင်းပါ ဈေးကောင်းရခဲ့ပါတယ်။ ပဲတီစိမ်းမှာ ယခင်တစ်ပတ်က တစ်ပိဿာကို ၁၂၁၁ ကျပ်မှ ယခုတစ်ပတ်မှာ ၁၂၈၉ ကျပ်(တစ်တန် ၇၈၉၃၇၀ ကျပ်) အထိ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မြေပဲလုံးဖြူ(အသစ်) က ယခင်တစ်ပတ်ထက် တစ်ပိဿာ ၇၅ ကျပ်တက်ပြီး ၂၆၇၅ ကျပ်(တစ်တန် ၁၆၃၈၁၄၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲကို မြေပဲလုံးနီအသစ် ဝင်လာပြီး တစ်ပိဿာ ၂၄၇၅ ကျပ်(တစ်တန် ၁၅၁၅၆၆၅ ကျပ်) နဲ့ ရောင်းချခဲ့ပါတယ်။ ဒေသတွင်းကုန်သည်များက တစ်ဆင့်ရောင်းချရန် ထောပတ်ပဲကို ကျပ် ၇၄၀ (တစ်တန် ၄၅၃၁၆၉ ကျပ်) ဈေးဖွင့်ဝယ်ခဲ့တယ်လို့ သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်အတွင်းမှာ မတ်ပဲက ကျဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစိုက်ကာလဖြစ်ပြီး လက်ကျန်ပဲများက ဈေးကွက်ထဲ အနည်းငယ်သာဝင်လာနိုင်တာကြောင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ဈေးကွက်ဝင်လာတဲ့မတ်ပဲများက အရည်အသွေးညံ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်ပိဿာကို ကျပ် ၁၅၀ ဈေးကျပြီး ကျပ် ၁၇၀၀ (တစ်တန် ၁၀၄၁၀၆၃ ကျပ်)နဲ့ နေ့စဉ်အိတ် ၄၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် အောင်လံဈေးကွက်အတွင်း ပဲတီစိမ်းအသစ်က ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ၂၅ ကျပ်တက်ပြီး တစ်ပိဿာကို ကျပ် ၁၅၀၀(တစ်တန် ၉၁၈၅၈၅ ကျပ်)နဲ့ မန္တလေးကုန်သည်များက ဝယ်ခဲ့ပါတယ်။ ဈေးအနည်း ငယ်တက်လာတာကြောင့် ဝယ်လက်များက အဝယ်နည်းခဲ့ပါတယ်။ ကုလားပဲ(ဟော်လန်)က ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၄၅ ကျပ်ဈေးကျပြီး ကျပ်၂၄၀၀ (တစ်တန် ၁၄၆၉၇၃၆ ကျပ်)နဲ့မြို့ခံ ပဲခွဲစက်လုပ်ငန်းရှင်များက တစ်ပတ်အတွင်း အိတ် ၄၀၀ ခန့်ဝယ်ယူခဲ့ပါတယ်။ ပဲကြီးတစ်ပိဿာကို ကျပ် ၁၁၅၀ (တစ်တန် ၇၀၄၂၄၉ ကျပ်) ဈေးပေးပြီး ဒေသခံကုန်သည်များက တစ်ဆင့်ပြန်ရောင်းရန် ဝယ်ယူခဲ့ပါတယ်။ မြေပဲဆီဆန်က တစ်ပိဿာကို ကျပ် ၁၇၀၀ (တစ်တန် ၁၀၄၁၀၆၃ ကျပ်) ဈေးပေးပြီး ဆီစက်ပိုင်ရှင်များက တစ်ပတ်အတွင်း အိတ် ၆၀၀ ကျော် ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာကို ၁၈၉၅ကျပ် ဈေးရခဲ့ပေမယ့် ယခုတစ်ပတ်မှာ ကျပ် ၁၈၉၀ (တစ်တန် ၁၁၅၇၄၁၇ ကျပ်) နဲ့ ဈေးချပြီး မြို့ခံဆီစက်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲ ဝင်လာတဲ့ နှမ်းနက်က အရည်အသွေး အနည်းငယ်ညံ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၅၅ ကျပ်ဈေးချပြီး ကျပ် ၂၇၈၀ (တစ်တန် ၁၇၀၂၄၄၄ ကျပ်)နဲ့ ဝယ်ဈေးဖွင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်းတစ်ပိဿာကို ကျပ် ၃၃၈၀မှ ယခုတစ်ပတ်မှာ ကျပ် ၃၂၇၀(တစ်တန် ၂၀၀၂၅၁၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းရောင်စုံအိတ် ၁၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဝါဈေးတက်

ယခုတစ်ပတ်အတွင်း ပခုက္ကူဈေးကွက်မှာ ကုလားပဲဝါ ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်ကထက် တစ်ပိဿာကို ၃၅ ကျပ်ပိုပြီး ၂၅၃၅ ကျပ်(တစ်တန် ၁၅၅၂၄၀၉ ကျပ်)နဲ့ ပဲခွဲစက်များက ဝယ်ယူခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိဿာကို ၁၄၂၅ ကျပ်ဈေးမှ ယခုတစ်ပတ်အတွင်း ၁၃၈၅ ကျပ် (တစ်တန် ၈၄၈၁၆၀ ကျပ်) အထိ ဈေးကျခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းနဲ့ ကုလားပဲဖြူ(လုံးကြီး)တို့ အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့သော်လည်း သီးခြားဈေးဖွင့်ရောင်းခဲ့ခြင်းမရှိခဲ့ဘူးလို့ သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲဝါ ဈေးကျ၊ ကုလားပဲဖြူနဲ့ ပဲပုပ် ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ ကုလားပဲဝါ တစ်ပိဿာကို ကျပ် ၅၀ ဈေးကျပြီး ကျပ် ၂၃၇၀ (တစ်တန် ၁၄၅၁၃၆၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲခွဲစက်များက အိတ် ၇၀၀ ကျော်ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က ရောင်းတဲ့ဈေးအတိုင်း ပဲပုပ်တစ်ပိဿာကို ကျပ် ၁၀၆၀ (တစ်တန် ၆၄၉၁၃၃ ကျပ်)၊ ကုလားပဲဖြူ တစ်ပိဿာကို ၂၄၇၅ ကျပ်(တစ်တန် ၁၅၁၅၆၆၅ ကျပ်)နဲ့ ဆက်ရောင်းခဲ့ပြီး တစ်ပတ်အတွင်း နှစ်မျိုးပေါင်း အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ပဲဇီးကွက်တစ်ပိဿာကို ၉၇၅ ကျပ်(တစ်တန် ၅၉၇၀၈၀ ကျပ်)နဲ့ အိတ် ၄၅၀ ကျော်၊ ထောပတ်ပဲတစ်ပိဿာကို ကျပ် ၇၄၀ (တစ်တန် ၄၅၃၁၆၉ ကျပ်) နဲ့ အိတ် ၃၀၀ ကျော် အသီးသီး ရောင်းချခဲ့တယ် လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းနီဈေးတက်ပြီး နှမ်းဖြူနဲ့နှမ်းနက်စမုံဈေးကျ

ယခုတစ်ပတ်မကွေးဈေးကွက်အတွင်း ဆီစက်လုပ်ငန်းရှင်များ ဝယ်ယူမှုများလာသဖြင့် နှမ်းနီဈေးက တစ်ပိဿာကျပ် ၂၀ တက်ပြီး ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၁၄၅ ကျပ်ဈေးမှ ကျပ် ၂၁၁၀ (တစ်တန် ၁၂၉၂၁၄၃ ကျပ်)အထိ ဈေးအနည်းငယ်ကျခဲ့ပါတယ်။ မန္တလေးဝယ်လက်များက ယခုတစ်ပတ်အတွင်း နှမ်းနက်စမုံတစ်ပိဿာကို ၃၂၄၅ ကျပ် (တစ်တန် ၁၉၈၇၂၀၆ ကျပ်) ဈေးဖြင့် ဝယ်ယူခဲ့ပါတယ်။ နှမ်းနက်စမုံ ဝယ်ယူသူများက ပစ္စည်းညံ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၁၃၅ ကျပ်ဈေးလျှော့ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းနက်တစ်ပိဿာကို ကျပ် ၂၆၁၀ (တစ်တန် ၁၅၉၈၃၃၈ကျပ်)နဲ့ဈေးဖွင့်ခဲ့ပြီး ဈေးကွက်အတွင်း နှမ်းရောင်စုံအိတ် ၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မြေပဲဆန်နီဈေးကွက်မှာ ယခင်တစ်ပတ်ထက် တစ်ပိဿာကို ကျပ် ၁၀၀ ဈေးကျခဲ့ပြီး ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲနောက် တစ်ပိဿာ ကျပ် ၁၂၁၀ မှ ယခုတစ်ပတ်မှာ ကျပ်၁၁၃၀ (တစ်တန် ၆၉၂၀၀၁ ကျပ်) အထိဈေးကျပြီး တစ်ပတ်အတွင်း အိတ် ၃၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်ထက် တစ်ပိဿာ ၆၅ ကျပ် ဈေးကျပြီး ကျပ် ၁၂၄၀ (တစ်တန်၅၉၅၃၆၄ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၃၂၀၀ကျော် ရောင်းချခဲ့ပါတယ်။ ကုလားပဲ (ဝါကြီး)က ယခုတစ်ပတ်ဈေးကွက်ဝင်လာပြီးတစ်ပိဿာ ကျပ် ၂၅၃၀ (တစ်တန် ၁၅၄၉၃၆၇ ကျပ်)နဲ့ ပဲခွဲစက်လုပ်ငန်းရှင် များက တစ်ပတ်အတွင်း အိတ် ၁၂၀၀ ကျော် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲမျိုးစုံဈေးများကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်ပအဝယ်နည်းတာကြောင့် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးများကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ (FAQ) တစ်တန် ကျပ် ၁၁၇၂၀၀၀ ဈေးမှ ယခုတစ်ပတ်အတွင်း ကျပ် ၁၁၀၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲ (FQ) ကယခင်တစ်ပတ်ရောင်းဈေးတစ်တန် ကျပ် ၁၂၅၂၆၀၀ မှ ကျပ် ၁၁၁၅၀၀၀ အထိ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်တန်ကို ကျပ် ၈၈၅၀၀၀ ဈေးမှ ယခုတစ်ပတ်မှာ ကျပ် ၈၃၀၀၀၀ အထိ ဈေးကျခဲ့တယ်လို့ သိရပါတယ်။



# အားလုံးနဲ့သက်ဆိုင်နေတဲ့ မြန်မာငွေတန်ဖိုးဖောင်းပွမှု


|CTM|

**ယခုတလော ငွေကြေးတန်ဖိုးဖောင်းပွမှု တစ်နည်းအားဖြင့် ဒေါ်လာဈေးနှုန်းမြင့်တက်မှုနဲ့ ပတ်သက်လို့အသံတွေ ကျယ်ကျယ်လောင်လောင်ကြားနေရပါတယ်။ တချို့က ကုန်သွယ်မှုပမာဏလိုငွေပြမှု(Trade Deficit)ဖြစ်တာ ကာလကြာရှည်နေတာကြောင့်လို့ ဆိုကြပြီး တချို့ကတော့ ပြည်တွင်းထုတ်လုပ်မှုအားနည်းပြီး သွင်းကုန်အပေါ် မှီခိုအားထားမှုကြီးမားလာတာကြောင့်လို့လည်း ဆိုကြပြန်တယ်။**

ဒီကြားထဲ မော်တော်ယာဉ်တွေ တင်သွင်းတာများနေလို့ဒေါ်လာတွေစီးထွက်ပြီး ဒေါ်လာဈေးနှုန်းတွေတက် လာတာပါလို့လည်း ထင်ယောင်ထင်မှားဆိုကြသလို တချို့ကြပြန်တော့လည်း ပြည်တွင်းကို စီးဝင်လာရမယ့်ငွေနဲ့စီးထွက်နေတဲ့ ငွေတွေကို ဗဟိုဘဏ်က မှန်မှန်ကန်ကန် စီမံခန့်ခွဲနိုင်မှု မရှိတာကြောင့်လို့လည်း ဝေဖန်ကြသေးတယ်။ ဒါနဲ့ပတ်သက်လို့သုတေသီများ၊ပညာရှင်များရဲ့အမျိုးမျိုးသော သီအိုရီတွေ၊ အယူအဆတွေကလည်း မတူကွဲပြားစွာအဖြေထွက်လို့နေတာကို တွေ့နေ၊ကြားနေရပါတယ်။ဝေဖန်ချက်တွေ အမျိုးမျိုး၊ ယူဆချက်တွေ အဖုံဖုံကြားထဲမှာ စာရေးသူအနေနဲ့ကုန်သွယ်ရေးမူဝါဒနဲ့များ ဆက်နွှယ်နေမလားဆိုတာကိုကုန်သွယ်ရေးဆိုင်ရာ အချက်အလက်တွေအပေါ် အခြေခံပြီး နည်းနည်းသုံးသပ်တင်ပြလိုပါတယ်။

## ဒေါ်လာတန်ဖိုးမြင့်တက်လာခဲ့တဲ့ကောက်ကြောင်း

ပထမဆုံးအနေနဲ့ ဒေါ်လာဈေးနှုန်းတွေကို ကြည့်ရင် ၂၀၁၁ ခုနှစ်မှာ လစဉ်ပျမ်းမျှဈေးနှုန်းတွေဟာ တစ်ဒေါ်လာကို မြန်မာငွေကျပ် ၈၅၀လောက်ကနေ ၇၅၀ ကျပ် ဝန်းကျင်အထိ အကျဘက်ဆင်းခဲ့တဲ့အခြေအနေရှိခဲ့ရာမှ ၂၀၁၂ခုနှစ်မှာ ကျပ် ၈၅၀ တစ်ပတ်လည်မှာ ရှိနေခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် ၂၀၁၃ ခုနှစ်၊ နှစ်ဆန်းပိုင်းကနေစပြီး ဖြည်းဖြည်းမှန်မှန်မြင့်တက်လာခဲ့ရာ ဧပြီလမှာ ၉၀၀ကျပ် ဝန်းကျင်ကနေ ကျန်လပိုင်းတွေမှာ တောက်လျှောက် မြင့်တက်ခဲ့တဲ့အတွက် ဒီဇင်ဘာလရဲ့ ပျမ်းမျှဈေးနှုန်းဟာ ၉၉၀ နီးပါးအထိကို ရောက်ရှိခဲ့ပါတယ်။ ၂၀၁၄ နှစ်ဆန်းအထိလည်း ကျပ် ၁၀၀၀ အောက်မှာ မှန်တမ်းလေးအကျမရှိဘဲ တက်လာခဲ့ရာကနေ အောက်တိုဘာလောက်ကစပြီး ကျပ် ၁၀၀၀ အထက်ကို ခုန်ကျော်တက်လာခဲ့ရာ ၂၀၁၅ ခုနှစ် တစ်နှစ်လုံး အကျမရှိဘဲ မြင့်တက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ နှစ်ဆန်းမှာ တစ်ဒေါ်လာ ကျပ် ၁၃၀၀ ဝန်းကျင်ကနေ စခဲ့ပြီး ဖေဖော်ဝါရီလကနေ ဧပြီလအထိ အကျဘက်ကို ဆင်းခဲ့ပေမယ့် ဇွန်၊ ဇူလိုင်မှာ ပြန်လည်ဦးမော့လာခဲ့ရာ စက်တင်ဘာလကနေ လက်ရှိ ဒီဇင်ဘာလအထိ အရှိန်နှုန်းမြင့်မြင့်နဲ့တက်နေဆဲဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒေါ်လာဈေးနှုန်းကောက်ကြောင်းကအမြင့်ဘက်ကို မှန်မှန်လေး ဦးတည်နေရာကနေ ၂၀၁၆ ခုနှစ်၊ နောက်ဆုံး လေးလခန့်မှာတော့ မူမမှန်ဘဲ အမြင့်ကို တောက်လျှောက်တက်သွားတဲ့ အနေအထားကို တွေ့ရပါတယ်။





အဲဒီနောက် မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုကို လေ့လာကြည့်ရင် အကောက်ခွန်ရဲ့ပို့ကုန်/သွင်းကုန် စာရင်းတွေအရ ဆယ်စုနှစ်အတွင်း ကုန်သွယ်မှုလမ်းကြောင်း(trade trend )ဟာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ် ကနေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ တစ်ရှိန်ထိုးတက်လာတာကို တွေ့ရပြီး ၂၀၁၄-၁၅ ဘဏ္ဍာနှစ်ကနေ လက်ရှိကာလအထိမှာတော့ အကျဘက် ကိုသိသိသာသာရောက်ရှိလာတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်နှစ်တာ ကာလအတွင်း ကုန်သွယ်မှုကဏ္ဍမှာ ပို့ကုန်တွေ သာမက သွင်းကုန်တွေပါ ကျဆင်းလာခဲ့တာကို တွေ့ရပါတယ်။ အားလုံးသိတဲ့အတိုင်း မြန်မာနိုင်ငံရဲ့အဓိကပို့ကုန်တွေဖြစ်တဲ့ လယ်ယာ ထွက်ကုန်ပစ္စည်းနဲ့ ရေထွက်ကုန်တွေရဲ့တင်ပို့မှုက ရာသီဥတုဖောက်ပြန်နေတာရယ်၊ခေတ်မီနည်းစနစ်များကို အသုံးပြုနိုင်ခြင်းမရှိသေးဘဲ သမားရိုးကျစိုက်ပျိုးထုတ်လုပ်မွေးမြူနေဆဲဖြစ်နေသေးတာရယ်ကြောင့် အထွက်နှုန်းလျော့ကျပြီး ၂၀၁၄-၁၅ ဘဏ္ဍာနှစ်ထက် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်မှာ သိသိသာသာတင်ပို့မှု လျော့နည်းခဲ့ပါတယ်။ အလားတူ ကျောက်မျက်ရတနာကလည်း အကြောင်းအမျိုးမျိုးကြောင့် ထွက်ရှိမှုလျော့ကျလာသလို ရောင်းဝယ်မှုပိုင်းမှာပါ အရှိန် တန့်နေတဲ့ အတွက် ပို့ကုန်တန်ဖိုးကျဆင်းစေဖို့ အားပေးခဲ့သလို ဖြစ်နေပါတယ်။

သွင်းကုန်အနေအထားကို ကြည့်ပြန်ရင်လည်း၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ တင်သွင်းမှုတန်ဖိုးက အကျမရှိဘဲ အမြင့်ဘက်ကို သွားနေပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်မှာတော့ အနည်းငယ် လျော့ကျခဲ့ပြီး လက်ရှိဘဏ္ဍာနှစ် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တင်သွင်းမှုဟာ ပြီးခဲ့တဲ့ နှစ်ကာလတူနဲ့ယှဉ်ရင်လည်း သိသိသာသာလျော့ကျနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်နှစ်အတွင်း တင်သွင်းမှုလျော့ကျတဲ့ ကုန်စည်တွေထဲမှာ စက်နဲ့စက်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဘိလပ်မြေ၊ ရေနံထွက်ပစ္စည်း၊ ယာဉ်နဲ့ယာဉ်အပိုပစ္စည်းများဖြစ်တဲ့ တာယာနဲ့ ကျွတ်အစရှိတဲ့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းနဲ့ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများပါဝင်တာကို တွေ့ရပါတယ်။

ကုန်သွယ်မှုမျှခြေ (Trade Balance )ကို လေ့လာရင်တော့ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်အထိ ဆက်တိုက်နှစ်တွေမှာ ကုန်သွယ်မှုပမာဏ ပိုငွေ( trade surplus)တွေဖြစ်ခဲ့ပြီး ၂၀၁၂-၁၃ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှု ပမာဏလိုငွေ(trade deficit) အမေရိကန်ဒေါ်လာသန်း ၉၀ ခန့်ပြခဲ့ရာမှ နောက်ပိုင်းနှစ်တွေမှာ လိုငွေပြမှုပမာဏဟာ ပိုမို များပြားလာခဲ့ပါတယ်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်မှာတော့ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံကျော်ရှိတဲ့အနက် လိုငွေပမာဏ အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်အထိ အမြင့်ဆုံးနှစ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ၂၀၁၆-၁၇ လက်ရှိဘဏ္ဍာနှစ်မှာလည်း လိုငွေရှိနေဆဲဖြစ်ပေမယ့် ယခင်ဘဏ္ဍာနှစ်ကာလတူထက်တော့ လိုငွေပြမှုပမာဏက အကျဘက်သို့ဆင်းလာတဲ့အနေအထားများကိုကုန်သွယ်မှု အခြေပြဂရပ်များက ညွှန်ပြနေပါတယ်။




## ဒေါ်လာတန်ဖိုးမြင့်တက်မှုနဲ့ကုန်သွယ်မှုလိုငွေအချိုးညီမှုရှိရဲ့လား

ကုန်သွယ်မှုမှာ သွင်းကုန်ကများပြီး လိုငွေပြခဲ့တဲ့ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်မှာ ဒေါ်လာတန်ဖိုးက သိသိသာသာ တိုးလာတာ မဟုတ်သေးပေမယ့်၂၀၁၃-၁၄ ဘဏ္ဍာနှစ်နောက်ပိုင်းမှာတော့ ကုန်သွယ်မှုလိုငွေပြမှုနဲ့ယှဉ်တွဲပြီး ဒေါ်လာဈေးနှုန်းမြင့်တက်မှုဟာ ဓမ္မတာအတိုင်း တိုးလာခဲ့တာတွေ့ရပါတယ်။ ဒါပေမဲ့ လက်ရှိဘဏ္ဍာနှစ် ၂၀၁၆-၁၇ မှာ ကုန်သွယ်မှုလိုငွေပြတဲ့အနေအထားက အကျ ဘက်ကို ဆင်းလာနေပေမယ့် ဒေါ်လာတန်ဖိုးကအတူယှဉ်တွဲပြီး ကျဆင်းမလာဘဲ အရှိန်နဲ့ဆက်လက်မြင့်တက်နေတဲ့ အခြေအနေဟာ ထူးခြားမှုတစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။ ဆိုလိုချင်တာကတော့ သွင်းကုန်တွေက ပို့ကုန်တန်ဖိုးထက်များနေလို့ဒေါ်လာဝယ်ယူရမှုများတဲ့အတွက် ဒေါ်လာဈေးနှုန်းတွေတက်တာ အချိုးအစားညီမျှမှုရှိရင် သဘာဝဖြစ်တာမို့ ပြီးခဲ့တဲ့ သုံးနှစ်လောက်က ကုန်သွယ်မှုပမာဏလိုငွေပြခြင်းနဲ့ ဒေါ်လာတန်ဖိုးတက်ခြင်းတို့အကြား သဟဇာတရှိရှိ အတွဲညီခဲ့တယ်လို့ဆိုလို့ရပါတယ်။ ဒါပေမယ့် လက်ရှိ ၂၀၁၆ ခုနှစ်မှာ တော့ သွင်းကုန်တန်ဖိုးလျော့ကျပြီး ကုန်သွယ်မှုအတွက် ဒေါ်လာ ဝယ်ယူသုံးစွဲရမှုလျော့ကျတဲ့တိုင် ဒေါ်လာတန်ဖိုးက အရှိန်တင်ပြီး တစ်ဟုန်ထိုးတက်နေတဲ့ အနေအထားကတော့ ငွေကြေးဈေးကွက်ကို ကိုင်လှုပ်နေတဲ့အကြောင်းရင်း တစ်ခုခုရှိနေပြီလို့ သုံးသပ်ရပါတယ်။

## ကုန်သွယ်မှုလိုငွေပြခြင်း

ကုန်သွယ်မှုလိုငွေပြခြင်းလို့ဆိုတဲ့ Trade Deficit ဖြစ်တာ ဟာလည်း ကုန်သွယ်မှုမူဝါဒတစ်ခု တည်းကြောင့်လို့ဆိုရင်တော့ မှားတယ်လို့ပဲ ဆိုချင်ပါတယ်။ နိုင်ငံတော်တော်များများရဲ့ သမိုင်း ကြောင်းကို လေ့လာကြည့်ရင် Trade Deficit မဖြစ်ဘူးဘဲ နိုင်ငံဖွံ့ဖြိုး တိုးတက်လာတဲ့နိုင်ငံဆိုတာ ရှားပါတယ်။ ဥပမာအနေနဲ့ မြန်မာနိုင်ငံ ထက် စီးပွားရေးအရ သာလွန်နေပြီဖြစ်တဲ့ ဗီယက်နမ်နိုင်ငံရဲ့trade balance ကို trading economics မှာလေ့လာချက်အရ ၁၉၉၆ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ပျမ်းမျှကုန်သွယ်မှုမျှခြေ (average trade balance )ဟာ အမေရိကန်ဒေါ်လာ သန်း၃၉၀ ကျော်(-391.96 USD million) လိုငွေပြခဲ့တယ်လို့သိရပါတယ်။ အဒီကာလတွေထဲက ၂၀၁၄ခုနှစ် ဇန်နဝါရီလမှာ ကုန်သွယ်မှုပိုငွေဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော် (1444 USD million)အထိ အမြင့်ဆုံးဖြစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလမှာတော့ ကုန်သွယ်မှုပမာဏ လိုငွေဟာ ကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံခန့်အထိ (-3888 USD million)အထိ အများဆုံးဖြစ်ခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အသွင်ကူးပြောင်းရေးကာလမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရမှာဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေဝင်လာတာနဲ့အတူ ရင်းနှီး မြှုပ်နှံမှုကုန်စည်များလည်း တိုးတက်ဝင်ရောက်လာမှာဖြစ်တယ်။ ဒါကြောင့် ပုံမှန်ထက်ပိုမိုဝင်ရောက်တဲ့ သွင်းကုန်တွေရှိနေချိန် ပို့ကုန်ကို ကာလတိုအတွင်း အရှိန်မြှင့်တင်ပြီး တိုးတက် တင်ပို့နိုင်မှုမရှိသေးတဲ့ကာလမှာတော့ Trade Deficit ဆိုတာကြီးက မလွဲမသွေရှိနေမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကုန်သွယ်မှုလိုငွေနဲ့အချိုးညီတဲ့ ဒေါ်လာတန်ဖိုးမြင့်တက်တာဟာလည်း ရှိနေမှာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အချိုးမညီစွာနဲ့ ဒေါ်လာတန်ဖိုး မြင့်တက်ခြင်း၊ငွေကြေးဖောင်းပွမှုဖြစ်ခြင်းတွေရှိလာရင်တော့Trade Deficit ကြောင့်သာ မဟုတ်ဘဲအခြားသော ဈေးကွက်လှည့်စား မှုတွေပါနေပြီလို့တစ်ထစ် ကျဆိုချင်ပါတယ်။

## ဒေါ်လာတန်ဖိုးနဲ့မော်တော်ယာဉ်တင်သွင်းမှု

မော်တော်ယာဉ်တင်သွင်းခွင့်နဲ့ ဒေါ်လာဈေးဆက်စပ်မှုကို သုံးသပ်နိုင်ဖို့မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ချပေးနေတဲ့ အခြေအနေကို လေ့လာကြည့်မယ်ဆိုရင် ယာဉ်အိုယာဉ်ဟောင်းရော၊ တစ်ဦးချင်းအစီအစဉ်နဲ့ရော ခွင့်ပြုတဲ့ပါမစ်ဟာ ၂၀၁၄-၁၅ဘဏ္ဍာနှစ်မှာ အများဆုံးဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။

စာမျက်နှာ (၃၁)သို့ ➤

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း တန်၇၀ခန့်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေ ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ဝ၇၉ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း တန် ၇၀ ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည် တင်ပို့လာတာ တွေ့ရပါတယ်။ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ဝ၁၁သန်း တန်ဖိုးရှိ ငါးနီတူခြောက် (ခေါင်းပါ) ၇တန်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ဝဝ၇ သန်း တန်ဖိုးရှိ ငါးစုံလေးခြောက် ၁၂တန်အပြင် အမေရိကန်ဒေါ်လာ သုညဒသမ ဝ၅၉ တန်ဖိုးရှိမန်ကျည်းစေ့၊ ဆီးယိုထုပ်၊ ဆီးဖတ်၊ သစ်ခေါက်၊ မြေပဲ (အခွံပါ)၊ နနွင်းတက် တို့ကို တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သုညဒသမ ဝဝ၂ သန်း တန်ဖိုးရှိ တီရှပ်၊ ပလပ် စတစ်ရေတိုင်ကီ တို့ကိုပါ တင်သွင်းနိုင်ခဲ့တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

## ကုန်သွယ်ရေးစခန်းများမှ ရေထွက်ပစ္စည်းများ တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ဒသမ ၇၂၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၄၆၂၀ ခန့်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၀၆၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၄၅ တန်ခန့် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုအခြေအနေကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ ပို့ကုန် အမေရိကန် ဒေါ်လာ သုညဒသမ ၁၃၇သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်းနဲ့ ပုစွန် ၉၂ တန်ခန့်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၂၆၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ ၁၉၀၄ တန်၊ မြိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၃ဒသမ ၃၂၉ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ သဲကဏန်း၊ ကင်းမွန်၊ ပုစွန်၊ ကဏန်းပျော့၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ကဏန်းသေး အသေ ၂၆၂၂တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## နိုဝင်ဘာလ သွင်းကုန်တင်သွင်းမှု ကျဆင်းသဖြင့် တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့ကုန်သွယ်မှုပါလျော့ကျ

နိုဝင်ဘာလအတွင်း တာချီလိတ် ကုန်သွယ်ရေးစခန်းရဲ့ ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၁ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ် လာ ၄ ဒသမ ၃၇၁ သန်းရှိတဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၁၂ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အနီးစပ်ဆုံးကာလဖြစ်တဲ့ အောက်တိုဘာလထက် ပို့ကုန်အမေရိကန် ဒေါ်လာ သုညဒသမ ဝ၆၁ သန်း ပိုမိုခဲ့သော်လည်း သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ဝ၂ သန်းလျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ဝ၁ သန်းလျော့နည်းကျဆင်းခဲ့တယ်လို့ သိရပါတယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ သစ်တောထွက်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စုနဲ့ အခြားပစ္စည်းအုပ်စုတို့တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၆ဝ၁ သန်း ပိုမိုဆောင်ရွက်နိုင်ပြီး သွင်းကုန်ပိုင်းတွင် ဘိလပ်မြေ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ ၊ ဝါယာကြိုးများ၊ သွားတိုက်ဆေး၊ ပရိဘောဂများ တင်သွင်း နိုင်ခြင်း မရှိသောကြောင့် တင်သွင်းမှုလျော့နည်းရခြင်းဖြစ်တယ်လို့ သတင်းရရှိပါတယ်။

တာချီလိတ် ကုန်သွယ်ရေးစခန်းတွင် ဩဂုတ်လ ၂၈ ရက်မှ စတင်ပြီး ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဌာနစုံကြီးကြပ်ရေးအဖွဲ့သည် မိုင်းယုတံတားမှနေ၍ ပစ္စည်းဝင်/ ထွက်မှုများအားတားဆီး ဆောင်ရွက်လျက်ရှိသဖြင့် မိုင်းယုမှ တရားမဝင်သွားလာမှု လျော့နည်းသွားပြီး ယခုအခါ တစ်သျှူးငှက်ပျောနှင့် ရော်ဘာတို့အား မိုင်းယုရှိ ကုန်သည်များက ပို့ကုန်လိုင်စင်လျှောက်ထားပြီး တရားဝင်တင်ပို့လျက်ရှိတဲ့အပြင် တရုတ်နိုင်ငံမှ ဓါတ်မြေဩဇာများကိုလည်း သွင်းကုန် လိုင်စင်များဖြင့် ပြန်လည်တင်သွင်းလျက် ရှိနေတယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မောင်တောကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာကုန်သွယ်မှုလျာထားချက်အပေါ် ၁၃ ရာခိုင်နှုန်းကျော်သာ ဆောင်ရွက်နိုင်

၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာ-ဘင်္ဂလား ဒေ့ရှ်နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမေရိကန်ဒေါ်လာ သုညဒသမ ဝ၅၅ သန်းဆောင်ရွက်နိုင်ခဲ့ပြီး၊ သွင်းကုန်ဆောင်ရွက်မှု မရှိခဲ့တဲ့အတွက် နိုဝင်ဘာလကုန်သွယ်မှု လျာထားချက်မှာ အမေရိကန် ဒေါ်လာသုည ဒသမ ၄ဝဝ သန်းဖြစ်၍ လျာထားချက်အပေါ် ၁၃ ဒသမ ၇၅ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခင်ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန် ဒေါ်လာ သုညဒသမ ၃၈၈ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ဝဝ၅ သန်း လျော့နည်းခဲ့ပါသည်။

၂၀၁၆ အောက်တိုဘာနှင့် နှိုင်းယှဉ်ပါက ရေထွက် ကုန်ဖြစ်သော ရေငန်ပုဇွန်၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်တင်ပို့နိုင်ခဲ့သော်လည်း နိုဝင်ဘာ ၄ ရက်မှစပြီး နယ်မြေမတည်ငြိမ်မှုကြောင့် အနီးစပ်ဆုံးကာလတူထက် အမေရိကန်ဒေါ်လာ သုညဒသမ ၅၆၈ သန်းလျော့နည်း ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၆ နိုဝင်ဘာနှင့် အောက်တိုဘာမှာ သွင်းကုန်တင်သွင်းမှု မရှိပါ။

မောင်တော ကုန်သွယ်ရေးစခန်းမှ အဓိက တင်ပို့သော ပို့ကုန်ပစ္စည်းများမှာ ရေထွက်၊ လယ်ယာထွက်၊ သစ်တောထွက်နှင့် စက်မှုကုန်ချောပစ္စည်းအုပ်စုများဖြစ် ပြီး အဓိက တင်သွင်းသော သွင်းကုန်ပစ္စည်းအုပ်စုမှာ လူသုံးကုန်ပစ္စည်းများသာ ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ကုန်သွယ်မှုပမာဏကို လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် အဓိက ပို့ကုန်ဖြစ်သော ရေငန်ပုဇွန်၊ ငါးသလောက်၊ ငါးမြစ်ချင်းနှင့် ငါးခြောက်မျိုးစုံ၊ ဝါးကြီး၊ ဝါးသေး၊ ကြိမ်၊ ကြက် သွန်နီ၊ ကြက်သွန်ဖြူ၊ လဲမှို့၊ နနွင်းတက် အစရှိသော ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရန်လည်းကောင်း၊ မိမိဒေသရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ OSS ဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်တောကုန်သွယ်ရေး စခန်းမှ သတင်းရရှိပါသည်။

**မော်မော်အောင်**

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းရဲ့ နိုဝင်ဘာကုန်သွယ်မှု လျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းမှ နိုဝင်ဘာအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၉၂ဝသန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ဒသမ ၇၃ဝ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၆၅ဝ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၁၄ဒသမ ၆ဝ၇ သန်း ပိုမိုပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၅၂၄သန်း လျော့နည်းခဲ့ပါသည်။ ယခုနှစ်တွင် ပို့ကုန်ပိုင်းမှာ ဆန်၊ မြေပဲဆန်၊ နှမ်းနက်၊ ပဲမျိုးစုံ၊ ရော်ဘာ၊ ဖရဲသီး၊ ငါးရှဉ့်၊ ရေငန်ငါး၊ ကဏန်း၊ ပုစွန်ခြောက်၊ သကြားနှင့် ဆံပင်တို့ ပိုမိုတင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းမှာ ဓါတ်မြေဩဇာ၊ နန်းကြိုး၊ ဝရိန်ချောင်း၊ အချိုမှုန့်နှင့် ဘိလပ်မြေ တို့လျော့နည်း တင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

အနီးစပ်ဆုံး အောက်တိုဘာနှင့် နှိုင်းယှဉ်ပါက ပို့ကုန် ရော၊ သွင်းကုန်ပါ လျော့နည်းခဲ့၍ ကုန်သွယ်မှု ပမာဏ အနေဖြင့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၃၃ သန်း လျော့ နည်းခဲ့ကြောင်း တွေ့ရပါသည်။

နိုဝင်ဘာလတွင် ပို့ကုန်ပိုင်း၌ ပဲတီစိမ်း၊ ဆန်၊ မြေပဲဆန်၊ နှမ်းနက်၊ စွန်တာ နီ/ပြာ၊ ရော်ဘာ၊ ဆံပင်နှင့် သကြားတို့ ပိုမို တင်ပို့နိုင်ခဲ့သော်လည်း ပြောင်း၊ မတ်ပဲ၊ နှမ်းဖြူ၊ နှမ်းညို၊ နှံစားပြောင်းတို့ တင်ပို့မှု လျော့နည်းခဲ့ခြင်း၊ သွင်းကုန်ပိုင်းတွင် ဘိလပ်မြေ၊ ဝရိန်ချောင်း၊ အချိုမှုန့် ပိုမိုတင်သွင်းခဲ့သော်လည်း အဓိကသွင်းကုန်များဖြစ်သည့် နန်းကြိုး၊ ဂက်စ်၊ မြေဆီတင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့် ယခင်လနှင့် နှိုင်းယှဉ်လျှင် ကုန်သွယ်မှုလျော့နည်းခဲ့ရခြင်းဖြစ်ပါသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု အချိုးညီမျှစေရန် နှင့် ကုန်သွယ်မှုပမာဏ တိုးတက်လာရန် အတွက် နှစ်နိုင်ငံ လစဉ်ကျင်းပသည့် အစည်းအဝေးများတွင် တရုတ်နိုင်ငံဘက် မှ မြန်မာနိုင်ငံသို့ ပို့ကုန်ပစ္စည်းများ ပြန်လည်တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ရန်နှင့် မြန်မာကုန်သည် လုပ်ငန်းရှင်များကိုလည်း ပို့ကုန်တင်ပို့ပြီး ပြည်တွင်းဈေးကွက် ဝယ်လိုအားရှိသော သွင်းကုန်များ ပြန်လည်တင်သွင်းနိုင်ရေး ဆောင်ရွက်ရန် ညှိနှိုင်းထားကြောင်း ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း တာဝန်ခံက ပြောကြားခဲ့ပါသည်။

**မော်မော်အောင်**

## ပြည်တွင်းသို့ ဆိုင်ကယ်တင်သွင်းမှု ဆက်လက် ကျဆင်း

နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ဝ၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၈၆၇၇ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ် ပတ်က ၉၅၃၂ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၆၆ စီး လျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်းအလိုက် တင်သွင်းမှုကိုကြည့်ပါက မူဆယ်(၁ဝ၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၉၅၈ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၆၉ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၆၄၅ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၈၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၄ စီးကို တင်သွင်းခဲ့တယ်လို့ သိရ ပါတယ်။ ယခုတစ်ပတ်မှာ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်သုံးခုလုံးမှ ဆိုင်ကယ်တင်သွင်းမှုလျော့ကျခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# နိုဝင်ဘာလအတွင်း တမူးကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလျော့ကျ

တမူးကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလအတွင်း ပို့ကုန်လုပ်ငန်း ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၆၈၂ သန်းဖြစ်ပြီး သွင်းကုန်ဆောင်ရွက်နိုင် မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၂၂၂ သန်းဖြစ်တဲ့ အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၄ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အောက်တိုဘာလနဲ့ နှိုင်းယှဉ် ပါက ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၅၅ သန်းနဲ့ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုညဒသမ ၃၂၃ သန်း လျော့နည်းခဲ့ တဲ့ အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၇၈ သန်း လျော့ကျခဲ့တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုကျဆင်း ရခြင်းမှာ ပို့ကုန်ပိုင်းတွင် ကွမ်းသီး၊ ပဲပုပ်စေ့၊ ငါးလေးခြောက်၊ စီးကရက်၊ CMP ဖိနပ်၊ နန့်ဖာလုံကုန်စုံတို့ တင်ပို့မှု လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် အဓိက သွင်းကုန်ပစ္စည်းဖြစ်တဲ့ မော်တော်ဆိုင်ကယ်လျော့နည်းတင်သွင်းခဲ့တဲ့အပြင် ပလပ်စတစ်ရေလှောင်ကန်၊ ဂျုံမှုန့်၊ ဟင်းရိုင်း (ဖြူ နီ)၊ တောင်လုံး ကျော်၊ ရှိန်းခို၊ ချွတ်ဆေးမှုန့်များ၊ စားတော်ပဲ၊ ပဲရာဇာ၊ ဒူးစွပ်၊ ဖနောင့်စွပ်၊ အနာကပ်ပလာစတာ၊ စပျစ်သီးခြောက်နဲ့ အနားလုံးစက်တို့ တင်သွင်းနိုင်မှု မရှိခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

ကုန်သွယ်မှု ကျဆင်းရခြင်းရဲ့ အဓိကအချက်နှစ်ချက်မှာ မိုရေးအကောက်ခွန်ဌာနမှ ကွမ်းသီးတင်သွင်းလျှင် Customs Duty ၄၀ ရာခိုင်နှုန်းကောက်ခံပါက အိန္ဒိယ ကုန်သည်လုပ်ငန်းရှင်များက အရှုံးပေါ်နိုင်၍ လုပ်ငန်းများ လုပ်ကိုင်ရန် ရပ်ဆိုင်းနေခြင်းနဲ့ နိုဝင်ဘာလ ၈ ရက်နေ့မှစပြီး အိန္ဒိယဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံတွင် ငွေမည်းများ ဖောင်းပွနေမှု၊ ခြစားမှုများကြီးစိုးနေမှုကို တိုက်ဖျက်ရန် ရူပီး ၅၀၀/ ၁၀၀၀ တန်ငွေစက္ကူများအား တရားမဝင်ငွေအဖြစ် ရုတ်တရက် ကြေငြာလိုက်ခြင်းကြောင့် နယ်စပ်နေလုပ်ငန်းလုပ်ကိုင်နေသူများ ဖြစ်သော နှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်များနှင့် နန့်ဖာလုံဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေကြသောဆိုင်ရှင်များမှအစ အိန္ဒိယငွေကြေးဖြင့် ရောင်းဝယ်ဖောက်ကားရန် အကျပ်အတည်းဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

■

## ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန် အရှေ့မြောက်အာရှ သုံးနိုင်ငံ ဆွေးနွေးပွဲတွင်ပြောကြား

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၁) ကြိမ်မြောက် အရှေ့မြောက်အာရှ သုံးနိုင်ငံဆွေးနွေးပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့က ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို မြှင့်တင်သွားရန် အဆိုပြုခဲ့ကြောင်းသိရှိရသည်။

"ကမ္ဘာကြီးတိုးတက်ဖို့ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ပူးပေါင်းဆောင်ရွက်စို့"ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်သည့် အဆိုပါဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း Zeng Peiyan၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ယာဆူအို ဖူကူဒါ၊ တောင်ကိုရီးယားနိုင်ငံဝန်ကြီးချုပ်ဟောင်း Lee Hong-Koo အပါအဝင် အဆိုပါသုံးနိုင်ငံမှ နိုင်ငံရေး၊ စီးပွားရေးနှင့် ကျွမ်းကျင်ပညာရှင်ပုဂ္ဂိုလ် ၃၀ ဦး တက်ရောက်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် အရှေ့အာရှစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအသိုက်အဝန်းသည် မိမိတို့သုံးနိုင်ငံအတွက် ဘုံရည်မှန်းချက်တစ်ခုဖြစ်ကြောင်း၊ တရုတ်-ဂျပန်-တောင်ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဇုန်တည်ဆောက်ရေး၊ သုံးနိုင်ငံအချင်းချင်း အပြန်အလှန် ဆက်ဆံမှုနှင့် ဆက်သွယ်ရေး လုပ်ငန်းများတိုးတက်ကောင်းမွန်ရေးနှင့် အင်တာနက်စီးပွားရေး၊ တန်ဖိုးမြှင့်အရည်အသွေးကောင်းပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အဆင့်မြင့်ထုတ်လုပ်မှု နှင့် နည်းပညာလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းနှင့် ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများတွင် သုံးနိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်သွား ကြပါရန် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း Zeng က မေတ္တာရပ်ခံပြောကြားသည်။ ယခုကဲ့သို့မိမိတို့ သုံးနိုင်ငံပူးပေါင်းမှုကို အကောင်အထည်ဖော်ရေးအတွက် ကောင်းမွန်သည့် နိုင်ငံရေးဝန်းကျင်ဖြစ်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် Zeng က ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း မသေချာမရေရာမှုများမြင့်မားလာခြင်းကြောင့် မိမိတို့သုံးနိုင်ငံအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ပါဝင်ဆောင်ရွက်သွားကြရန် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ယာဆူအို ဖူကူဒါကပြောကြားခဲ့သည်။

မိမိတို့ သုံးနိုင်ငံအနေဖြင့် အခက်အခဲ၊ ပြဿနာများကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် အဖွဲ့ဝင်များမှ တီထွင်ဖန်တီးနိုင်စွမ်းများ ပိုမိုပြုလုပ်ဆောင်ရွက်သွားကာ အရှေ့မြောက်အာရှစီးပွားရေးအသိုက်အဝန်းထူထောင်သွားရန် တောင်ကိုရီးယားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Lee က ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့သည့် အရှေ့မြောက်အာရှ သုံးနိုင်ငံဆွေးနွေးပွဲများကို တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများ၏ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအကြား အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုများ ခိုင်မာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

Source: Xinhua

**စန္ဒာထွန်း (TTI)**

## ၂၀၁၇ ခုနှစ်တွင် ပို့ကုန်သုံးရာခိုင်နှုန်းမြင့်တက်ရန် ထိုင်းနိုင်ငံက မဟာဗျူဟာချမှတ်

ထိုင်းနိုင်ငံ အစိုးရသည် ပို့ကုန် တိုးတက်မှုနှုန်းမြင့်မားရန် အလားအလာရှိသည့် နိုင်ငံများနှင့် မဟာဗျူဟာကျကျ ဆက်ဆံနိုင်ရေး ထူထောင်မှုအပေါ် အထူးအလေးပေးဆောင်ရွက်ခြင်းဖြင့် ၂၀၁၇ ခုနှစ်တွင် ပို့ကုန်သုံးရာခိုင်နှုန်း မြင့်တက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံစီးပွားရေးသံမှူးများနှင့် တွေ့ဆုံဆွေးနွေးမှုအပြီး ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mrs. Make က ပြောကြားခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရာမှ ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မည်။ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) ၏ခန့်မှန်းချက်အရ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်လာမည်ဟု ထိုင်းနိုင်ငံစီးပွားရေးသံမှူး အများစုကလည်း ယုံကြည်ထားကြကြောင်း၊ အမေရိကန်စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်းမှ လာမည့်နှစ်တွင် ၂ ဒသမ ၂ရာခိုင်နှုန်းသို့လည်းကောင်း၊ ဂျပန်နိုင်ငံစီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်တွင် သုည ဒသမ ၅ ရာခိုင်နှုန်းမှ လာမည့်နှစ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်တွင် ၄ ဒသမ ၈ ရာခိုင်နှုန်းမှ လာမည့်နှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်း သို့လည်းကောင်း၊ ရုရှားနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ယခုနှစ်တွင် သုည ဒသမ ၃ ရာခိုင်နှုန်းမှ လာမည့်နှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း တိုးတက်မည်ဟု မျှော်လင့်ထားကြကြောင်း၊ ထိုင်းနိုင်ငံပို့ကုန်တင်ပို့မှုသည် ယခုနှစ်အတွင်းကျဆင်းလျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် ပထမ (၁၀) လအတွင်း ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၇၈ ဘီလီယံနှင့် သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၆၀ ဘီလီယံဖြစ်သဖြင့် ယခင်နှစ်ကာလတူပမာဏနှင့် နှိုင်းယှဉ်ပါက ပို့ကုန် တစ်ရာခိုင်နှုန်း နှင့် သွင်းကုန် ၅ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ လာမည့်နှစ်တွင် ပို့ကုန်မြင့်တက်ရန် ကာလတိုကြိုးပမ်းမှုအဖြစ် ကုန်သွယ်မှုကိစ္စရပ်များသာမက ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် အခြားစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများကိုလည်း ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များ ထူထောင်ခြင်း ကိစ္စရပ်အပြင် မဟာဗျူဟာကျကျ ဆက်ဆံနိုင်ရေးအပေါ် အလေးထား၍ ကုန်သွယ်မှု စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားရန် ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိအဆင့်မြင့်အရာရှိများကို ဒုတိယဝန်ကြီးချုပ်က ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း၌ ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲများတွင် နှစ်နိုင်ငံထိလွယ်ရှလွယ်ပြဿနာများကိုဆွေးနွေးခြင်းမပြုဘဲ နှစ်နိုင်ငံသဘောတူညီနိုင်သည့် ကုန်သွယ်မှုကိစ္စရပ်များအပေါ် အဓိကထား ဆွေးနွေးဆောင်ရွက်သင့်ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးသူများအနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့နှင့်သာမက အိန္ဒိယ၊ တရုတ်နိုင်ငံတို့ နှင့်ပါ ကုန်သွယ်မှုဆိုင်ရာဆွေးနွေးမှုများကို ဦးစားပေးဆောင်ရွက်သွားရန် တိုက်တွန်းထားကြောင်းသိရှိရသည်။

ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်ပိုမိုတင်ပို့ရန် အလားအလာရှိသည့် နိုင်ငံများ၌ ကုန်သွယ်ရေးကိုယ်စားလှယ်များအား ခန့်အပ်ထားသလို အာဆီယံ၊ တရုတ်၊ အီးယူ၊ အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများတွင်လည်း ဈေးကွက်ချဲ့ထွင်မှုဆိုင်ရာအကြံညဏ်များရရှိနိုင်ရန် Berli Jucker Plc, Charoen Pokphand Group, Central Group, Thai Union Group, Saha Group အစရှိသည့် ပုဂ္ဂလိက ကုမ္ပဏီကြီးများမှ ဒေသဆိုင်ရာအကြံပေးပုဂ္ဂိုလ်များကိုလည်း ခန့်အပ်ထားကြောင်း၊ ထိုင်းနိုင်ငံ၏ ရေထွက်ပစ္စည်းနှင့် ကြက်မွေးမြူရေးကဲ့သို့ လုပ်ငန်းများတွင် လူကုန်ကူးမှု၊ လုပ်သားများအား အတင်းအကျပ်ခိုင်းစေမှုနှင့် ကလေးလုပ်သားများ ခိုင်းစေမှု စွပ်စွဲချက်များအတွက် နိုင်ငံ၏ပုံရိပ်ပြန်တက်ရန် ဆောင်ရွက်နေကြောင်း ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mrs. Make က ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းများဆောင်ရွက်ရာ၌ ရေနံဈေးနှုန်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမတည်ငြိမ်မှု၊ အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒသစ်နှင့် မရေရာသည့် ကမ္ဘာ့စီးပွားရေးအလားအလာများကဲ့သို့ စွန့်စားရမှုများရှိနိုင်ကြောင်း၊ သို့ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုအတွက် အရန်အတား ဆောင်ရွက်ထားကြရန်၊ ကုန်ပစ္စည်းသစ်များနှင့် တန်ဖိုးမြှင့်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရန် တိုက်တွန်းထားကြောင်းသိရှိရသည်။

Source: Bangkok Post

**စန္ဒာထွန်း (TTI)**

# M.M.M
## CONSTRUCTION CO.,LTD (LC-2)

GRAND WIRELESS CONDOMINIUM







No(277), East Wireless (2)Street, Mayangone Township, Yangon.

- Recreational Facilities
  - Swimming Pool.
  - Sky Garden Area.
  - Gymnasium.
  - Lift Lobby.
  - Kid Play Room.
  - Function Room.
- Pile Foundation.
- 24 Hours Lift (3)Nos (ARD System).
- (10)Unit & (8 1/2) Storyed R.C.C Building with Basement.
- Living Room, Shrine Area, Dining Area, Kitchen Room, Master Bed Rooms, Bed Rooms, Maid Room, Common Bath & W/C, Yard Area.
- Generator.
- Transformer.
- Full Decoration
  - Laminated Floor for Living, Bed Rooms, Dining & Shrine.
  - Tiles with Kitchen and Bath & W/C.
  - Gypsum Board Ceiling with Paint Finish.
  - Air.Con.
  - Water/Heater (1)Nos.
  - Smoke Exhaust in Kitchen.
  - Kitchen Counter & Cabinet.
  - Electrical & Plumbing Point Shall be Fitted Perfectly.
  - Iron Grill Doors & Windows.

Office Address : No(52/54), Daw Thein Tin Road, Mingalar Taung Nyunt Township, Yangon.
Ph : (951)383387, 394800, 399420, (959)5410436, 450333305


PANDORA
EAGO llife DORA

# AMAZING SALES
## BUY 1 GET 2 FREE

SET 1

Regular price ~~374,300~~ KYAT
**269,500 KYATS**
Save -104,800 KYATS


316,800 KYAT
TB 354 M
EAGO 1 PIECE TOILET S-TRAP


48,000 KYAT
BA -129 Counter Top Basin


9,500 KYAT
PX - 45P F Basin waste pipe

* Faucet does not include in the set

Pandora Trading Co.,Ltd. Build (F), Room (28), ThiriYadanar Market, Thudamar Road North Okkalapa Township, Yangon, Myanmar.
Tel : 09-252427378, 09-782840638


No. B-1,2,3,4, Bet : 77×78th, 32nd × 33rd, Zawtika St, Chan Aye Thar Zan Township, Mandalay, Myanmar.
Hotline No : 02-66405, 66406, 39980, 09-402584649

G.M.S.L
# Global Mars
## Shipping & Logistics Services Co., Ltd.




No. 63, 1st Floor, Bokalay Zay Street (Lower Block), Botahtaung Township, Yangon, Myanmar.
Mobile: (959) 423727261 Ph: (959) 73237376 Fax: (959) 73237376
Email: admin@globalmarsshipping.com Website: www.globalmarsshipping.com

CNQC
Building For Tomorrow



We are specialize in Construction,EPC,MEP,Foundation Engineering, Interiors fitting out,Steel Works,Real Estate Development & Investment Trading And Consultancy Services.

Our Completed Projects




CNQC
QINGJIAN INTERNATIONAL (MYANMAR) GROUP DEVELOPMENT CO., LTD.

Tel : +95 1 554046 / +95 1 8604597 | Email : enquiry@cnqc.com.mm
အမှတ် ၂၂၊ ဦးချစ်မောင်အိမ်ရာ၊ဦးချစ်မောင်လမ်း၊ဘဟန်းမြို့နယ်၊ရန်ကုန်မြို့၊မြန်မာနိုင်ငံ။


jpm JPM
SERVICES CO.,LTD
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
HOT LINE
09 253008800
Merry Christmas Happy New Year
မိမိတို့၏ချစ်ခင်ရသော မိတ်ဆွေ၊ သူငယ်ချင်း၊ မိသားစု တို့နှင့် အတူ သွားလာလည်ပတ်ချင်သူများအတွက် သက်တောင့်သက်သာ စိတ်ချမ်းသာစွာ လည်ပတ်နိုင်ရန်
အရည်အသွေးကောင်းမွန်ပြီး စိတ်ချရတဲ့ ကားကောင်းကားသန့် အမျိုးအစားအစုံကို စိတ်တိုင်းကျ အမည်ပေါက် ရွေးချယ် ဝယ်ယူနိုင်ရန် ကျွန်တော်တို့
JPM Car Sale Center မှ မိတ်ဟောင်း / မိတ်သစ်ကြီးများကို ဖိတ်ခေါ်အပ်ပါသည်။
No (42/A), New University Avenue Road, Bahan Township, Yangon. ( 5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့ )၊ Ph: 01 860 3921


LION AUTO
CAR SERVICE CENTER
Address ■ No. (Ma-4), Theikpan Street, Bet: 61st & 62nd,
Mahar Aung Myay Township, Mandalay, Myanmar
Ph.Contact ■ 09- 784333200, 09- 784333600

## ပြောင်း

### ပြောင်းတန်တစ်သောင်းခွဲကျော် ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ကန်ပိုက်တီး စခန်းများမှ နိုဝင်ဘာ၂၆ရက်မှ ဒီဇင်ဘာ၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၄၉သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၂၄၉၂၃ တန်ကျော် တင်ပို့ခဲ့ရာ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၁၉၆၅၀၊ လွယ် ဂျယ်မှ ၂၄၆၁ တန်ကျော်၊ ချင်းရွှေဟော်မှ၂၇၉၁တန်ကျော်နဲ့ ကန်ပိုက်တီးမှ တန် ၂၀ ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က အဆိုပါ စခန်းလေးခုမှ ၈၉၈၆ တန်တင်ပို့ခဲ့တာနဲ့နှိုင်းယှဉ်ရင် ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု တန်ချိန် ၁၅၉၃၆ တန်ခန့် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နိုဝင်ဘာ ၁၉ရက်မှ ၂၅ရက်ထိ သီတင်းပတ်အတွင်း ပြောင်းတစ်တန်ကို ကျပ်၂၆၈၃၈၀ရှိရာမှ နိုဝင်ဘာ၂၆မှ ဒီဇင်ဘာ၂ရက်ထိ သီတင်းပတ်မှာတော့ ကျပ်၂၉၉၅၂၀သို့ဈေးမြင့်တက်လာခဲ့ပါတယ်။ နိုဝင်ဘာလ တစ်လလုံး တရုတ်နယ်စပ်စခန်းများမှပြောင်းတန်ချိန်၁၃၀၀၀၀ခန့်တင်ပို့နိုင်ခဲ့တယ်လို့ စခန်းများမှစာရင်းအရသိရပါတယ်။ **မော်မော်အောင်**

## သကြား

### တရုတ်သို့ သကြားတင်ပို့မှုလျော့နည်း ထိုင်းမှ သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အတွင်း အမေရိကန်ဒေါ်လာ ၈၄၀၀၀ တန်ဖိုးရှိ သကြားဖြူတန် ၁၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က Re-export သကြား ၃၈၇ တန်ခွဲ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ သကြားတန် ၂၀၀ ကျော် တင်ပို့မှုလျော့နည်းခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၆၃သန်းတန်ဖိုးရှိ Re-export သကြား ၁၀၈၄၁တန်ကျော် တင်သွင်းလာခဲ့ပါတယ်။ ယခင် တစ်ပတ်က ၄၁၀၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံမှ သကြားတန်ချိန် ၆၇၄၀ လျော့နည်းတင်သွင်းခဲ့ကြောင်းသိရပါတယ်။

ပြည်ပက တင်သွင်းတယ်ဆိုတာ ပြည်တွင်းလိုအပ်ချက်အရဖြစ်ပြီး သကြားရဲ့အရည်အသွေးကလည်းကွာပါတယ်။ လက်ရှိမြန်မာနိုင်ငံတွင် တန် ၁၅၀၀နဲ့အထက် သကြားစက်ရုံ၂၂ရုံရှိပြီး မန္တလေးတိုင်းအတွင်း တန်၁၅၀၀ အောက် သကြားစက်ရုံပေါင်း ၇၀မှာ ၁၀ ရုံခန့်သာ လည်ပတ်လုပ်ကိုင် လျက်ရှိကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းရဲ့ အချက်အလက်များအရသိရပါတယ်။ **မော်မော်အောင်**



## သီဟိုဠ်

### မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ပြန်လည်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှနိုဝင်ဘာ၂၆ရက်မှ ဒီဇင်ဘာ၂ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၁သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂ ဒသမ ၈တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်လေးပတ်စလုံးတင်ပို့နိုင်မှုမရှိဘဲ ယခုတစ်ပတ်မှာသာ ပြန်လည်တင်ပို့လာတာ တွေ့ရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှလည်း ယခုတစ်ပတ်မှာ သီဟိုဠ်စေ့တင်ပို့နိုင်ခြင်းမရှိခဲ့ပေမယ့် နိုဝင်ဘာလအတွင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၄၅၇ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၇၂ တန်ခန့်ကို တရုတ်နိုင်ငံသို့တင်ပို့ပြီးဖြစ်တယ်လို့သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ရော်ဘာ

### ရော်ဘာဈေးမြင့်တက်လာပြီး ဝယ်လိုအားများလာ

နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၆ သန်းတန်ဖိုးရှိ ရော်ဘာ အဆင့်စုံ ၁၄၂၃ တန်ခန့် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ် ရေးဇုန်မှ RSS5 တန်၂၀၀ နဲ့ MSR 20 ၅၇ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှRSS 3၄၀၂တန်နဲ့ RSS 5 ၁၇၄တန်ကျော် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၅၄၀ နဲ့ MSR 10တန်၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၁၀၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နိုဝင်ဘာလ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ၁၀ ဒသမ ၂၇၃ သန်းတန်ဖိုးရှိ ရော်ဘာ အဆင့်စုံ ၇၆၈၆ တန်ကျော် တင်ပို့ထားပြီး အနီးစပ်ဆုံး အောက်တိုဘာက တန် ၄၃၅၀ ကျော်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုလမှာ ၃၃၃၆တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS3 တစ်တန်ကို ကျပ် ၁၉၂၀၀၀၀ရှိပြီး ယခင်တစ်ပတ်က ကျပ်၁၆၄၄၃၀၀သာရှိတဲ့အတွက်တစ်တန်ကို ကျပ် ၂၇၅၇၀၀ ဈေးတက်လာတာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၈၆၆သန်းတန်ဖိုးရှိ ရော်ဘာ၆၈၆တန်ခန့်တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ MSR 20 ၂၃၁ တန်နဲ့ RSS 3 တန် ၆၀၊ ဂျပန်နိုင်ငံသို့ MSR 20 ၂၉၄ တန်၊ ကိုရီးယားနိုင်ငံသို့ MSR 20, TSP 20 ၁၀၁တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်တင်ပို့မှုထက် ၅၄၁တန် ပိုမိုတင်ပို့နိုင်ပြီး နိုဝင်ဘာလ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇၁ သန်း တန်ဖိုးရှိ ရော်ဘာ ၃၁၈၇တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး အောက်တိုဘာလ တင်ပို့မှုထက် ၂၂၈၁ တန်လျော့နည်းခဲ့သော်လည်း ယမန်နှစ် ကာလတူ တင်ပို့မှုထက် တန် ၆၈၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေးမှာယခင်တစ်ပတ်ထက် တစ်တန် ကို ဒေါ်လာ ၂၀၀ ကျော် ဈေးတက်လာပြီး ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးမှာလည်း တစ်တန်လျှင် ဒေါ်လာ ၂၀၀ ဈေးတက်လာကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ထုတ်ပြန်ချက်အရ သိရှိရပါတယ်။ **RSS 1 တစ်တန်လျှင် ဒေါ်လာ၁၇၀၀-၁၈၀၀၊ RSS2 တစ်တန်လျှင် ဒေါ်လာ ၁၆၅၀-၁၇၀၀၊ RSS 3 တစ်တန်လျှင် ဒေါ်လာ ၁၆၀၀-၁၇၀၀၊ RSS 4 တစ်တန်လျှင် ဒေါ်လာ ၁၅၅၀-၁၆၅၀၊ RSS 5 တစ်တန်လျှင်ဒေါ်လာ၁၅၀၀-၁၆၀၀၊ MSR 3L တစ်တန်လျှင်ဒေါ်လာ ၁၈၅၀-၁၉၅၀ ၊MSR 10 တစ်တန်လျှင်ဒေါ်လာ၁၆၀၀-၁၇၀၀၊MSR 20 တစ်တန်လျှင် ဒေါ်လာ ၁၅၅၀-၁၆၅၀၊ MSR 50တစ်တန်လျှင်ဒေါ်လာ ၁၄၅၀-၁၅၅၀၊ Crepe Rubber တစ်တန်လျှင် ဒေါ်လာ ၁၄၀၀-၁၅၀၀တို့ဖြစ်သည်။** **ယဉ်ယဉ်အေး**



## ကွမ်းသီး

### ရိဒ်ကုန်သွယ်ရေးစခန်းမှ အိန္ဒိယသို့ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၈၇ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၉၂၀ ခန့်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရိဒ်ကုန်သွယ်ရေးစခန်းရော တမူးကုန်သွယ်ရေးစခန်းပါ တန်ချိန် ၅၄၄ တန်ခန့် တင်ပို့ခဲ့သော်လည်း ယခုတစ်ပတ်မှာ ၃၇၆တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၇သန်းတန်ဖိုးရှိစောင်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ကို တင်ပို့ခဲ့ပြီး တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုညဒသမ ၀၉၁ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ အုန်းသီး၊ ပန်းသီးနဲ့ စီးကရက်တို့ကိုတင်ပို့ခဲ့တယ်လို့သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပရဆေး

### ပရဆေးကုန်ကြမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၅၄သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၁မျိုးကို တန်ချိန် ၄၀၀ နီးပါးတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ပရဆေးအမယ်တွေကတော့ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ဆီးသီးခြောက်၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ နေလဲစေ့၊ တောချင်း၊ နနွင်းတက်နဲ့ချဉ်ပေါင်ဖာလာ(အခွံပါ/မပါ)တို့ဖြစ်ပါတယ်။

နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း တန်ချိန် ၁၄၀ခန့်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ပရဆေးတန် ၂၆၀ ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ နိုဝင်ဘာလတစ်လလုံး တရုတ်နိုင်ငံသို့ပရဆေးကုန်ကြမ်းတန်ချိန်ပေါင်းနှစ်ထောင်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှထွက်ရှိတဲ့ ပရဆေးကုန်ကြမ်းတွေကို တရုတ်တိုင်းရင်းဆေးဖော်စပ်တဲ့နေရာမှာ အဓိကအသုံးပြုပြီး စားသောက်ဆိုင်လုပ်ငန်းတွေနဲ့ ဟင်းခတ်အမွှေးအကြိုင်တွေမှာ လိုသလိုထည့်သွင်းအသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ဝါဂွမ်း

### မူဆယ်မှဝါဂွမ်း တန် ၈၀ ကျော် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၁၈၃၇၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ ၈၃ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး အောက်တိုဘာလအတွင်းက တန်၈၀ ခန့်သာ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ငွေချည်-၆-ဝါကို ၂၀၁၄ခုနှစ် မတ်လကတည်းက စတင်တင်ပို့ခွင့်ပြုခဲ့ရာလိုင်စင်ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၂၀၀ ရှိပါတယ်။ တံတားဦးမြို့နယ် ပြုကန်ကျေးရွာတွင် ကန်ရေသွင်းပြီး စိုက်ပျိုးကြကြောင်း၊ ဝါဈေးမှာလည်း အတက်အကျရှိကြောင်း ဝါစိုက်သူတောင်သူတစ်ဦးမှသိရပါတယ်။

**မော်မော်အောင်**

# ကုန်သွယ်မှု အခြေခံသင်တန်း (မန္တလေး) အမှတ်စဉ် (၂) သင်တန်းဆင်းပွဲကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲကို ဒီဇင်ဘာလ ၂ ရက်က ပို့ကုန်/သွင်းကုန်ရုံး(မန္တလေး) တွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကိုနိုင်ငံတော်ကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ်တိုးတက်စေရန်နှင့် ကုန်သွယ်မှုကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များဖြစ်တဲ့ ကုန်သွယ်မှုလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများ စသည့်လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကျင့်သုံးနေသော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများအပြင် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဌာနဆိုင်ရာ ဘာသာရပ် ကျွမ်းကျင်သူများနှင့် ပြင်ပဘာသာရပ် ကျွမ်းကျင်သူများက ဆွေးနွေးပို့ချခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် စီးပွားရေးနှင့်ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

ယင်းသင်တန်းကို အောက်တိုဘာ ၃၁ ရက်မှ ဒီဇင် ဘာ ၂ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သူ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မိုးသီတာ၊ (DOT-MDY)**

# ထိုင်းနိုင်ငံထုတ်လက်ဆောင်ပစ္စည်း၊ အရောင်းမြှင့်တင်ရေးသုံးပစ္စည်းနှင့် အလှဆင်ပစ္စည်းများတင်ပို့မှု ပြန်လည်မြင့်တက်

ထိုင်းနိုင်ငံ၏ လက်ဆောင်ပစ္စည်း၊ အရောင်းမြှင့်တင်ရေးသုံးပစ္စည်းနှင့် အလှဆင်ပစ္စည်းများ တင်ပို့မှုမှာ နှစ်နှစ်ကြာကျဆင်းလျက်ရှိနေရာမှ အာဆီယံဈေးကွက်သို့ တင်ပို့မှုမြင့်တက်လာခြင်းနှင့် မူလက တရုတ်နိုင်ငံမှ လက်ဆောင်ပစ္စည်းမှာယူသူများက ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့မှာယူလာမှုကြောင့် ယခုနှစ်တွင် ဘတ် ၂၄ ဒသမ ၅ ဘီလီယံ ဖိုး ပို့ကုန်တင်ပို့နိုင်ခဲ့သဖြင့် ယခုနှစ်တွင် ပို့ကုန်တင်ပို့မှုပြန်လည်မြင့်တက်မည်ဟု မျှော်လင့်ရကြောင်း ထိုင်းနိုင်ငံ လက်ဆောင်ပစ္စည်း၊ အရောင်းမြှင့်တင်ရေးသုံးပစ္စည်းနှင့် အလှဆင်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချသူများ၏ ပြောကြားချက်အရ သိရှိရသည်။

ယခုနှစ်ပထမကိုးလအတွင်း ထိုင်းနိုင်ငံထုတ်လက်ဆောင်ပစ္စည်း၊ အရောင်းမြှင့်တင်ရေးသုံးပစ္စည်းနှင့် အလှဆင်ပစ္စည်းများကို ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ဝယ်ယူမှုသည်၃၃ ရာခိုင်နှုန်း၊ ၂၂ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံသို့လည်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အာဆီယံဈေးကွက်သို့ လက်ဆောင်ပစ္စည်းများနှင့် အလှဆင်ပစ္စည်းများတင်ပို့မှုမှာ မိမိတို့ မူလမျှော်မှန်းသည်ထက် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ယခုအခါ အာဆီယံဒေသသည် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံပြီးလျှင် ထိုင်းနိုင်ငံထုတ်လက်ဆောင်ပစ္စည်းနှင့် အလှဆင်ပစ္စည်းများကို တတိယအများဆုံးတင်သွင်းသည့် ဈေးကွက်ဖြစ်လာကြောင်း၊ ထိုင်းနိုင်ငံသည် လက်ဆောင်ပစ္စည်း၊ အရောင်းမြှင့်တင်ရေးသုံးပစ္စည်းနှင့် အလှဆင်ပစ္စည်း စုစုပေါင်းတင်ပို့မှုတန်ဖိုး၏ ၂၅ ရာခိုင်နှုန်းကို အမေရိကန်၊ ၁၆ ရာခိုင်နှုန်းကို ဂျပန်၊ ၁၄ ရာခိုင်နှုန်းကို အာဆီယံ၊ ၁၂ ရာခိုင်နှုန်းကို အီးယူဈေးကွက်များသို့ တင်ပို့မှုရှိကြောင်း၊ ၂၀၁၇ ခုနှစ်တွင်လည်း လက်ဆောင်ပစ္စည်းနှင့် အလှဆင်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး ပို့ကုန်နည်းဗျူဟာများ ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဒစ္စနေအတွက် လက်ဆောင်ပစ္စည်းများနှင့် အရောင်းမြှင့်တင်ရေးသုံးပစ္စည်းမှာယူသူများသည် မူလက တရုတ်နိုင်ငံမှ မှာယူသော်လည်း အလုပ်သမားခမြင့်တက်မှုနှင့် မူပိုင်ခွင့်ပြဿနာများကြောင့် ထိုင်းနိုင်ငံသို့ ကုန်ပစ္စည်းများ ပြောင်းလဲမှာယူခဲ့ရာ ထိုင်းနိုင်ငံသည် ဘတ်၁၀ဘီလီယံတန်ဖိုးရှိ ကုန်အမှာစာများ ရရှိခဲ့သဖြင့် ထိုင်းနိုင်ငံတစ်ဝှမ်းရှိ လက်ဆောင်ပစ္စည်းနှင့် အရောင်းမြှင့်တင်ရေးသုံးပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းကို အကျိုး ဖြစ်စေကြောင်း၊ လာမည့်နှစ်တွင် ဒစ္စနေအတွက် လက်ဆောင်ပစ္စည်းများနှင့် အရောင်းမြှင့်တင်ရေးသုံးပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း ထုတ်လုပ်နိုင်ရေးအတွက် ထိုင်းနိုင်ငံထုတ်လုပ်သူများက ထုတ်လုပ်မှုအတွက် လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လက်ဆောင်ပစ္စည်းနှင့် အရောင်းမြှင့်တင်ရေးသုံး ပစ္စည်းများ ထုတ်လုပ်သူခြောက်ဦးက နည်းပညာဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ လက်ဆောင်ပစ္စည်း၊ အရောင်းမြှင့်တင်ရေးသုံးပစ္စည်းနှင့် အလှဆင်ပစ္စည်းများ ထုတ်လုပ်တင်ပို့ ရောင်းချသူများကလည်း ထိုင်းနိုင်ငံကို လက်ဆောင်ပစ္စည်း ထုတ်လုပ်သည့် ဒီဇိုင်နာ၊ ကုန်သည်များနှင့် ကုန်ပစ္စည်းထုတ်လုပ်သူများအတွက် စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာတွင် လက်ဆောင်ပစ္စည်း ထုတ်လုပ်မှု ဒီဇိုင်းတွင် အာဆီယံဗဟိုချက်အဖြစ် ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ လက်ဆောင်ပစ္စည်း၊ အရောင်းမြှင့်တင်ရေးသုံးပစ္စည်းနှင့် အလှဆင်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ပြောကြားခဲ့ကြောင်း သိရှိရသည်။

Source: Bangkok Post

**စန္ဒာထွန်း (TTI)**

# အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာန၏ Knowledge Exchange Programme အစီအစဉ်ဖြင့် စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု ဘာသာရပ်များဆွေးနွေးပို့ချ

စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် ဝန်ကြီးဌာန အသီးသီးမှ အရာထမ်းဝန်ထမ်း (ဒုတိယဦးစီးမှူးအဆင့်မှ လက်ထောက် ညွှန်ကြားရေးမှူးအဆင့်) များအတွက် Knowledge Exchange Programme (KEP-J1) အစီအစဉ်ဖြင့် စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု (Management and Leadership) ဘာသာရပ်များကို နေပြည်တော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနအောက်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှု ပညာဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development-GSAD)၌ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ဆွေးနွေးပို့ချပေးခဲ့ပြီး စုစုပေါင်း ဝန်ကြီးဌာန ၂၀ မှ အရာထမ်း ၂၀၀ ဦး တက်ရောက်ခဲ့ပါသည်။

ဆက်လက်၍ Knowledge Exchange Programme (KEP-S1) အစီအစဉ်ဖြင့် အဆင့်မြင့်အရာထမ်း (ဒုတိယညွှန်ကြားရေးမှူး အဆင့်မှ ညွှန်ကြားရေးမှူးအဆင့်)များကိုလည်း ဒီဇင်ဘာ ၁၂ ရက်မှ ၂၃ရက်အထိ ဆက်လက်ဆွေးနွေး ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ Knowledge Exchange Programme (KEP-J1) အစီအစဉ်တွင် GSAD သင်တန်း ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါ်သီတာမြင့်က စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ၊ လုပ်ရည် ကိုင်ရည်နှင့် လုပ်ချင်ကိုင်ချင်စိတ် (Competence and Commitment)၊ ထိရောက်မှု နှင့် အကျိုးရှိမှု ( Effectiveness and Efficiency)၊ စာရင်းနှင့်သတင်း အချက်အလက် (Data and Information) များကို ထိရောက်စွာ အသုံးချမှု၊ ခေါင်းဆောင်မှု အတတ် ပညာ၊ ခေါင်းဆောင်မှု အရည်အသွေးများနှင့် လေ့ကျင့်ရယူပုံ၊ ခေါင်းဆောင်မှုပုံစံ စသည်တို့ကို အပြန်အလှန် ဆွေးနွေးမှုပုံစံဖြင့် ဆွေးနွေးပို့ချပေးခဲ့ပြီး၊ ပြင်ပဖိတ်ကြားထားသည့် ဆရာများအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်ဆင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အေးထူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးကျော်ဇေယျာ၊ နေပြည်တော်၊ ကုတင်၁၀၀၀ ဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေးတို့ ပါဝင်ဆွေးနွေးပို့ချပေးခဲ့ပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနရှိ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှု ပညာ ဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development - GSAD) ကို ၂၀၁၄ခုနှစ်မှ စတင်၍ နိုင်ငံဝန်ထမ်းများအား စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်ပေးရန် ရည်ရွယ်၍ သင်တန်းတစ်ခုလျှင် ဘာသာရပ် ကိုးခုစီပါဝင်သည့် Postgraduate Diploma in Public Policy and Administration(PPA), Postgraduate Diploma in Development Planning and Practice (Plan & Pract), Postgraduate Diploma in Statistics, Postgraduate Diploma in International Economic Relations and Development(IERD) ဟူ၍ အချိန်ပြည့်နှင့် အချိန်ပိုင်း ဘွဲ့လွန်ဒီပလိုမာ သင်တန်းလေးခုကို Lecture style, Seminars, Symposium, Role Play, Book Review, Research Paper Reading စသည့် ပုံစံများဖြင့် ဖွင့်လှစ် ပို့ချ ပေးလျက်ရှိပါသည်။ ၂၀၁၇ ပညာသင်နှစ်အတွက် ဘွဲ့လွန် သင်တန်း လျှောက်လွှာများကို ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီ လဆန်းပိုင်းတွင် စတင်ခေါ်ယူသွားမည်ဖြစ်ပြီး အသေးစိတ် ထပ်မံသိရှိလိုပါက တယ်လီဖုန်းနံပတ် - ၀၉၉၇၅၀၈၇၂၆၉, ၀၉၂၅၀၈၀၄၈၂၀, ၀၉၄၂၀၇၁၁၅၄၀တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

Vol: 16, No.47 Monday December 12 2016

# နိုဝင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် မန္တလေးမှ မူဆယ်ကုန်စည်သယ်ယူခ

၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်သယ်ယူခနှုန်းထားများအနက် ပို့ကုန်ပစ္စည်းသယ်ခများမှာ အပတ်စဉ်မြင့်တက်ခဲ့ရာ သွင်းကုန်မြေဆီသယ်ခမှာ နိုဝင်ဘာ ၁၂ မှ ၁၈ ရက်မှာ ပြန်လည်မြင့်တက်ခဲ့ပြီး နိုဝင်ဘာလနောက်ဆုံးရက်သတ္တပတ်မှာ ပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ နိုဝင်ဘာ ၁၉ ရက်နေ့အထိ ကုန်စည်များ သယ်ယူမှုပုံမှန်ရှိနေခဲ့ပြီး ဆန်၊ ပဲပြောင်း၊ နှမ်း၊ ရေထွက်ကုန်၊ သစ်သီးများ တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်မြို့အတွင်း ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ခေတ္တရပ်တန့်သွားခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်မှာ လုပ်ငန်းများ ပြန်လည်စတင်ခဲ့တာတွေ့ရပါတယ်။ ကားစီးရေအနေနဲ့ကတော့ ပြောင်းကားအနည်းငယ်နဲ့ ဖရဲ၊ သခွားကားများသာ အနည်းငယ်ရှိခဲ့ပါတယ်။ နယ်မြေအေးချမ်းသွားပါက ကုန်သွယ်ရေးလုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာပြီး ကုန်သွယ်မှုပြန်လည်လည်ပတ်လာနိုင်မယ်လို့ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ နိုဝင်ဘာလရဲ့ ကုန်စည်သယ်ယူခများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

**မော်မော်အောင်**

| ပို့ကုန် | ၂၉-၁၀-၂၀၁၆ မှ ၄-၁၁-၂၀၁၆ အထိ | ၅-၁၁-၂၀၁၆ မှ ၁၁-၁၁-၂၀၁၆ အထိ | ၁၂-၁၁-၂၀၁၆ မှ ၁၈-၁၁-၂၀၁၆ အထိ | ၁၉-၁၁-၂၀၁၆ မှ ၂၅-၁၁-၂၀၁၆ အထိ | ၂၆-၁၁-၂၀၁၆ မှ ၂-၁၂-၂၀၁၆ အထိ |
|---|---|---|---|---|---|
| ပြောင်း | ၄၉-၅၀ | ၅၃-၅၈ | ၅၅-၆၀ | ၅၉-၆၀ | ၉၂ |
| ဆန် | ၄၉-၅၀ | ၅၃-၅၈ | ၅၅-၆၀ | ၅၉-၆၀ | ၉၂ |
| ပဲတီစိမ်း | ၄၉-၅၀ | ၅၃-၅၈ | ၅၅-၆၀ | ၅၉-၆၀ | ၉၂ |
| နှမ်း | ၄၉-၅၀ | ၅၃-၅၈ | ၅၅-၆၀ | ၅၉-၆၀ | ၉၂ |
| ရော်ဘာ | ၄၉-၅၀ | ၅၃-၅၈ | ၅၅-၆၀ | ၅၉-၆၀ | ၉၂ |
| သွင်းကုန်/ မြေပဲဆီ | ၂၂-၂၇ | ၂၃-၂၈ | ၂၅-၃၀ | ၃၀-၃၅ | ၂၅-၃၀ |

# ဇန်းမော်တရုတ်ဆန်ဈေးကွက်မှာ ဆင်း-၃ဆန်ဈေးကွက် တည်တံ့ဖို့ ကုန်ပစ္စည်းနဲ့ ဈေးကွက်ကျွမ်းကျင်ရန်လိုအပ်



ကသာခရိုင်၊ အင်းတော်မြို့နယ် ၂၀၁၆-၂၀၁၇ မိုးစပါး စိုက်ဧက ၅၃၄၈၈ ဧက စိုက်ပျိုးခဲ့ပါတယ်။ စပါးစိုက်ဧက ငါးသောင်းကျော်မှာ ဆည်ရေသွင်းပြီးစိုက်တဲ့ ဧရိယာဧက ရာဂဏန်းသာရှိပြီး ကျန်စိုက်ဧကများမှာ မိုးကောင်းရေသောက် စိုက်ဧကများ ဖြစ်ပါတယ်။ ဒီနှစ်မှာနောက်မိုး မလိုက်တာကြောင့် ရေမရတဲ့အတွက် စပါးအထွက်နှုန်းကျဆင်းတဲ့အပြင် အရည်အသွေးပါညံ့လို့စက်ပိုင်ကုန်သည်များ အခက်တွေ့နေတယ်လို့ ဆန်စက် လုပ်ငန်းရှင်များထံမှ သိရပါတယ်။

အင်းတော်မြို့နယ် ဆင်းဧကရီ သုံးခေါ် ဆင်း-၃ဆန်မှာ ဇန်းမော်မှတစ်ဆင့် တရုတ်ပြည်ကို တင်ပို့တဲ့ ပြည်ပပို့ကုန် ဈေးကွက် ဝယ်လိုအားရှိတဲ့ ကုန်ပစ္စည်း ဖြစ်ပါ တယ်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလကုန်နဲ့ ဒီဇင်ဘာလဆန်းမှာ ဆင်း-၃ဆန်များ ဇန်းမော် ကုန်သည်အဆွဲရှိလို့ စပါးသစ်ပေါ်ချိန် ဆင်း-၃ စပါး တင်းတစ်ရာ့ခြောက်သိန်းနဲ့ ဆန်တစ်အိတ် ဇန်းမော်ဈေး ကျပ် ၂၅၅၀၀ ရှိခဲ့ပါတယ်။ စပါးသစ်ဖြစ်လို့ အစိုဓာတ်မကုန်ခင် ဆန်စက်လုပ်ငန်းရှင်အချို့ ကြိတ်ခွဲတင်ပို့ရာမှ ဈေးကွက်မှာ ဆန်ဝါပေါက် ဆန်အစိုပြန်ကိတ်ခဲများ ဖြစ်ပြီး ဇန်းမော် ကုန်သည်များ ဝယ်ယူမှုမရှိဘဲ ပြန်သယ်ယူခဲ့ရတဲ့ ကုန်သည်များ ရှိနေပါတယ်။ ဆင်း-၃ ဆန်က ဇန်းမော် မှတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့တဲ့ ဒေသထွက်ကုန်ဖြစ်ပြီး မြို့နယ်ရဲ့ အဓိကဝင်ငွေရရှိတဲ့ လမ်းကြောင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက်ရည်ရှည် တည်တံ့ဖို့ ဆင်း-၃ ဆန်ဈေးကွက်မှာ မျက်နှာမပျက်စေဖို့ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ မိမိတင်ပို့တဲ့ ကုန်စည်နဲ့ ဈေးကွက်ကျွမ်းကျင်ဖို့ လိုအပ်နေတယ်လို့ ဝါရင့်ဆန်စက်လုပ်ငန်းရှင်များရဲ့ သုံးသပ်ချက်အရ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# Hybrid ကားများ ထုတ်လုပ်ရန်အတွက် တရုတ်နိုင်ငံတွင် ဟွန်ဒါမော်တော်ကားကုမ္ပဏီ စက်ရုံအသစ်တစ်ရုံ ထပ်မံတည်ဆောက်မည်

ဟွန်ဒါမော်တော်ကားကုမ္ပဏီသည် Dongfeng Motor Group နှင့် ပူးပေါင်း၍ လျှပ်စစ်ကားနှင့် Hybrid ကားများ ထုတ်လုပ်ရန်အတွက် ယွမ်ငွေ ၃ ဘီလီယံနီးပါး (အမေရိကန်ဒေါ်လာ ၄၃၆ သန်း) ရင်းနှီးမြှုပ်နှံပြီး တရုတ်နိုင်ငံ၊ ဝူဟန်တွင် ၂၀၁၉ ခုနှစ်၌ စက်ရုံအသစ်တစ်ရုံ တည်ဆောက်သွားကာ နှစ်စဉ်ကားစီးရေပေါင်း ၁ သိန်း ၂ သောင်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

တရုတ်နိုင်ငံတွင် စီးပွားရေးကျဆင်းလျက်ရှိသော်လည်း လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဟွန်ဒါကားကုမ္ပဏီ အနေဖြင့် တရုတ်နိုင်ငံ တွင် SUV ကားအမျိုးအစားများကို အမြောက်အများ ရောင်းချခဲ့ရကြောင်း၊ ၂၀၁၆ ခုနှစ်၊ ပထမ ၁၁ လအတွင်း ဟွန်ဒါကားကုမ္ပဏီမှရောင်းချမှုသည် ယခင်နှစ်များထက် ၂၈ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း၊ ဟွန်ဒါကားကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိသည့် တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သည့် ဒေါင်ဖန်းဟွန်ဒါလုပ်ငန်းစုကုမ္ပဏီအနေ ဖြင့် ယခုအခါ ၎င်းတို့ရည်မှန်းထားသည့် ကားစီးရေ အရေအတွက် နီးပါးရောင်းချနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

Source: Channel newsasia

**စန္ဒာထွန်း (TTI)**

# ဈေးမြင့်ပြီး ဈေးကွက်အေးနေတဲ့ ရန်ကုန်ကားဈေးကွက်

ယခုရက်သတ္တပတ် ဒီဇင်ဘာ ပထမပတ်နှင့် လလယ် မရောက်ခင်ကာလ အခြေအနေမှာ ရန်ကုန်ကားဈေးကွက် အတွင်း ကားဈေးတန်းများ ပိုမိုမြင့်တက်လာသော်လည်း အရောင်းအဝယ်နည်းပါးနေပြီး ယခင်ကဲ့သို့ ဈေးတန်းအမေးပင် မရှိတော့ကြောင်း သိရသည်။

နိုဝင်ဘာလကုန်ပိုင်းခန့်က ထွက်ပေါ်လာခဲ့သော ၂၀၁၇ ခုနှစ်အတွင်း တင်သွင်းရမည့်ကား မော်ဒယ်လ် ခုနှစ် အပိုင်းအခြားနှင့် အခြားစည်းကမ်းသတ်မှတ်ချက်များ ထွက်ပေါ်လာသဖြင့် ကားလောကတွင် ရန်ကုန်နှင့်မန္တလေး ဈေးကွက်အတွင်း အဓိကအားဖြင့် သက်ရောက်မှုများရှိခဲ့ပြီး ကားလေးများ ဈေးတန်း ၁၀ သိန်း၊ ပို၍ကောင်းပါက ၁၅ သိန်း ခန့် ခုန်တက်သွားပြီး စလစ်ဈေးများလည်း မြင့်တက်ကာ စလစ်ကပ်ကားများ ဈေးတန်းပိုခေါ်ထားသော်လည်း အရောင်းအဝယ်မဖြစ်ကြောင်း သိရသည်။

အဓိကအားဖြင့် မူဝါဒချမှတ်ပြီးနောက်ပိုင်းရက်များတွင် နဂိုအခြေအနေမှာပင် တက်ရိပ်ပြနေသော စလစ် ဈေးတန်းမှာ တစ်ရှိန်ထိုးတက်သွားပြီး ၁၂၀ ခန့်နီးပါး ဖြစ်ပေါ်လာခဲ့ကာ သက်ဆိုင်ရာမှ ပြန်လည်၍ “ ကွန်ဆိုင်းမန့်” ကားများ သက်တမ်းတိုးပေးခြင်း၊ ၉၇ ခုနှစ်မော်ဒယ်လ် အား ၂၀၁၇ ခုနှစ်တွင် အပ်နှံခွင့်ပေးမည်ဖြစ်ခြင်းတို့ကြောင့် စလစ်ဈေးတန်းပြန်ကျကာ အမည်ပေါက်စလစ် တစ်စောင် ၁၁၅ သိန်း၊ ၁၁၆ သိန်းခန့်တွင်တန့်နေကြောင်း၊ စလစ်ဈေး တန်း၏ အခြေခံဖြစ်သော နှစ်(၂၀) အပ်ကားများမှာလည်း ၁၀၈ သိန်း၊ ၁၀၉ သိန်းအထိပင် ဖြစ်ပေါ်လာ၍ စလစ်အပ်နှံ နေရဆဲ ဖြစ်သည့် မူဝါဒအား ပြန်လည်အဖြေရှာသင့်ပြီဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်တို့အဖွဲ့မှ ပြောသည်။

လတ်တလော ဖြစ်ပေါ်နေသည့် ကားဈေးကွက် အခြေအနေမှာ ရန်ကုန် လိုင်စင် ဖရီးပါမစ်ကားများ ဈေးမာလာမှုနှင့် အတူ အဝယ်ရှိသော်လည်း လက်ထဲကိုင်ထားသူများ ချက်ခြင်းမရောင်းနိုင်သေးသည့် အခြေအနေအား တွေ့မြင်နေရပြီး ဒေါ်လာအတက်စိပ်လာမှု၊ ပြည်ပဂျပန်ကားရပ်ဝန်းမှလည်း မြန်မာပြည်ကြိုက်ကားများ ဈေးမြင့်တက်ရောင်းချနေမှုများ ကြောင့် ကားလေးများ ဈေးကွက်မှာ ဈေးတက်ဖို့သာရှိ ကြောင်းနှင့် စလစ်ကပ်ကားများမှာ စလစ်ဈေးမြင့်တက်နေမှုကြောင့် အဝယ်အေးနေသော်လည်း မော်ဒယ်လ်ခုနှစ် ကန့်သတ်ချက်များကြောင့် စလစ်ဈေးတန်းပြန်ကျခဲ့လျှင်သော်မှ လူသုံးများဖိုးဝိုးလ် ဝက်ဂွန်စလစ်ကပ်ကားများ ယခင်ဈေးသို့ မရောက်နိုင်ကြောင်း ၎င်းတို့က ပြောသည်။

**SN**

# ပြည်လက်ကျန်မန်ကျည်းမှည့်ဈေး အနည်းငယ်တက်

ပြည်မန်ကျည်းမှည့်ပွဲရုံများတွင် လက်ကျန်လောက်သာ ကျန်ရှိနေတဲ့ မန်ကျည်းသီးမှည့်များ ဒီဇင်ဘာ(ဒုတိယပတ်) မှာ ဈေးအနည်းငယ်တက်လာတာတွေ့ရပါတယ်။ အမှန်တကယ်ဆောင်းရာသီရဲ့ ဟင်းသီးဟင်းရွက်ဈေးကွက်ဟာ ပေါများပြီး ဈေးနှုန်းအချိုသာဆုံးအချိန်ဖြစ်ပါတယ်။ ယခုနှစ်မှာ ဟင်းသီးဟင်းရွက်တွေ ဈေးကွက်မှာပေါများစွာမတွေ့ရဘဲ ဈေးနှုန်းများမြင့်တက်နေတာတွေ့နေရပါတယ်။ ချဉ်ပေါင်ရွက်၊ ကင်ပွန်းချဉ်ရွက်၊ ခရမ်းချဉ်သီးမှအစ ရှားပါးနေတဲ့အတွက် လက်ကျန်မန်ကျည်းမှည့်ဟောင်း ပြန်အသုံးများလာတာကြောင့် ဈေးအနည်းငယ်ဈေးမြင့်လာတာဖြစ်ပါတယ်။ မန်ကျည်းမှည့်အသစ်မပေါ်မီ မန်ကျည်းသီးစိမ်းအတောင့်များလည်း ဈေးမြင့်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့်တစ်ပိဿာ(ပွဲရုံဈေး) ကျပ် ၃၂၀၀ အထိရှိလာပြီး လက်လီဈေးကတော့ ကျပ် ၃၅၀၀ ဖြစ်ပါတယ်။ တခြားနယ်များသို့ တင်ပို့မှုမရှိတော့ဘဲ ဒေသတွင်း အရောင်းအဝယ်သာရှိတော့ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလ်ဖတ် (၂၀၀၂) | 9H | ၃၁၀ သိန်း | 2.4 ဓာတ်ဆီ/ကားကောင်း |
| ၂။ | ကလူဂျာ (၂၀၀၂) | 5J | ၃၁၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | ဗန်းဂတ် (၂၀၀၆) | 1M | ၄၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | ဝှစ်ရှ် (၂၀၀၃) | 1M | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၀) | 9G | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ/ရန်ကုန် |
| ၆။ | အေဒီဗစ် (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | ပဲခူးလိုင်စင်/1.3 ဓာတ်ဆီ |
| ၇။ | ပါဆို (၂၀၁၁) | ယာယီ | ၁၁၀ သိန်း | မန်းလိုင်စင်/1.3 ဓာတ်ဆီ |
| ၈။ | ဗီလ်ဒါ (၂၀၀၃) | EE | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၀၉ သိန်း | ကားကောင်း |

## ပုသိမ်မြို့တွင် Professional Web Design Course နှင့် Graphic Design Course သင်တန်းဖွင့်လှစ်မည်

ပုသိမ်မြို့၊ တက္ကသိုလ်လမ်းရှိ AIBI အသင်းရုံးတွင် Professional Web Design Course နှင့် Graphic Design Course သင်တန်းဖွင့်လှစ် မည်ဖြစ်ရာ Professional Web Design Course သင်တန်းတွင် HTML/HTML 5, CSS/ CSS 3,Bootstrap 3, Photoshop, JavaScript, JQuery ဘာသာရပ်များဖြင့် Website ရေးဆွဲမှု သင်တန်းကို ဆရာဦးတင်ထူးနိုင် B.A(Cinema and drama), (Certificate Php Developer Solo Learn) က သင်ကြားပို့ချပေးသွားမှာ ဖြစ်ကြောင်းသိရပါတယ်။ သင်တန်းတက်ရောက်လိုသူ ကွန်ပျူတာကျောင်းသား၊ ကျောင်းသူများ၊ ခေတ်ပညာတတ် လူငယ်များအတွက် ပြည်ပနိုင်ငံများနဲ့ရင်ပေါင်တန်း၍ ထူးချွန်ထက်မြက်တဲ့ကွန်ပျူတာကျွမ်းကျင်သူများ၊ စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်လိုသူ များ မိမိတို့တိုင်းဒေသကြီး အတွင်း ထွက်ပေါ်လာစေရန် ရည်ရွယ်၍ သင်တန်းကို ဒီဇင်ဘာ ၁၂ ရက်မှ စ၍ နှစ်လခွဲသင်ကြားဖွင့်လှစ်သွားမှာဖြစ် ပြီး သင်တန်းကြေးအဖြစ် ကျပ် ၆၀၀၀၀ ဖြစ်ကြောင်း AIBI အသင်းရုံးမှ သင်တန်းဆရာ ဦးထွန်းဇံဖြိုးက ပြောပါတယ်။

ဆက်လက်၍လည်း Graphic Design Course သင်တန်းကို ဒီဇင်ဘာ ၁၆ ရက်မှစ၍ တစ်ပတ်လျှင် သုံးရက်ဖြင့် နှစ်လကြာ သင်ကြားပို့ချပေးမှာဖြစ်ပြီး ကွန်ပျူတာဒီဇိုင်နာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုလိုသူ မည်သူမဆို တက် ရောက်နိုင်ကြောင်း၊ သင်တန်းကြေးမှာ ကျပ် ၃၀၀၀၀ ဖြစ်ပြီး သင်တန်းတွင် Graphic Design Course ကို အခြေခံ မှစ၍ အဆင့်မြင့်ကျွမ်းကျင်သည်အထိ Photo Editing, Color Theory, Design Theory, Logo & Advertising Design, ဂျာနယ်နှင့်မဂ္ဂဇင်း Layout, Sticker Design ဘာသာရပ်များကို B.C.Sc ကွန်ပျူတာကျောင်းဆင်း ဆရာ ဦးငြိမ်းချမ်းက သင်ကြားပို့ချပေးသွားမှာ ဖြစ်ကြောင်း သိရပါတယ်။ **မင်းမင်းဦး (ပုသိမ်)**

## တောင်ကြီးမြို့တွင် ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များနဲ့ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များ အသင်းတို့တွေ့ဆုံ၍ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းတို့မှ ညွှန်ကြားခဲ့သော ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပွဲနဲ့ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဒီဇင်ဘာ ၅ ရက်က တောင်ကြီးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါညှိနှိုင်း ဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝေက နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာမှာ ဆန်စက်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် အဓိက အခန်း ကဏ္ဍမှ ပါဝင်ပါကြောင်း၊ မိမိတို့ လုပ်ငန်းသည် လယ်ယာကဏ္ဍကို အခြေခံ၍ လုပ်ကိုင်ကြရသည် ဖြစ်ရာ လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရန်အတွက် သီးနှံမျိုးကောင်း မျိုးသန့်မှအစ ရှာဖွေပြီး လိုအပ်ချက် ရှိသည်များကို တောင်သူများနဲ့အတူ ဝိုင်းဝန်းပံ့ပိုး ပြုလုပ်ကြရန် လိုအပ်ပါကြောင်း၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါး ကုန်သည်များ စုစုစည်းစည်းရှိပြီး ခိုင်မာသည့် အသင်းအဖွဲ့ဖြစ်အောင် ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ရာတွင် ခိုင်မာသည့် အဖွဲ့အစည်းအဖြစ် ချိတ်ဆက်ဆောင်ရွက်နိုင်မှသာ ထိရောက်အောင်မြင်မှု ရနိုင်မှာဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးကူညီမှု၊ ဆက်ဆံမှုများ ရှိလာမှာ ဖြစ်ပါကြောင်း၊ မိမိတို့၏ စက်စွမ်းအားများကိုလည်း အဆင့်မီမီ ပြုပြင်ပြောင်းလဲထားကြရန်နဲ့ ကြိတ်ခွဲထုတ်လုပ်မှုများ အရည်အသွေး ကောင်းလာပါက ဈေးကောင်း ရောင်းချကြရမှာ ဖြစ်ပါကြောင်း အကျယ်တဝင့်ပြောကြားခဲ့သည်။

ထို့ပြင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီအောင်က စက်မှုလုပ်ငန်း လိုင်စင်များ ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် စက်မှုလုပ်ငန်း မှတ်ပုံတင်ပြီး စက်လုံးရေ ၅၀၀ ကျော်ကို ဆောင်ရွက်ပေးခဲ့ပြီး SME လုပ်ငန်းများအတွက် နည်းပညာများ ထောက်ပံ့ပေးမှုနှင့် ချေးငွေထုတ်ချေးပေးခြင်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ ထုတ်ကုန်များ ပြည်ပသို့ တင်ပို့နိုင်မှာဖြစ်ပြီး နိုင်ငံခြားငွေများ ရရှိလာမှာ ဖြစ်သည့်အတွက် ဆန်စက်လုပ်ငန်းရှင်များ အနေနဲ့လည်း လာရောက်ဆက်သွယ်ပါရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရပါသည်။

ထို့နောက် ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးကျော်အေးနဲ့ တက်ရောက်လာသူများက မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းတို့မှ ညွှန်ကြားခဲ့သော ကိစ္စရပ်များအား ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမောင် (တောင်ကြီး)**

## သာပေါင်းမြို့နယ်အတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် SMID Bank နဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

သာပေါင်းမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနရုံးတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်နဲ့ ဝန်ထမ်းများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များအား နည်းပညာနဲ့ ရင်းနှီးမြှုပ်နှံမှုငွေကြေး ပိုမိုရရှိနိုင်ရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Small & Medium Industrial Development Bank - SMID Bank) နဲ့ ချိတ်ဆက်ဆောင်ရွက် နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်တွင် ကျင်းပပြုလုပ်ရာ မြို့နယ် ဆန်စက်လုပ်ငန်းရှင်များ အသင်းနှင့် သီဟိုဠ်လုပ်ငန်းရှင်များ အသင်းများမှ နာယက၊ ဥက္ကဋ္ဌနှင့် အသင်းသား ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်က သာပေါင်းမြို့နယ်မှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနဲ့ ပြည်ပ ပို့ကုန် သီဟိုဠ်ကို အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ မိမိတို့မြို့နယ် ဖွံ့ဖြိုးလာမှာဖြစ်တဲ့အတွက် ဆန်စက်လုပ်ငန်းရှင်များအသင်းနဲ့ သီဟိုဠ်အသင်းကို ကျစ်လျစ်ခိုင်မာတဲ့ အသင်းအဖြစ် ဖွဲ့စည်းထားရန် လိုအပ်ကြောင်း၊ သီဟိုဠ်ဈေးကွက်မထိုးဖောက်နိုင်၍ ကုန်ချောဈေးကွက်မရှိဘဲ အများအားဖြင့် ကုန်ကြမ်း အတိုင်း သာရောင်းချနေတဲ့အတွက် အမြတ်အစွန်းနည်းပါးကြောင်း၊ တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်မှသာ လုပ်ငန်းရှင်များ ဝင်ငွေတိုးပွားလာနိုင်မှာဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လည်ပတ်ငွေရရှိစေရန် SMID Bank များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက် SMEs အသင်းဝင်ဖြစ်ရန် လိုအပ်ကြောင်း၊ ယခုအခါ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ မြို့ပေါ်နဲ့ ကျေးရွာများရှိ လုပ်ငန်းရှင်များကို သွားရောက်တွေ့ဆုံ၍ SMEs လုပ်ငန်းရဲ့ နည်းပညာနဲ့ ပံ့ပိုးငွေရရှိရေး အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်နိုင် ရန် စီးပွားရေးလုပ်ငန်းရှင်များ သိရှိနိုင်ရန် ကွင်းဆင်းလာရောက်ရခြင်းနဲ့ လုပ်ငန်းများအလိုက် အသင်းဝင်ကတ်များကို ပြုလုပ်ပေးလျက်ရှိရာ ယခုအခါ SMEs အသင်းဝင်ကတ် လျှောက်ထားသူ ၂၀၀ ကျော်ရှိ၍ ယခင်ထက်ပိုများလိုကြောင်း၊ SMEs အသင်းဝင်ကတ်ရရှိသူများမှ သက်ဆိုင်ရာဘဏ်တွင် ဘဏ်စာရင်းဖွင့်လှစ်ထားရှိပြီး စည်ပင်သာယာအခွန်နှင့် အခွန်ဦးစီးဌာနများတွင် သတ်မှတ်နှစ်အလိုက် အခွန်ငွေပေးသွင်းထားရှိရန် ချေးငွေရရှိနိုင်ရေး အသင်းဝင်ကတ်ရရှိသူများကို သက်ဆိုင်ရာဌာနများသို့ မိမိတို့က ချိတ်ဆက်ထားပြီး SMID Bank မှ ချေးငွေများရရှိပါက သာပေါင်းမြို့နယ်တွင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိလာမှာဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့ပါတယ်။

**မင်းမင်းဦး ( ပုသိမ် )**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဗြဲရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

၁၂-၁၂-၂၀၁၆ မှ ၁၈-၁၂-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင်လောဘကြီးနေတတ်သည်။ ကုန်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ခြင်း အကျိုးပေးပါသည်။ ပညာရေးတွင်ပီပြင်သောစိတ်ဓာတ်ဖြင့်တက်ကြွသော အနေအထားမရှိတတ်သေးပါ။ ကြိုးစားမှုယူရလိမ့်ဦးမည်။ အပူအအေးမညီမျှမှုကြောင့် ကျန်းမာရေးညံ့ဖျင်းနေတတ်ပါသည်။ အချစ်ရေးတွင်အခွင့်ရေးသမားနှင့်တွေ့ကြုံရတတ်သည်။ အိမ်ထောင်ရေးတွင်စိတ်တိုင်းမကျဖြစ်နေတတ်သည်။ **ယတြာ။ ။ဘုရားတွင်ဆီမီး (၅) တိုင်ထွန်းညှိပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** တွေ့သမျှသူများကို ပေါင်းသင်းပြီး လိုက်လျောတတ်သဖြင့် မမှားသင့်သော အမှားမျိုး တွေ့ကြုံရတတ်သည်။ ပညာရေးတွင် မှတ်ဉာဏ်သွက်လက်မှုအားကောင်းနေတတ်ပါသည်။ စိတ်ထိခိုက်နာကျင်မှုတို့ကြောင့် ကျန်းမာရေး ထိခိုက်လာနိုင်ပါသည်။ ဆိုးရွားသောရောဂါ မဖြစ်နိုင်ပါ။ အချစ်ရေးတွင်မေတ္တာရေးပဋိပက္ခရှိနေတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် တစ်ယောက်တစ်နေရာနေထိုင်ရတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်ရေချမ်းကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အိမ်၊ခြံမြေအကျိုးဆောင်လုပ်ငန်းမှ မမျှော်လင့်သောငွေကြေးဥစ္စာခနများ ရရှိမည်ဖြစ်ပါသည်။ မြေထွက်သီးနှံများနှင့် အကျိုးပေးသောကာလဖြစ်ပါသည်။ ပညာရေးတွင် ဝီရိယအားရှိနေမည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်မစားနိုင်သော လေနာရောဂါ၊ အစာအိမ်ရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးနှင့်ပတ်သက်၍ အလေးအနက်မထားတတ်ဖြစ်နေမည်။ အိမ်ထောင်ရှိလျှင်လည်း ပျော်ရွှင်မှုအားနည်းနေလိမ့်မည်။ **ယတြာ။ ။သံဃာတော်များကိုဆေးဝါးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့မည့် အကြီးအကဲများနှင့်ဆရာ သမားများတို့ ပံ့ပိုးပေးလိမ့်မည်။ အနုပညာ၊ အဆို၊ အက၊ တီးဝိုင်းစသည်တို့နှင့်ပတ်သက်သောလုပ်ငန်းများမှ အောင်မြင်မှုများရရှိမည်ဖြစ်သည်။ ပညာရေးတွင် လုပ်ငန်းခွင်သုံးပညာရပ်အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်ပင်ပန်းသော ဝေဒနာခံစားရလိမ့်မည်။ စိတ်နှင့်ပတ်သက်သော ရောဂါဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။ရေတွင်း၊ ရေကန်လှူဒါန်းပေးပါ။**



**ကြာသပတေးသားသမီးများအတွက်** အများနှင့်ပတ်သက်၍လုပ်ကိုင်ရသောလုပ်ငန်းများ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပွဲရုံလုပ်ငန်းများ အကျိုးပေးကောင်းတတ်ပါသည်။ ပညာရေးတွင်ဆေးဝါး၊ စိတ်ပညာတို့နှင့်ပတ်သက်သောပညာရပ်များ အကျိုးပေးပါသည်။ ကျန်းမာရေးတွင် အစားအသောက်မှားယွင်းမှုကြောင့် ဆီးချို၊ သွေးတိုးဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင်ဖောက်ပြန်တတ်သောသူကိုမှ ချစ်နေမိတတ်သည်။ အိမ်ထောင်ရှိသူများအနေဖြင့် ဘဝတိုးတက်အောင်ကြိုးစားအားထုတ်နေရတတ်သည်။

**ယတြာ။ ။တရားအားထုတ်သူများရှိရာ ကမ္မဋ္ဌာန်းကျောင်းတို့တွင် အချိုရည်လှူပါ။**



**သောကြာသားသမီးများအတွက်** ယာဉ်၊ ကားပစ္စည်းများရောင်းဝယ်သောလုပ်ငန်းမှ အကျိုးရှိလာလိမ့်မည်။ ပညာရေးအားကောင်းနေသည်။ အင်ဂျင်နီယာပညာရပ်များ တတ်ကျွမ်းမှုထူးချွန်နေလိမ့်မည်။ ကျန်းမာရေးတွင် ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေးတွင် သင့်တင့်မှုရှိနေမည်။ အိမ်ထောင်ရေးပျက်တတ်သည်။ သည်းခံနိုင်မှဖြစ်မည်။ **ယတြာ။ ။နေ့စဉ်ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို သိုသိုသိပ်သိပ်လုပ်ဆောင်တတ်သည်။ ဆေးဝါးနှင့်ပတ်သက်သောလုပ်ငန်း၊ ဆေးကုခြင်း၊ ဆေးဖော်စပ်ရောင်းဝယ်ခြင်းတို့မှ ကြီးပွားချမ်းသာမည်ဖြစ်သည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပေါင်းသင်းဆက်ဆံမှု ပိုမို၍ အဆင်ပြေချောမွေ့လာတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် လေနာရောဂါ၊ ဦးနှောက်နှင့်အာရုံကြောရောဂါတို့ကို သတိထားသင့်ပါသည်။

**ယတြာ။ ။ ရဟန္တာများအား ရွှေသင်္ကန်းကပ်လှူပါ။**

# ဟီတာချီက ပထမဦးဆုံးအိုင်စီတီအခမ်းအနား Hitachi ICT Solution Day in Yangonကို မြန်မာနိုင်ငံတွင် ကျင်းပ




ဟီတာချီလီမိတက်နှင့်ဟီတာချီအေးရှားလီမိတက်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် Hitachi ICT Solution Day in Yangon ကို ဒီဇင်ဘာလ ၇ရက်က လက်ခံကျင်းပပေးခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် ယခင်က ကျင်းပခဲ့သည့် စီးပွားရေးဆွေးနွေးပွဲများမှတစ်ဆင့် ဟီတာချီ၏ဆန်းသစ်တီထွင်သော လူမှုစီးပွားရေးလုပ်ငန်း များ(Social Innovation Business) အတွက် အရေးပါသည့်မောင်းနှင်အားတစ်ခုဖြစ်ပြီး အခြေခံအဆောက်အအုံများနှင့် အဆင့်မြင့်သတင်းအချက်အလက်နည်းပညာများကို ပေါင်းစပ်ထားသော ဟီတာချီ၏အိုင်စီတီနည်းပညာရပ်များကို ပြသခဲ့ကြောင်းသိရသည်။

Hitachi ICT Solution Day သည် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့်အမျိုးမျိုးသော လူမှုရေးဆိုင်ရာ ကိစ္စရပ်များအတွက်အိုင်စီတီတွေးခေါ်ပုံများမှ နည်းပညာဆိုင်ရာ အဖြေများကို ဆွေးနွေးနိုင်မည့် အခွင့်အလမ်းတစ်ခုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

ဟီတာချီသည် မြန်မာ့လူ့အဖွဲ့အစည်းကို ပိုမိုထောက်ပံ့ပေးနိုင်ရန်အတွက် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကို ၎င်း၏လုပ်ငန်းတူမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာလုပ်ဆောင်လျက်ရှိသည်။

လက်ရှိအချိန်အထိ ဟီတာချီသည် မြန်မာ့စက်မှုဆိပ်ကမ်းကို ပိုမို ခေတ်မီအောင် ဆောင်ရွက်သည့် Port-EDI စီမံကိန်းကို လုပ်ဆောင်ပေးလျက်ရှိသည့်အပြင် ရန်ကုန်-မန္တလေး လမ်းပိုင်းမှ ရန်ကုန်-ပြွန်တန်ဆာအထိ လမ်းပိုင်းအား ဒစ်ဂျစ်တယ်အချက်ပြစနစ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် ဟီတာချီသည် မြန်မာ့စာပို့တိုက်လုပ်ငန်း၏ ငွေလွှဲပြောင်းရေးလုပ်ငန်းများကိုလည်း ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လုပ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဟီတာချီအေးရှားလီမိတက်၏ ဒုတိယမန်နေးဂျင်းဒါရိုက်တာနှင့် ဟီတာချီအေးရှားလီမိတက်(မြန်မာ)ရုံးခွဲ၏ အထွေထွေမန်နေဂျာဖြစ်သူ မစ္စတာ မာဆာကီအိုတာကဲက "ကျွန်တော်တို့ဟာ Hitachi ICT Solution Day in Yangon ကို ရန်ကုန်မှာ ပထမဆုံးအကြိမ်ကျင်းပနိုင်ခဲ့တဲ့အတွက် အရမ်း ကို စိတ်လှုပ်ရှားမိပါတယ်။ အိုင်စီတီဟာ ကျွန်တော်တို့ရဲ့နေ့စဉ်ဘဝမှာလိုအပ်တဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မြန် မာနိုင်ငံရဲ့ စီးပွားရေးနဲ့မြို့ပြဖွံ့ဖြိုးတိုးတက်မှုမှာလည်း အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ဒီအခမ်းအနားမှာ ဟီတာချီရဲ့အကောင်းဆုံး အိုင်စီတီရှုထောင့်အမျိုးမျိုးဟာ မြန်မာ နိုင်ငံရဲ့အနာဂတ်ဖွံ့ဖြိုးမှုကို ဘယ်လို ထောက်ပံ့ပေးနိုင်တယ်ဆိုတာကို ပြသမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

# ကျပ်သိန်း ၁၀၀ အောက်ရှိ တိုက်ခန်းများ၊ မြေကွက်များအား ရောင်းချပေးမည့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ၏အကြီးဆုံးအိမ်ခြံမြေအရောင်းပြပွဲ ကျင်းပမည်

ကျပ်သိန်း ၁၀၀ အောက်ရှိတိုက်ခန်းများ၊ မြေကွက်များအား ရောင်းချပေးမည့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ၏ အကြီးဆုံးသောအိမ်ခြံမြေအရောင်း ပြပွဲကို ဒီဇင်ဘာလ ၁၆ ရက်မှ ၁၈ ရက် အထိ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် ကျပ်သိန်း ၁၀၀ အောက်မှစတင်သော တိုက်ခန်းများ၊ အသင့်နေထိုင်နိုင်ပြီဖြစ်သည့် နိုင်ငံတကာအဆင့်မီကွန်ဒိုပေါင်းများစွာကို တစ်နှစ်မှ ၁၂ နှစ်အထိ အရစ်ကျစနစ်များ၊ အထူးလျှော့ဈေးနှုန်းများဖြင့် ဝယ်ယူရရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရောင်းရန်၊ ငှားရန်ရှိသည့် အိမ်ခြံမြေများကိုလည်း တစ်နေရာတည်းတွင် အလွယ်တကူသိရှိနိုင်စေရန် ဆောင်ရွက်ထားမည်ဖြစ်ကြောင်းသိရသည်။




ယခုပြပွဲကို iMyanmar House က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်မေလတွင် တစ်ကြိမ်၊ ဒီဇင်ဘာလတွင် တစ်ကြိမ်၊ ၂၀၁၆ခုနှစ်ဇွန်လတွင်တစ်ကြိမ် iMyanmar House ကပင် ကြီးမှူး၍ စုစုပေါင်းသုံးကြိမ်ပြုလုပ်ခဲ့ရာ အဆိုပါအရောင်းပြပွဲများအတွင်း တိုက်ခန်းနှင့် ကွန်ဒိုစုစုပေါင်းတန်ဖိုးကျပ် ၃၄ ဘီလီယံကျော် ရောင်းချခဲ့ရကြောင်း၊ ထို့ကြောင့် အဆိုပါပြပွဲများမှတစ်ဆင့် ရောင်းသူများရော၊ ဝယ်ယူသူများပါ နှစ်ဦးနှစ်ဖက်စလုံး အကျိုးရှိသည့်အတွက် ယခုကဲ့သို့ စတုတ္ထအကြိမ်အိမ်ခြံမြေအရောင်းပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုပြပွဲမှလည်း ၁၀ ဘီလီယံ မှ ၁၅ ဘီလီယံအထိ ရောင်းချပေးနိုင် လိမ့်မည်ဟု ခန့်မှန်းထားကြောင်းiMyanmar House.com ၏အုပ်ချုပ်မှုဒါရိုက်တာ ဦးနေမင်းသူက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအရောင်းပြပွဲတွင် တိုက်ခန်းများ၊ကွန်ဒိုများအား အထူးလျှော့ဈေးများဖြင့် ရောင်းချပေးမည့်အပြင် ကွန်ဒိုတိုက်ခန်းတစ်ခန်းဝယ်ယူပါက တိုယိုတာကားတစ်စီးလက်ဆောင်ပေးမည့်အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်းသိရသည်။

ပြပွဲသို့ လာရောက်လေ့လာဝယ်ယူသည့်ပြည်သူများအားလည်း ဆမ်ဆောင်းအမျိုးအစား ဖုန်းများနှင့် တက်ဘလက်များ အပါအဝင်ကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိသည့် လျှပ်စစ်ပစ္စည်းများကိုလည်း ကံစမ်းမဲများ ဖောက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် အဆိုပါပြပွဲကျင်းပမည့် သုံးရက်အတွင်း အိမ်ခြံမြေများနှင့်ပတ်သက်သည့်ဥပဒေရေးရာများ၊သိသင့်သိထိုက်သည့်အကြောင်းအရာများကို အသိပညာရှင်၊အတတ်ပညာရှင်များဖြစ်သည့် ဦးကျော်ကျော်လှိုင် (Smart Group of Companies)၊ ဦးဝင်းဇော် (CHD Bank)၊ဦးကိုကိုထွေး(တော်ဝင်စင်တာ)၊ ဦးမျိုးမြင့်(M.K.T Construction)၊ ဦးစိုင်းခွန်နောင်(စိုင်းခွန်နောင်အိမ်ခြံ မြေ)၊ ဦးမြတ်သူဝင်း(ရွှေမင်းသားဖောင်ဒေးရှင်း)၊ ဦးသန်းဦး(မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်)၊ ဦးခင်မောင်သန်း(မြန်မာ နိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု အသင်း)၊ ဦးသက်နိုင်ဦး(Maverick Estate)၊ ဦးပီတာ(အောင်သမာဓိအကျိုးဆောင် စီးပွားရေးအတိုင်ပင်ခံ)၊ လွှတ်တော်ရှေ့နေ မောင်ကောင်းဖေနှင့် ဦးနေမင်းသူ (iMyanmarHouse.com)တို့က ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်းသိရသည်။



## မြို့ကြီးများ၏ ၁၂-၁၂-၂၀၁၆ မှ ၁၆-၁၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၂-၁၂-၂၀၁၆) | အင်္ဂါ(၁၃-၁၂-၂၀၁၆) | ဗုဒ္ဓဟူး(၁၄-၁၂-၂၀၁၆) | ကြာသပတေး(၁၅-၁၂-၂၀၁၆) | သောကြာ(၁၆-၁၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ<br>၃၃°C/၉၂°F | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၈၉°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့်<br>၃၃°C/၉၁°F | တိမ်အသင့်အတင့်<br>၃၃°C/၉၂°F | တိမ်အသင့်အတင့်<br>၃၃°C/၉၁°F | တိမ်အသင့်အတင့်<br>၃၂°C/၈၉°F | နေသာ<br>၃၁°C/၈၈°F |
| မန္တလေးမြို့ | နေသာ<br>၃၁°C/၈၇°F | နေသာ<br>၃၁°C/၈၇°F | နေသာ<br>၃၀°C/၈၆°F | နေသာ<br>၃၀°C/၈၆°F | နေသာ<br>၂၉°C/၈၄°F |
| မြစ်ကြီးနား | နေသာ<br>၂၇°C/၈၀°F | နေသာ<br>၂၇°C/၈၀°F | နေသာ<br>၂၇°C/၈၁°F | တိမ်အသင့်အတင့်<br>၂၇°C/၈၁°F | နေသာ<br>၂၇°C/၈၀°F |
| လားရှိုး | နေသာ<br>၂၆°C/၇၈°F | နေသာ<br>၂၅°C/၇၇°F | နေသာ<br>၂၆°C/၇၈°F | တိမ်အသင့်အတင့်<br>၂၄°C/၇၆°F | တိမ်ထူထပ်<br>၂၃°C/၇၄°F |
| ကျိုင်းတုံ | နေသာ<br>၂၈°C/၈၃°F | နေသာ<br>၂၈°C/၈၂°F | တိမ်အသင့်အတင့်<br>၂၇°C/၈၁°F | တိမ်အသင့်အတင့်<br>၂၄°C/၇၅°F | တိမ်အသင့်အတင့်<br>၂၃°C/၇၄°F |
| လွိုင်ကော် | တိမ်အသင့်အတင့်<br>၂၉°C/၈၄°F | တိမ်အသင့်အတင့်<br>၂၉°C/၈၄°F | နေသာ<br>၂၈°C/၈၂°F | တိမ်အသင့်အတင့်<br>၂၇°C/၈၀°F | နေသာ<br>၂၆°C/၇၈°F |
| တောင်ကြီး | တိမ်အသင့်အတင့်<br>၂၄°C/၇၆°F | တိမ်အသင့်အတင့်<br>၂၄°C/၇၅°F | နေသာ<br>၂၄°C/၇၅°F | တိမ်အသင့်အတင့်<br>၂၃°C/၇၄°F | နေသာ<br>၂၂°C/၇၁°F |
| မော်လမြိုင် | တိမ်အသင့်အတင့်<br>၃၃°C/၉၂°F | တိမ်အသင့်အတင့်<br>၃၂°C/၉၀°F | တိမ်ထူထပ်<br>၃၃°C/၉၁°F | နေသာ<br>၃၃°C/၉၂°F | နေသာ<br>၃၂°C/၈၉°F |
| ဘားအံ | နေသာ<br>၃၄°C/၉၃°F | တိမ်ထူထပ်<br>၃၃°C/၉၁°F | တိမ်အသင့်အတင့်<br>၃၃°C/၉၂°F | နေသာ<br>၃၃°C/၉၂°F | နေသာ<br>၃၂°C/၉၀°F |
| တောင်ငူ | တိမ်အသင့်အတင့်<br>၃၃°C/၉၁°F | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၂°C/၉၀°F |
| မုံရွာ | နေသာ<br>၃၁°C/၈၇°F | နေသာ<br>၃၁°C/၈၇°F | နေသာ<br>၃၀°C/၈၆°F | နေသာ<br>၂၉°C/၈၅°F | နေသာ<br>၂၉°C/၈၄°F |
| ပုသိမ် | တိမ်အသင့်အတင့်<br>၃၂°C/၈၉°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၈၉°F |
| မြိတ် | တိမ်အသင့်အတင့်<br>၃၂°C/၈၉°F | နေသာ<br>၃၁°C/၈၇°F | တိမ်အသင့်အတင့်<br>၃၁°C/၈၈°F | တိမ်အသင့်အတင့်<br>၃၁°C/၈၇°F | တိမ်အသင့်အတင့်<br>၂၉°C/၈၄°F |
| စစ်တွေ | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၁°C/၈၈°F | နေသာ<br>၃၁°C/၈၇°F | နေသာ<br>၃၁°C/၈၇°F |
| မကွေး | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၁°C/၈၈°F | နေသာ<br>၃၁°C/၈၇°F |
| ဖလမ်း | တိမ်အသင့်အတင့်<br>၂၁°C/၇၀°F | နေသာ<br>၂၁°C/၇၀°F | တိမ်အသင့်အတင့်<br>၂၁°C/၆၉°F | နေသာ<br>၂၁°C/၆၉°F | နေသာ<br>၂၀°C/၆၈°F |

## အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် သေဆုံးသူများအား ဆက်လက်ရှာဖွေလျက်ရှိ

အင်ဒိုနီးရှားနိုင်ငံတွင် ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိသည့် အင်အားပြင်းထန်သည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ရပြီး သေဆုံးသူများအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း အေဘီစီသတင်းတွင် ဖော်ပြထားချက်များအရ သိရသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် အာချေးပြည်နယ်တွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ နေအိမ်များ၊ စာသင်ကျောင်းများ၊ ရုံးအဆောက်အဦများ ပြိုကျပျက်စီးခဲ့ရသည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်း မရှိဟု ဆိုသည်။

ငလျင်ကြောင့် သေဆုံးသူအရေအတွက်မှာ ၁၀၀ ကျော်ရှိသွားပြီဖြစ်သော်လည်း ထပ်မံမြင့်တက်လာနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ အဆောက်အဦများ ပြိုကျမှုများကြောင့် ဒဏ်ရာရရှိသူများမှာ ၂၂၀၀၀ ကျော်ရှိနေပြီဖြစ်သည်။

ဒီဇင်ဘာလ ၁၀ ရက် နံနက်ပိုင်း က ကယ်ဆယ်ရေးလုပ်သားများသည် အပျက်အစီးများအောက်တွင် ပိတ်မိနေသည့်သူများ ရှာဖွေရန် အာချေးမြို့တွင်းသို့ ထွက်လာစဉ် ကယ်ဆယ်ရေး ခွေးကစက်ရုံကြီးတစ်ရုံ၏ရှေ့တွင် ရပ်ကာ ဟောင်နေသဖြင့် ကယ်ဆယ်ရေး လုပ်သားများက အဆိုပါစက်ရုံအား လွန်တူးစက်များဖြင့် တူးဖော်ကာ ရှာဖွေလျက်ရှိသည်ဟု မျက်မြင်တွေ့ရှိသူများက အေဘီစီသတင်းဌာနကို ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝိဒိုဒိုသည် ဒီဇင်ဘာလ ၉ ရက်က အာချေးပြည်နယ်သို့ရောက်ရှိလာကာ ဆေးရုံများတွင် တက်ရောက်ကုသနေသည့် ဒဏ်ရာရရှိသူများအားတွေ့ဆုံအားပေး စကားပြောကြားခဲ့ပြီး ငလျင်ဒဏ်ကြောင့် သေဆုံးခဲ့ရသူများအတွက် ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်ခဲ့သည်။

အင်ဒိုနီးရှားအစိုးရက ပေးပို့ခဲ့သည့် အမေရိကန်ဒေါ်လာ ၃၅၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများအား မြို့တော်ဂျကာတာမှ အာချေးပြည်နယ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်ဟု ဆိုသည်။

ကယ်ဆယ်ရေးပစ္စည်းများအား ငလျင်ဘေးဒုက္ခသည်များနေထိုင်လျက်ရှိသည့် ရွက်ဖျင်တဲများသို့ လိုက်လံဝေငှပေးမည်ဖြစ်ကြောင်း အာချေးပြည်နယ်ရှိတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

## အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြို့သို့ အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း ဗာဒက်ရှ် ဝင်ရောက်တိုက်ခတ်မည်

ဘင်္ဂလားပင်လယ်အော်နှင့် နီကိုးဘားကျွန်းအနီးတစ်ဝိုက်တွင် ဖြစ်ပေါ်လျက်ရှိသည့် ဆိုင်ကလုန်းမုန်တိုင်း ဗာဒက်ရှ်သည် ပိုမိုအားကောင်းလာကာ အင်အားပြင်းထန်သည့်ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ အဆိုပါဆိုင်ကလုန်းမုန်တိုင်း ဗာဒေ့ရှ်သည် အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသများ သို့ဝင်ရောက်တိုက်ခတ်မည်ဖြစ်ပြီး အင်ဒရာပရာဒေ့ရှ်မြို့သို့ ဦးတည်လျက်ရှိကြောင်း NDTV သတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယမိုးလေဝသပညာရှင်များ၏ အဆိုအရ အဆိုပါ အားကောင်းသော မုန်တိုင်းသည် တစ်နာရီလျှင် ၇ ကီလိုမီတာနှုန်းဖြင့် အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းခြေသို့ လျင်မြန်စွာ ရွေ့လျားလျက်ရှိပြီး ဒီဇင်ဘာလ ၁၁ ရက်တွင် ကမ်းခြေအနီးသို့ ရောက်ရှိလာနိုင်ကြောင်း၊ သို့သော် အင်ဒရာပရာဒေ့ရှ်သို့ဝင်ရောက်ပြီးနောက် အားပျော့ပျက်ပြယ်သွားနိုင်ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

မုန်တိုင်းတိုက်ခတ်မှုမဖြစ်ပေါ်မီက ပင် အိန္ဒိယနိုင်ငံတောင်ပိုင်းကမ်းခြေ ဒေသများဖြစ်သည့် အင်ဒရာပရာဒေ့ရှ်၊ မာချီလီပက်တာနမ်နှင့် Nellore မြို့တို့တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိကြောင်း၊ ဒီဇင်ဘာလ ၁၂ ရက် ညနေ ပိုင်းအထိ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်သဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူများအား မုန်တိုင်းမှလွတ်ကင်းရာဒေသများတွင် သွားရောက်နေထိုင်ကြရန် ဒေသဆိုင်ရာအာဏာပိုင်များက ညွှန် ကြားထားသည်။

မုန်တိုင်းတိုက်ခတ်မည်ဟုကြေညာ ခဲ့စဉ်က ချနိုင်းမြို့ ပါဝင်ခဲ့သော်လည်း ယခုအခါတွင်မူ ချနိုင်းမြို့သည် မုန်တိုင်း အဖျားရိုက်ခတ်မှုကိုသာ ခံရနိုင်သည်ဟု ဆိုသည်။

အိန္ဒိယလေတပ်နှင့်ရေတပ်မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကမုန်တိုင်း မတိုက်ခတ်မီ မုန်တိုင်းတိုက်ခတ်ရာ လမ်းကြောင်းတစ်လျှောက်ရှိ သွားလာရေးခက်ခဲသည့် ဒေသခံများအား ကယ်ဆယ်ရေးလုပ်ငန်းများစတင်လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။



## ပုသိမ်ကြီးမြို့နယ်၊ အမှတ် (၉၆) အ·လ·က ကျောင်းခွဲတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာရှိ အမှတ်(၉၆)အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် နိုဝင်ဘာ ၂၉ ရက်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြော ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်မင်းထွေးက အစားအသောက်များနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်များအား ဟောပြောခဲ့သည်။ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ထားထားလွင်နှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဌာနခွဲတာဝန်ခံ ဦးမင်းလွင်တို့က အစားအသောက်များအား ဝယ်ယူစားသုံးရာတွင် လည်းကောင်း၊ ဟင်းသီးဟင်းရွက်များအား ချက်ပြုတ်စားသောက်ရာတွင် လည်းကောင်း သိသင့်သိထိုက်သည့်အချက်များဆောင်ရန်ရှောင်ရန်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းမုန့်ဈေးတန်းမှ ဈေးသည်များ စုစုပေါင်း ၂၀၀ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **ပပ(မန္တလေး)**

## မြောင်းမြမြို့ပေါ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်

မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းမြင့်နဲ့ ဝန်ထမ်းများက မြောင်းမြမြို့ပေါ်ရှိ လေးအိမ်တန်း အ. မ. က(မူလွန်)ကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း၁၇၀ဦးတို့အား ဒီဇင်ဘာလ ၁ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် ဒုတိယခရိုင်ဦးစီးမှူးဦးဇော်မင်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိကောင်းစရာများနဲ့ ကျောင်းမုန့်ဈေးတန်းတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် FDA မှ တားမြစ်ထားတဲ့ မုန့်များမရောင်းချရန်၊ ဓာတုဆိုးဆေးအန္တရာယ်နှင့်ကင်ဆာဖြစ်ပွားစေနိုင်သော စားသောက်ကုန်များအကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအား ငယ်စဉ်ကတည်းက ဆေးလိပ်သောက်ခြင်းအမူအကျင့်ကို အားပေးသည့် စီးကရက်ပုံမုန့်များရောင်းချမှုမရှိစေရန်နှင့်ဘေးအန္တရာယ်ကင်းရှင်းသည့်မုန့်များ ဝယ်ယူစားသောက်နိုင်ရန်စသည့် စားသုံးသူရေးရာ သိကောင်းစရာများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ပါတယ်။

**စောမိုက်ကယ်**

## ရပ်စောက်မြို့နှင့် ဗထူးမြို့များရှိ အ·ထ·ကနှင့်အ·လ·က ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မှ ဦးအောင်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် အဖွဲ့သည် ဒီဇင်ဘာ ၆ ရက်က တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်ရှိ အ. ထ. က(၁)၊ အ. လ. က(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အ. ထ. က ဗထူးမြို့တို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်နေ့က ရပ်စောက်မြို့နယ် အ. ထ. က ပင်ဖြစ်စံပြကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် အ. ထ. က ရတနာပုံတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲများတွင် သက်ဆိုင်ရာကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဦးအောင်ကျော်(လက်ထောက်ညွှန်ကြားရေးမှူး)က စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအားဟော ပြောဆွေးနွေးခဲ့ပါတယ်။ ထို့ပြင် ဒေါ်စောယုထွေးက စားသုံးသူများ၏ အခွင့်အရေးနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုများအကြောင်း၊ အစားအသောက်များမှတစ်ဆင့်ဖြစ်တတ်သော ကင်ဆာရောဂါများအကြောင်း၊ အလှကုန်နှင့်ပတ်သက်၍ ဝယ်ယူသုံးစွဲရမည့်နည်းစနစ်များအကြောင်း ဟောပြောဆွေးနွေးခဲ့သလို ဦးဇော်ဇော်လတ်၊ ဦးဝင်းလှိုင်ဦး၊ ဒေါ်သီသီထွေးတို့ကလည်း အစားအသောက်များတွင် အသုံးပြုသည့်ဓာတုဆိုးဆေးများ၏ အန္တရာယ်နှင့်ဖော်မလင်၏ဆိုးကျိုးများ အကြောင်းနှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်မှုအခြေအနေများအား ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါတယ်။

ကျောင်းမုန့်ဈေးတန်းမျာတွင် ရောင်းချနေသည့် မုန့်များအား ကွင်းဆင်းစစ်ဆေးရာ၌အချို့ကျောင်းများ၌ သက်တမ်းလွန် မုန့်များရောင်းချနေသည်ကိုတွေ့ရှိရသဖြင့် သိမ်းဆည်း၍မီးရှို့ဖျက်ဆီးပြီး ဓာတုဆိုးဆေးများပါသောမုန့်များအစား မြန်မာ့ရိုးရာမုန့်များကိုသာ သန့်ရှင်းစွာရောင်းချပေးရန် မုန့်ဈေးသည်များအား ပညာပေးဆွေးနွေးခဲ့ပြီး ဌာန၏ ပညာပေးလက်ကမ်းစာစောင်များနှင့် တိုင်ကြားမှုပုံစံများအား သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့တယ်လို့ သိရှိရပါတယ်။ **စောယုထွေး-တောင်ကြီး**

## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၂/ ၂၀၁၆ ကျင်းပ

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၆) ကို ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၂၉ရက်က ကျင်းပရာ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် မိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများနှင့် ဌာနခွဲမှူးများစုစုပေါင်း ၂၇ဦးတက်ရောက်ခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဖျာပုံခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ဌာန၏လမ်းညွှန်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးဆောင်ရွက်မှုများနှင့် ဒီဇင်ဘာလတွင် ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များ၊ကျောင်းများ၊ ရပ်ကွက်ကျေးရွာများ၊ ဈေးရုံဈေးတန်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအစုအဖွဲ့များ၊ အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့်ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးရေးကိစ္စများကိုဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်(၁၃)ဌာနနှင့်မိတ်ဖက်ဌာနများမှ မြို့နယ်အလိုက် အုပ်စု အမျိုးအစားတူ ကုန်စည်များအား ကွင်းဆင်းစစ်ဆေးမှု မပြုမီ တားမြစ်ကုန်များအကြောင်းအား သင်တန်းပို့ချသွားရန်နှင့် အများထင်သာမြင်သာရှိသောနေရာများတွင် လိုအပ်သော ပိုစတာများ၊ ဗီနိုင်းများဖြင့် အသိပညာပေးချိတ်ဆွဲထားသင့်ပါကြောင်း အကြံပြုဆွေးနွေးကြပါသည်။

ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌကနိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မောင်ဖျာပုံ**

## မော်လမြိုင်ခရိုင်နှင့် သထုံခရိုင် အတွင်းရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနသည် နိုဝင်ဘာလအတွင်းက မော်လမြိုင်ခရိုင်အတွင်းရှိ စာသင်ကျောင်းများတွင် အသိပညာပေးဟောပြောခြင်း၁၂ကြိမ်၊ စားသုံးရန်/သုံးစွဲရန် မသင့်သည့် တားမြစ်ကုန်စည်များ၊ လုံခြုံစိတ်ချရမှုမရှိသည့် ဘေးဥပဒ်အန္တရာယ်ရှိသော ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်း ခြောက်ကြိမ်၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ငါးကြိမ်၊ သထုံခရိုင်အတွင်းရှိ စာသင်ကျောင်းများတွင် အသိပညာပေးဟောပြောခြင်း ခုနစ်ကြိမ်၊ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းနှစ်ကြိမ်၊ စားသုံးရန်/သုံးစွဲရန် မသင့်သည့် တားမြစ်ကုန်စည်များရောင်းချခြင်းရှိ/မရှိဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်းနှစ်ကြိမ်ပြုလုပ်ခဲ့ရာ မွန်ပြည်နယ်အနေဖြင့် စာသင်ကျောင်းများတွင် အသိပညာပေးဟောပြောခြင်း စုစုပေါင်း ၁၉ကြိမ် ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းစုစုပေါင်း ခုနစ်ကြိမ်နှင့် စားသုံးရန်/သုံးစွဲရန် မသင့်သည့် တားမြစ်ကုန်စည်များရောင်းချခြင်းရှိ/မရှိဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်းရှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးစုစုပေါင်း လူဦးရေ ၄၈၆၄ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မွန်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနသည် သက်ဆိုင်ရာ မိတ်ဖက်အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စားသုံးသူတိုင်ကြားမှုစနစ်များနှင့် အရေးယူဆောင်ရွက်မှု အစီအစဉ် ပုံစံစာအုပ်များ၊ လက်ကမ်း စာစောင်များ၊အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်၊ သုံးစွဲရန်မသင့်သည့်တားမြစ်ကုန်စည်များ စာရင်းအား ပေးအပ်ဆောင်ရွက်ခဲ့ကြကြောင်းသတင်းရရှိပါသည်။ **မိုးမိုး-မွန်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူပြည်သူများအား စားသုံးရန်၊ သုံးစွဲရန် မသင့်သည့် တားမြစ်ကုန်စည်များ၏ ဘေးအန္တရာယ်များအကြောင်း၊ ဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့်အချက်များအား သိရှိစေရန်နှင့် စိတ်ကျေနပ်မှုရှိစေရန်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များအား သိရှိနားလည်စေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်းစစ်ဆေးခြင်းများကို သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါတယ်။

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများကို ကလေးခရိုင်တွင် ၆၁ ကြိမ်၊ ကသာခရိုင်တွင် ၅၄ ကြိမ်၊ စစ်ကိုင်းခရိုင်တွင် ၄၆ ကြိမ်၊ ယင်းမာပင်ခရိုင်တွင် ၂၈ ကြိမ်၊ ရွှေဘိုခရိုင်တွင် ၇၁ ကြိမ်၊ စုစုပေါင်း ၂၆၀ ကြိမ်နှင့် ကွင်းဆင်းစစ်ဆေးခြင်း ၁၅ ကြိမ်၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်း ရှစ်ကြိမ်၊ တိုင်း/ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအစည်းအဝေးခြောက်ကြိမ်တို့အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း လျာထားချက်ထက်ပြည့်မီကျော်လွန် အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။အဆိုပါဟောပြောဆွေးနွေးပွဲ များသို့ တက်ရောက်သူ ၃၈၅၇၀ ဦးရှိပြီး စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ FDA မှ ထုတ်ပြန်ထားသည့်တားမြစ်ဆေးဝါးနှင့်အစားအသောက် စာရင်းများပါဝင်သည့် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း သိရှိရပါတယ်။ **တင်တင်မိုး-မုံရွာ**




## ပြင်သစ်ဂရင်းပရီဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲကို ၂၀၁၇ ခုနှစ်တွင် ပြန်လည်ကျင်းပမည်

ပြင်သစ်နိုင်ငံတွင် ကျင်းပမည့် ဖော်မြူလာဝမ်းဂရင်းပရီ ကားမောင်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါပြိုင်ပွဲကို ၁၉၉၀ ပြည့်နှစ်က တည်ဆောက်ခဲ့သည့် ပြင်သစ်နိုင်ငံ Le Castellet ဟု လူသိများသည့် ဆားကစ်ပေါလ်ရစ်ချတ်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ၂၀၀၈ခုနှစ်က ပြင်သစ်နိုင်ငံ အလယ်ပိုင်းရှိ Magny-Cours တွင် နောက်ဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ၁၀နှစ်အကြာ ၂၀၁၈ ခုနှစ်တွင် ပြန်လည်ကျင်းပရန် ကြေညာခဲ့ခြင်းဖြစ် သည်။ ပြင်သစ်ဂရင်း ပရီဖော်ဖြူလာဝမ်းကားမောင်းပြိုင်ပွဲ ပြန်လည်ကျင်းပမည့်အကြောင်းကို ပဲရစ်မြို့ရှိ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ ခရစ္စရှန် အက်စ်ထရိုစီက ဒီဇင်ဘာ ၅ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ဂရင်းပရီကားမောင်းပြိုင်ပွဲများကို ၁၉၀၆ ခုနှစ်က ပထမဦးဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခဲ့သော်လည်းပြိုင်ပွဲအတွက် ကုန်ကျစရိတ်ငွေများကို ရှာဖွေနိုင်ခြင်းမရှိသဖြင့် ပြိုင်ပွဲတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

Le Castellet ကားမောင်းပြိုင်ကွင်းသည် ဖော်မြူလာဝမ်းစီးပွားရေးလုပ်ငန်းရှင် ဘာနေးအက်လက်စ်တုန်း ပိုင်ဆိုင်သည့်ကွင်းတစ်ကွင်းဖြစ်သည်။ သို့သော် အဆိုပါကွင်းကို ပြိုင်ပွဲကိုဦးဆောင်ကျင်းပမည့်သူထံသို့ ငှားရမ်းထားကြောင်း ရိုက်တာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

## ပဏာမမြန်မာယူ-၁၈အသင်း လေ့ကျင့်ခြေစမ်းမှုများ ပြုလုပ်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

လာမည့် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၈ ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ရည်မှန်းကာ ကာလရှည်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် ယူ- ၁၈ အသင်းသည် လေ့ကျင့်ခြေစမ်းမှုများပြုလုပ်ရန်အတွက် တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့သို့ ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ထွက်ခွာသွားပြီဖြစ်သည်။

ပဏာမ မြန်မာ့လက်ရွေးစင် ယူ-၁၈ အသင်းတွင် နည်းပြ/အုပ်ချုပ်ခုနစ်ဦး၊ ကစားသမား ၂၅ ဦးတို့ လိုက်ပါသွားပြီး တရုတ်နိုင်ငံတွင် ရက် ၂၀ ကြာနေထိုင်ကာ လေ့ကျင့်မှုများပြုလုပ်ကြမည်ဖြစ်ပြီး ခြေစမ်းပွဲ ခြောက်ပွဲခန့် ကစားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်၊လက်ထောက်နည်းပြအဖြစ် ဦးမင်းသူ၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်းတို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

ကစားသမားများအဖြစ် (ဂိုး) ထွန်းနန္ဒဦး၊ ထက်ဝေယံစိုး၊ ခေါင်ဘုန်းကျော်၊ (နောက်) ဇင်မင်းထက်၊ စိုးမိုးကျော်၊ ထက်မျိုးအောင်၊ ကျော်ဖြိုးဝေ၊ စည်သူမိုးခန့်၊ အောင်ဝဏ္ဏစိုး၊ ပြည့်ဖြိုးမောင်၊ သက်ပိုင်ထွေး၊ မင်းမြတ်သူ၊ သူရစံ၊ (လယ်)ပြည့်စုံနိုင်၊ ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့်၊ သက်ပိုင်ထူး၊ လွင်မိုးအောင်၊ ဝေလင်းအောင်၊ သန့်ဇင်မြင့်၊ ရှိုင်းဝဏ္ဏအောင်၊ (ရှေ့)ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်း၊ သန်းကျော်ဌေး၊ ခင်ကျော်ဝင်းတို့ ဖြစ်ကြသည်။

တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည့်မြန်မာ့လက်ရွေးစင်ယူ-၁၈အသင်းသည် ဒီဇင်ဘာ ၇ ရက် ညနေပိုင်းက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် ဧရာဝတီ ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။



## တရုတ်နိုင်ငံ ထိပ်တန်းတရားရုံးက ကုန်အမှတ်တံဆိပ် ကိစ္စနှင့်ပတ်သက်၍ မိုက်ကယ်ဂျော်ဒန်ကို အနိုင်ပေး

တရုတ်နိုင်ငံ၏ ထိပ်တန်းတရားရုံး တစ်ရုံးဖြစ်သည့် တရုတ်ပြည်သူ့တရားရုံးချုပ်သည် အမေရိကန်နိုင်ငံသား မိုက်ကယ်ဂျော်ဒန်နှင့် ဖြစ်ပွားလျက်ရှိသည့် ကုန်အမှတ်တံဆိပ် အငြင်းပွားမှုပြဿနာနှင့်ပတ်သက်၍မိုက်ကယ်ဂျော်ဒန်ကိုအနိုင်ပေးလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ ဘတ်စကက်ဘောသူရဲကောင်းတစ်ဦးဖြစ်သည့် မိုက်ကယ်ဂျော်ဒန်သည် ၎င်း၏အမည်အား တရုတ်ဘာသာဖြင့် ရေးသားထားသည့် အားကစားကုမ္ပဏီအား ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

တရုတ်အားကစားကုမ္ပဏီသည် မိုက်ကယ်ဂျော်ဒန်ဟု အဓိပ္ပာယ်ရသည့်အမည်ဖြစ်သည့် Qiaodan Sport ဟုအမည်ပေးထားသည့်အတွက် မိုက်ကယ်ဂျော်ဒန်က တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

Qiaodan Sport အားကစားဝတ်စုံကုမ္ပဏီသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကပင် တရုတ်နိုင်ငံတွင်း၌ မှတ်ပုံတင်ကာ လုပ်ငန်းများလုပ်ကိုင်လျက် ရှိသော်လည်း မိုက်ကယ်ဂျော်ဒန်၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏အမည်ကို တရုတ်ဘာသာဖြင့် ပြန်ဆိုရေးသားကာ စီးပွားရေးလုပ်ငန်းများတွင် အသုံးချနေခြင်းကို လက်မခံနိုင်ကြောင်း မိုက်ကယ်ဂျော်ဒန်၏ ရှေ့နေဖြစ်သူက ပြောကြားခဲ့သည်။

"ကျွန်တော့်ရဲ့နာမည်ကို အကာအကွယ်ပေးလိုက်တဲ့အတွက် တရုတ်နိုင်ငံရဲ့ပြည်သူတရားရုံးချုပ်ကို အမြဲအမှတ်ရနေမှာပါ။ တရုတ်နိုင်ငံက ဝယ်ယူသုံးစွဲသူတွေဟာ အဲဒီ Qiaodan Sport ဆိုတာ ကျွန်တော့်နာမည်ဆိုတာ သိနေကြတယ်။ အဲဒီ ကုမ္ပဏီကထုတ်လုပ်လိုက်တဲ့ထုတ်ကုန်တွေက ကျွန်တော်နဲ့ ပတ်သက်မှုမရှိဘူးဆိုတာ မသိကြဘူး"ဟု မိုက်ကယ်ဂျော်ဒန်က ဘီဘီစီသို့ ပြောကြားခဲ့သည်။

မိုက်ကယ်ဂျော်ဒန်နှင့် Qiaodan Sport ကုမ္ပဏီတို့သည် ၂၀၁၂ ခုနှစ်ကတည်းက ကုန်အမှတ်တံဆိပ်ဆိုင်ရာ အငြင်းပွားမှုဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထို့ပြင် မိုက်ကယ်ဂျော်ဒန်၏အဖွဲ့ကလည်း Qiaodan Sport ၏ ကုန်အမှတ်တံဆိပ်များသည် မိုက်ကယ်၏အမည်ကိုအသုံးပြုရန်အတွက် တရားဝင်ရပိုင်ခွင့်အခွင့်အရေးများကို အလွဲသုံးစားပြုထားကြောင်း၊ ကုမ္ပဏီအနေဖြင့် ထုတ်ကုန်ပစ္စည်းပေါင်း ၆၀ ကျော်တွင် အဆိုပါအမှတ်တံဆိပ်ကို အသုံးပြုထားကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း Qiaodan Sport ကုမ္ပဏီကမူ ၎င်းတို့အနေဖြင့် ဂျော်ဒန်၏အမည်ကို တရုတ်ဘာသာဖြင့် ပြောင်းလဲရေးသားထားခြင်းမဟုတ်ဘဲ Qiaodan ကို ရောမဗားရှင်းဖြင့် ရေးသားထားခြင်းဖြစ်ပြီး ရှီအောဒန်ဟု အသံထွက်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

## မြန်မာ့လက်ရွေးစင် ယူ-၂၂အသင်းနှင့် ဗွဲကပင်အသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ သရေဖြင့်သာ ကျေနပ်ခဲ့ရ

ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် ဗီယက်နမ်သတင်းစာ ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် ဒီဇင်ဘာ ၇ ရက် ညနေပိုင်းက ဗွဲကပင်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီးဖြင့် သရေပွဲဖြစ်ပေါ်ခဲ့သည်။

အဆိုပါပွဲတွင် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းအနေဖြင့် နိုင်ပွဲရရှိရန် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း အဆုံးသတ်ပိုင်းတွင် မသေချာမှုများကြောင့် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် ပထမပိုင်းတွင် မောင်မောင်စိုး၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ဗွဲကပင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ရန်ကျော်ထွေးက ဒုတိယပိုင်းပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

"ဒီနေ့ပွဲရလဒ်ကို ကျေနပ်ပါတယ်။ ဗွဲကပင်အသင်းက အသင်းကောင်းတစ်သင်းပါ။ ဒီလိုအသင်းတွေနဲ့ခြေစမ်းခွင့်ရတဲ့အတွက် အများကြီး အကျိုးရှိပါတယ်။ လက်ရှိအသင်းအနေနဲ့ အဓိကလုပ်ရမှာက နားလည်မှုပါ။ အသင်းပေါင်းစုံက လာတာဖြစ်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတည်ဆောက်ဖို့ လိုပါမယ်"ဟု မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်း လက်ထောက်နည်းပြ ဦးကျော်လွင်က ပြောကြားခဲ့သည်။

## ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အဌမအကြိမ် အစည်းအဝေး ကျင်းပ

ဧရာဝတီတိုင်း ဒေသကြီး၊ တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ အဌမအကြိမ် အစည်းအဝေးကို ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန၊ အစည်းအဝေးခန်းမ (၂)တွင် နိုဝင်ဘာ ၂၉ရက်က ကျင်းပပြုလုပ်ရာ ဒုတိယ ဥက္ကဌ ဦးကြည်အောင်၊ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် တာဝန်ရှိ သူများ၊ တိုင်းအဆင့် မိတ်ဖက်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်း ရှင်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လှိုင်က ဥပဒေမူကြမ်း ရေးဆွဲပြီးချိန်တွင် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်းစသည့် တိုင်းဒေသကြီးတို့တွင်အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ် သွားမှာဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တိုင်း စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အနေနဲ့လည်း ဆက်စပ်ဌာနများ နှင့် ပူးပေါင်း၍ ကျောင်းနှစ်ကျောင်း၊ ဈေးနှစ်ဈေး၊ စက်ရုံနှစ်ရုံ တို့အား ရှောင်တခင် စစ်ဆေးသွားမှာဖြစ်ပြီး ယခုအခါ ခရိုင်မြို့ကြီးများတွင် ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ များ ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

## ဖျာပုံမြို့နယ်ကြံခင်းကျေးရွာ (အ•လ•က)နှင့် ကျုံကိုကျက်ကျေးရွာ (အ•ထ•က)တို့တွင် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းနှင့် စားသုံးသူအသိပညာပေး ဟောပြောပွဲ ပြုလုပ်



ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့မှ ဆရာမများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် က ကြံခင်းကျေးရွာ (အ. လ. က) ကျောင်း မုန့်ဈေးတန်း၌ အချိုရည်များ၊ ဆိုးဆေးပါမုန့်များ၊ သက်တမ်းလွန်မုန့်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခဲ့ကြပြီး၊ ထိုကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဈေးသည်များ၊ ကျောင်းမုန့်ဈေးတန်း ကြီးကြပ် ရေးအဖွဲ့နှင့် ကျောင်း စားသုံးသူရေးရာ အဖွဲ့ဝင်များအား ဟောပြောပွဲ ကျင်းပခဲ့ရာ စုစုပေါင်း ၂၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျုံကိုကျက်ကျေးရွာ (အ. ထ. က)၌ စားသုံးသူအသိပညာ ပေး ဟောပြောပွဲပြုလုပ်ရာ မြို့နယ် ဦးစီးမှူးက အထက်တန်းအဆင့် ကျောင်းသားများအား ဟောပြောရာတွင် စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်း ချက်၊ ရည်မှန်းချက်၊တာဝန်များ၊ လုပ်ငန်း ဆောင်ရွက်နေမှု များနှင့် ဥပဒေအကျဉ်းချုပ်၊ ဈေးကွက်ရောက် တားမြစ် ကုန်စည်များအကြောင်းကို လည်းကောင်း၊ ဒုတိယမြို့နယ် ဦးစီးမှူးက အလယ်တန်းအဆင့် ကျောင်းသား များအား စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင် အခွင့်အရေး နှင့် တာဝန်များ၊ စားသုံးသူများ ဆောင်ရန်/ ရှောင်ရန်များ၊ စားသုံးရန်မသင့် ဆိုးဆေးလေးမျိုး အကြောင်းကိုလည်းကောင်း၊ လက်ထောက်ကြီးကြပ်ရေးမှူး ဦးငွေအောင် က မူလတန်းအဆင့် ကျောင်းသားများအား စားသုံးရန် မသင့် သည့် နမူနာမုန့်များပြသပြီး မြန်မာမုန့်အစားအစာများ အကြောင်းကို လည်းကောင်း အသီးသီး ဟောပြောခဲ့ကြ ပါသည်။

တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြပါသည်။ ထိုအခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းစားသုံးသူရေးရာ အဖွဲ့ဝင်များ၊ ရပ်မိ/ရပ်ဖများ စုစုပေါင်း ၈၈၃ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

## မော်လမြိုင်မြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ စတိုးဆိုင်များတွင် ထုတ်ကုန်များ လုံခြုံစိတ်ရမှုရှိစေရေးနှင့် စားသုံးသူဘေးဥပဒ် အန္တရာယ်ကင်းရှင်းစေရန် ကွင်းဆင်းစစ်ဆေး



မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးနေဇင်သက်၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲမှုကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပါဝင်သည့် အဖွဲ့သည်ဒီဇင်ဘာ ၂ရက်ကမော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင် လေးဆိုင်နှင့် စားသောက်ဆိုင် နှစ်ဆိုင်တို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၅ရက်က မော်လမြိုင်မြို့၊ ဇေယျာမြိုင် ရပ်ကွက်ဈေးရှိ လက်ဖက်ရည်ဆိုင် လေးဆိုင်နှင့် ကုန်စုံစတိုးဆိုင် ၁၆ဆိုင် တို့တွင်လည်းကောင်း လုံခြုံစိတ်ချရမှု မရှိသော ထုတ်ကုန်များ သုံးစွဲ၍ အစားအသောက်များထုတ်လုပ်ရောင်းချနေခြင်းများ ရှိ/မရှိ နှင့် အစားအသောက် များအား ကျန်းမာရေးနှင့် ညီညွတ်စွာ ပြည်သူများစားသုံးနိုင်ရန် သန့်ရှင်း လတ်ဆတ်မှု ရှိ/မရှိတို့အား ကွင်းဆင်း စစ်ဆေးခဲ့ကြပါသည်။

ထိုသို့ စစ်ဆေးရာတွင် မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက် ဈေး အတွင်းရှိစတိုးဆိုင်တစ်ဆိုင်မှ တားမြစ်ဆေးဝါးဖြစ်သော မေတ္တာရှင် တိုင်းရင်းဆေးထုပ် ၉၆ ထုပ်ကို တွေ့ရှိရ၍ သိမ်းဆည်းခဲ့ပြီး၊ မြို့နယ်အစားအသောက် နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲမှုကော်မတီက စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူ ဆောင်ရွက်ခဲ့ကြပါသည်။

**နေဇင် (မွန်)**

## နတ်မောက်မြို့နှင့် မြို့သစ်မြို့နယ်များရှိ စည်ပင်သာယာဈေးများတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစီး၍ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များသည် ဒီဇင်ဘာ ၂ ရက်က နတ်မောက်နှင့် မြို့သစ်မြို့နယ်များရှိ စည်ပင်သာယာဈေးများ တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်း များ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မုန့်မျိုးစုံရောင်းဝယ် ရေးဆိုင်များ၌ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသည့် မုန့်များကို တွေ့ရှိခဲ့ရကြောင်း၊ မုန့်အရောင်းဆိုင်များကိုလည်း ထုတ်ကုန် လုံခြုံစိတ်ချရမှုအတွက် သတ်မှတ်ထားသောအချက်များ အပြည့်အစုံပါရှိမှသာ မိမိတို့၏ ဆိုင်တွင်ရောင်းချရန်နှင့် ကလေးသူငယ်များနှင့် ပြည်သူများအား အန္တရာယ်ရှိသော မုန့်များ ဝယ်ယူစားသုံးခြင်းဖြင့် ဘေးဥပဒ်များမဖြစ်စေရန် ပူးပေါင်းပါဝင်စေလိုကြောင်း၊ မိမိတို့ဌာနအနေဖြင့်လည်း ဆက်လက်ပြီး ဒေသတွင်းထုတ်လုပ်သည့် မုန့်လုပ်ငန်းရှင်များ အား ခေါ်ယူ၍ အသိပညာပေးမည်ဖြစ်ကြောင်း၊ အရောင်းဆိုင်များအနေဖြင့်လည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် သတ်မှတ်ထားသောအချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကို ဆိုင်ရှင်များအား ဈေးစည်ပင်သာယာရေးရုံးတွင် ခေါ်ယူ၍ လက်မှတ်ရေးထိုးစေခဲ့ကြောင်း သိရပါသည်။ ထို့ပြင် ရောနှောဆီများရောင်းချနေသည့်ဆိုင်များကို နောက်နောင် ရောင်းချခြင်းမပြုရန် ဆွေးနွေးခဲ့ပါသည်။ ထို့ပြင် မြို့သစ်မြို့နယ်စည်ပင်သာယာဈေးအတွင်း ဦးတင်ဖေဆေးဝါးရောင်းဝယ်ရေးဆိုင်မှ စပ်ဆေးအတွဲ ၁၀တွဲ စစ်ဆေးတွေ့ရှိခဲ့ရသည့် အတွက် အဖွဲ့စုံဖြင့် သိမ်းဆည်းခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီး ဌာနသို့ အပ်နှံခဲ့ပါသည်။ နောက်နောင် ရောင်းချမှုများရှိပါက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စီမံခန့်ခွဲမှုပြစ်ဒဏ် ဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း သတိပေး ဆွေးနွေးခြင်းများ၊ ဝန်ခံကတိလက်မှတ်ရေးထိုးစေခဲ့ခြင်းများကို ဈေးတာဝန်ခံရုံး များတွင် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

## ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၏ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီ၏ (၂/၂၀၁၆) အစည်းအဝေး ကျင်းပ

ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီး ဌာန၊ အစည်းအဝေး ခန်းမ(၂)တွင် တိုင်းဒေသကြီး စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်း ကော်မတီ နှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ (၂/၂၀၁၆)ညှိနှိုင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ ၆ရက်က ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာနတွင် ကျင်းပရာ ကော်မတီဥက္ကဌ၊ စားသုံးသူ ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်နဲ့ လက်ထောက်ညွှန် ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်း များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ကော်မတီဝင်များ၊ စီးပွားရေး လုပ်ငန်း ရှင်များနဲ့ ဖိတ်ကြားထားသောဧည့်သည် တော်များ တက် ရောက်ခဲ့ကြောင်း သိရပါတယ်။

အခမ်းအနားတွင် တိုင်းဒေသကြီး စားသုံးသူတိုင်ကြားမှု လက်ခံဆောင် ရွက်ရေး လုပ်ငန်းကော်မတီနဲ့ ထုတ် ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီ ဥက္ကဌ ဦးခင်မောင်လှိုင်က စားသုံးသူရေးရာ ကိစ္စရပ်များနဲ့ ပတ် သက်၍ စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ကုန်စည်များ ထုတ်လုပ် ရောင်းချရာတွင် စားသုံးသူများ ထိခိုက် မှုမရှိစေရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးအတွက် ထုတ်ကုန်များ လုံခြုံ စိတ်ချမှု ရှိစေရန် မိမိတို့အဖွဲ့က ထိန်းသိမ်းပေးရမှာဖြစ်ကြောင်း လက်ရှိ စားသုံးသူရေးရာ ဥပဒေကိုလည်း ပိုမို ပြီးပြည့်စုံစေရန် အသစ်ရေးဆွဲလျက် ရှိပြီး စားသုံးသူ တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေးနဲ့ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရန် စီမံခန့်ခွဲမှု အပိုင်းများတွင် ကော်မတီဝင်များမှ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင် ရွက်ကြရန် ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန ထုတ်ကုန်လုံခြုံ စိတ်ချရမှု ဆိုင်ရာ လုပ်ငန်းကော်မတီမှ ဌာနခွဲမှူး ဦးထွန်းထွန်းက ထုတ်ကုန်လုံခြုံ စိတ်ချ ရမှုဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ရှေ့ဆက် ဆောင် ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)၌ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ အဖွဲ့ဝင် ၄၀ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား)အတွင်းရေးမှူး ဦးမြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ နိုဝင်ဘာ ၃ ရက်နေ့တွင် ကျင်းပခဲ့သည့် တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ တိုင်ကြားစာများဖြေရှင်းပေးမှုအခြေအနေနှင့် ပြည်တွင်းပြည်ပမှ အမှတ်တံဆိပ်ပါ ဆီများ၏ အမျိုးအစားဖော်ပြချက်နှင့် ကွဲလွဲနေသည့် စားဆီအရောများ ထိရောက်စွာကြီးကြပ်ကွပ်ကဲရန် စားသုံးရန်သင့်/ မသင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူများ၏ တိုင်ကြားမှုကိစ္စရပ်များကို ဖြေရှင်းပေးခဲ့မှု အခြေအနေများ တင်ပြဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာကြသည့်အဖွဲ့ဝင်များက စားသုံးသူများ လုံခြုံစိတ်ချရသည့် ကုန်စည်များဝယ်ယူသုံးစွဲ နိုင်ရေး၊ စားသုံးသူများအနေနှင့် ဖွဲ့စည်းထားသည့်အဖွဲ့နှင့် ကော်မတီများကို ပိုမိုယုံကြည်အားကိုးလာအောင် ဆောင်ရွက်ရေး၊ စားသုံးသူ၏ အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်များကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**

## ➲ စာမျက်နှာ ၃ - ဟောင်ကောင်တွင် ကျင်းပမည့်. . . မှ အဆက်

အဆိုပါကုန်စည်ပြပွဲသည် လွန်ခဲ့သည့် ၂၅ နှစ်ကတည်းက ဟောင်ကောင် နိုင်ငံတွင် ပြသခဲ့သည့်ကုန်စည်ပြပွဲဖြစ်ပြီး ယခုနှစ်တွင် (၂၆)ကြိမ်မြောက်အဖြစ် ပြသခြင်းဖြစ်ကြောင်း၊ ယင်းပြပွဲတွင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံမှ ဝယ်သူများ လာရောက်ဝယ်ယူခဲ့ကြပြီး အများ အားဖြင့် အမေရိကန်၊ ဂျပန်နှင့်ဥရောပတစ်ဝန်းမှ ကုန်သည်များ လာရောက်လေ့လာဝယ်ယူကြကြောင်း၊ ယခုပြပွဲကို ပြုလုပ်ခြင်းသည် အာရှနှင့်အာဆီယံ ဒေသတွင်းမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများကို နိုင်ငံတကာနှင့်ချိတ်ဆက်ပေးချင်သည့်အတွက် လုပ်ဆောင်ပေးရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့သောနိုင်ငံ တကာပြပွဲများသည် ကုန်ကျစရိတ်များ များပြားသည့်အတွက်ယခုဟောင်ကောင်တွင် ကျင်းပမည့်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းတစ်ခန်းယူ၍ စုပေါင်းပြသကြမည်ဖြစ်ပါကြောင်း Su Shwe Nadi Trading & Consulting ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာဒေါ်သက်စုလှိုင် က ပြောကြားခဲ့သည်။

MEGA SHOW Part 1 ကုန် စည်ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းပွဲတစ် ရပ်ကို ဒီဇင်ဘာလ ၉ ရက်က ဆီဒိုးနားဟိုတယ်တွင်ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတက်ရောက်၍ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေး တိုးတက်ဖို့အတွက် အခြေခံကောင်းတွေ အများကြီးရှိပါတယ်။ သယံဇာတတွေလည်းပေါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ကုန်သွယ်မှုက ဘီလီယံ ၃၀ လောက်ပဲရှိတယ်။ အိမ်နီးချင်းနိုင်ငံတစ် နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကဆိုရင် ဘီလီယံ ၁၀၀ လောက်ရှိနေတယ်။ ဒါဟာ ဘာ ကို ပြသလဲဆိုရင် သူတို့လုပ်သလိုမလုပ် နိုင်လို့၊ အခြေခံကောင်းတွေရှိရဲ့သားနဲ့ လုပ်နည်းလုပ်ဟန်တွေ မဟုတ်လို့ ကုန် သွယ်မှုက တက်သင့်သလောက်မတက် တာ။ ပုဂ္ဂလိကကဏ္ဍကို အားပေးနေသလို၊ ပုဂ္ဂလိကတွေ ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့တွေကိုလည်း အစိုးရအနေနဲ့ အားပေးလုပ်ဆောင်နေပါတယ်။မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဝန်ထမ်းတွေကိုလည်း အရည်အသွေးတွေ ပိုမိုမြှင့်တက်အောင်လုပ်ဆောင်ပေးလျက် ရှိပါတယ်။ ဒါကြောင့် မြန်မာ့ကုန်သွယ်ရေးလောကဟာ ရှေ့ကို တိုး တက်ဖို့ အလားအလာတွေ အများကြီးရှိနေပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောကြားခဲ့သည်။

ထို့ပြင် ထုတ်လုပ်သူများအနေဖြင့် ကုန်ပစ္စည်းများကို အရည်အသွေးကောင်းအောင်လုပ်ဆောင်ပေးဖို့ လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်သွယ်မှုမြှင့်တက်ရေးအတွက် လိုအပ်ချက်မှန်သမျှကို လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကုန်သည်များအနေဖြင့် မိမိ၏ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်တွင် ပိုမိုခိုင်မာသည့် ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် ရရှိလာအောင်လုပ်ဆောင်ကြဖို့ လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပို့ကုန်မဟာ ဗျူဟာကို ချမှတ်လုပ်ဆောင်ပြီး ပို့ကုန်မြှင့်တင်ရေးကို လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်ရာတွင် ကုန်သည်လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ၊ အစိုးရဌာနအသီးသီးနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ လယ်ယာထွက်ကုန်တွေဖြစ်တဲ့ ဆန်၊ ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်း၊ ရော်ဘာ၊ အထည်ချုပ်လုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်ခဲ့ပြီး ဝန်ဆောင်မှုနှင့်ခရီးသွားလုပ်ငန်းများကိုပါ တိုးတက်မြှင့်တင်နိုင်အောင် လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဟာ ကုန်ကြမ်းကိုသာ ဦးစားပေးပြီး ဈေးကွက်ကို တင်ပို့ရောင်းချနေတာကြောင့် အရည်အသွေးရှိသည့် ကုန်ချောပစ္စည်းများကို ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ချဲ့ထွင်နိုင်အောင် လုပ်ဆောင်ကြဖို့လိုအပ်ပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသည့် အရည်အသွေးကောင်းမွန်သည့် ကုန်ပစ္စည်းများကို ပြည်ပဈေးကွက်တွင် တိုးချဲ့ရောင်းချနိုင်ရန်အတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

**မယ်သီတာ**

## ➲ စာမျက်နှာ ၃ - ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပုဂ္ဂလိကကဏ္ဍ. . . မှ အဆက်

ပေါ်လာ နိုင်သော ငွေကြေးဖောင်းပွမှုဖိအားကို ထိန်းသိမ်းနိုင်ရန် အတွက် ဘဏ်များ၏လက်ရှိပိုလျှံငွေကြေးများကို အတိုးပေးအပ်ငွေ လေလံစနစ်ကိုအသုံးပြုပြီး ဘဏ်တွင် လာရောက်အပ်နှံစေခြင်းဖြင့် အနှုတ်၊ အသိမ်း ပြုလုပ်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများအား ပွင့်ပွင့်လင်းလင်းညှိနှိုင်းပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍအလိုက် ပို့ကုန်သွင်းကုန် ကာလတူ နှိုင်းယှဉ်ချက်များ ကုန်ပစ္စည်း အုပ်စုအလိုက် ပြည်ပသို့ တင်ပို့နိုင်မှု အခြေအနေများ၊ လယ်ယာ ကဏ္ဍတိုးတက်မှုနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမို တင်ပို့နိုင်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော UMFCCI ဥက္ကဋ္ဌဦးဇော်မင်းဝင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**TL**

## ကယားပြည်နယ် လွိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့(၁/၂၀၁၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

လွိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၁/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၆ ရက်က ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်လွိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်မင်းညို ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြို့ရီနဲ့ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

လွိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညို က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဒေါ်မြို့ရီက ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို သက်ဆိုင်ရာဌာနများနဲ့ ဖွဲ့စည်းရတဲ့အကြောင်းရင်းများ၊ လွိုင်ကော်ခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကျယ်တဝင့်ဆွေးနွေးပြောကြားခဲ့ပြီးနောက် အဖွဲ့ဝင်များရဲ့ အပြန်အလှန် ဆွေးနွေးချက်များကိုလည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ကြပါတယ်။

**မြို့ရီ (စားသုံးသူ၊ကယား)**

## ➲ စာမျက်နှာ ၁၂ - ယခင်နှစ်ကာလတူထက် ပို့ကုန်မြင့်တက်ပြီး . . . မှ အဆက်

ယခု နိုဝင်ဘာ ၂၅ ရက်ကစပြီး တပ်မတော်နှင့်မူဆယ်(၁၀၅)မိုင် OSS အဖွဲ့ဝင်ဝန်ထမ်းများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ မူဆယ်နမ့်ခမ်းကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများရဲ့ ဝိုင်းဝန်းပူးပေါင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ပေးမှုများကြောင့် ပုံမှန်အနေအထားသို့ ပြန်လည်ဆောင်ရွက်နိုင်သော်လည်း နယ်စပ်ကုန်သွယ်မှုရဲ့ ပါဝင်မှုဟာ ၂၇ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။

နိုင်ငံတော်ရဲ့အဓိကဝင်ငွေဖြစ်တဲ့ ပို့ကုန်လမ်းကြောင်းမှ ရငွေများတိုးတက်ရရှိမှသာ ကုန်သွယ်မှုလိုငွေပြမှုကိုလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းက ရရှိတဲ့ပို့ကုန်ဝင်ငွေဟာ စုစုပေါင်းကုန်သွယ်မှုရဲ့ လေးပုံတစ်ပုံကျော်ခန့် ရရှိတဲ့အတွက် နယ်စပ်ကုန်သွယ်မှုဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေပါတယ်။

ဒါကြောင့် နယ်စပ် ကုန်သွယ်မှု လမ်းကြောင်းများမှပို့ကုန်တိုးမြှင့်တင်ပို့နိုင်ဖို့အတွက် ကုန်သွယ်မှုလမ်းကြောင်းများ လုံခြုံချောမွေ့စေရေးကို အဓိကထားပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပို့ကုန်ကဏ္ဍမှာ အလားအလာရှိတဲ့ ကဏ္ဍအသီးသီးက ကုန်ပစ္စည်းတွေကို တစ်ဖက်နိုင်ငံသို့ ပိုမိုတိုးတက်တင်ပို့နိုင်ဖို့အတွက် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ မိမိတို့နိုင်ငံက မထုတ်လုပ်နိုင်တဲ့ ကုန်ပစ္စည်းအမယ်တွေကို Re-export စနစ်နဲ့ တင်ပို့နိုင်ဖို့ ကြိုးစားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပို့ကုန်များများ တင်ပို့နိုင်မှသာ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်ဘဏ္ဍာတိုးတက်ရရှိလာမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# ဒီဇင်ဘာလပထမပတ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သုံးခုကို ခွင့်ပြုပေးခဲ့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ဒီဇင်ဘာလပထမပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုကိုခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၎င်း၏အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၆) ကို ဒီဇင်ဘာလ ၁ရက်က ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုကိုခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ၇၆ဒသမ ၉၈သန်းရှိပြီးမြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်ပေါင်း ၂၂၁၇ခုကိုဖန်တီးပေးနိုင်ခဲ့ကြောင်းသိရသည်။ခွင့်ပြုခဲ့သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုတွင်စက်မှုလုပ်ငန်းနှစ်ခုနှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍလုပ်ငန်းတစ်ခုတို့ဖြစ်ကြောင်းသိရသည်။

၂၀၁၆-၁၇ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၆ ခုနှစ်ဒီဇင်ဘာလပထမပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၂ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၁၂၂ ဒသမ ၃၈၃ ရှိပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၄၂၂ ဒသမ၄၂၃သန်းစီးဝင်ခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ပထမပတ်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၃၁ခု၊ အမေရိကန်ဒေါ်လာ ၄၅၆ ဒသမ ၅၃၅ အပါအဝင် ကျပ် ၆၆၉ ဒသမ ၅၉၄ ဘီလီယံရှိပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏကျပ် ၇၃၇ ဒသမ ၆၈၄ ဘီလီယံရှိကြောင်းသိရသည်။

♦





## မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄၀၀ခန့်ရှိသည်ဟု ဆို

မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်းသည် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၄၀၀ခန့်ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးပါသည့်မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပိုမိုစိတ်ဝင်စားကာ ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

"ဂျပန်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအခြေအနေကို ကိန်းဂဏန်းအရ ပြောရမယ်ဆိုရင် ဂျပန်နိုင်ငံက မြန်မာနိုင်ငံမှာဒီနေ့အထိ ခွင့်ပြုထားတဲ့ရင်းနှီးမြှုပ်နှံမှု ပမာဏက အမေရိကန်ဒေါ်လာ ၆၈၂ ဒသမ ၅၉၆ သန်းရှိပါတယ်။ ဒါက ဂျပန်နိုင်ငံကနေ တိုက်ရိုက်လာပြီးတော့ ရင်းနှီးမြှုပ်နှံထားတဲ့ပမာဏဖြစ်ပါတယ်။ ဂျပန်လုပ်ငန်းရှင်တွေက ဂျပန်ကနေ တိုက်ရိုက်မလာဘဲနဲ့ တတိယနိုင်ငံတစ်နိုင်ငံက တစ်ဆင့် လာတာလည်း ရှိပါတယ်။ တိုက်ရိုက်လာတာရော တတိယနိုင်ငံကတစ်ဆင့်လာတာရော ပေါင်းလိုက်ရင် ဂျပန်နိုင်ငံကလာတဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄၀၀ ကျော်လောက်ရှိပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံအတွက် တကယ်ကို အရေးကြီးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံကို စိတ်ဝင်စားမှုရှိနေပါတယ်။ အထူးသဖြင့် လက်ရှိအစိုးရတက်လာပြီး နောက်ပိုင်းမှာ ပိုပြီးစိတ်ဝင်စားလာပါတယ်။ ဂျပန်နိုင်ငံရဲ့အဓိက ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းကတော့ ကုန်ထုတ်လုပ်မှုလုပ်ငန်းမှာ ပိုပြီးတော့ များပါတယ်။ ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍ၊ဝန်ဆောင်မှုကဏ္ဍ၊ တယ်လီကွန်းကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံထားကြပါတယ်။ ပိုပြီးအားကောင်းတာကတော့ ကုန်ထုတ်လုပ်မှုပိုင်းမှာ ပိုပြီးတော့ ရင်းနှီးမြှုပ်နှံကြပါတယ်။ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်"ဟု ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

# ဇန်နဝါရီလ ၁ ရက်မှစတင်၍ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ဖြင့်သာ ကျင့်သုံးဆောင်ရွက်မည်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်က ပြည်သူ့လွှတ်တော်၏အတည်ပြုချက်ကိုရယူ၍ ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။

သို့သော် ယခုလက်ရှိအချိန်၌ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများနှင့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများကိုလုပ်ကိုင်ခွင့်ပြုပေးလျက်ရှိရာတွင် ယခင်က ပြဋ္ဌာန်းခဲ့သည့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ခွင့်ပြုပေးနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံခွင့်ပြုရန် အဆိုပြုလွှာတင်ထားသည့်ကုမ္ပဏီများအား ဥပဒေအဟောင်းဖြင့် ခွင့်ပြုပေးလျက်ရှိသော်လည်း ဒီဇင်ဘာလ ၃၁ရက်အထိသာခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ၂၀၁၇ခုနှစ် ဇန်နဝါရီလ၁ရက်မှစတင်ကာ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ကြောင်းမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

"ဒီဇင်ဘာ ၃၁ရက်အထိ ဥပဒေအဟောင်းအရ ရေးဆွဲခဲ့သည့် အဆိုပြုလွှာများကိုသာ လက်ခံဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဇန်နဝါရီလ ၁ရက်မှစပြီး ဥပဒေအဟောင်းနဲ့ အဆိုပြုလွှာတင်လာတာတွေကို လက်မခံတော့ပါဘူး။ ဥပဒေအသစ်နဲ့ပဲ လက်ခံကျင့်သုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြီးခဲ့တဲ့အောက်တိုဘာလ ၁၈ရက်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ နည်းဥပဒေသစ်ကို ဆက်လက်ပြဋ္ဌာန်းသွားဖို့ရှိပါတယ်။ နည်းဥပဒေသစ်ကို ရေးဆွဲရာမှာလည်း သက်ဆိုင်ရာဌာနနယ်ပယ်အသီးသီးက တာဝန်ရှိသူတွေနဲ့တိုင်ပင်ညှိနှိုင်းပြီး ရေးဆွဲသွားမှာဖြစ်ပါတယ်"ဟု ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေသစ်ကို ရေးဆွဲလျက်ရှိပြီး ၂၀၁၇ခုနှစ် ဇန်နဝါရီလအတွင်း ထုတ်ပြန်နိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

# CP Five Star ၏ အကြီးမားဆုံးသော "CP Five Star Challenge" အစားပြိုင်ပွဲနှင့် ဟင်းချက်ပြိုင်ပွဲ ကျင်းပ


CP Five Star ၏ အကြီးမားဆုံးသော CP Five Star Challenge အစားပြိုင်ပွဲနှင့်ဟင်းချက်ပြိုင်ပွဲကို ဒီဇင်ဘာလ ၃ရက်တွင် ပြည်သူ့ရင်ပြင်၏ကားပါကင်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစားပြိုင်ပွဲနှင့်ဟင်းချက်ပြိုင်ပွဲကို စားသုံးသူများအား ပျော်ရွှင်စရာများ ဖန်တီးပေးခြင်းဖြင့် CP Five Star မှ စားသောက်ကုန်များနှင့်ထုတ်ကုန်အသစ်တီထွင်ခြင်းကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ CP Five Star Challenge ကို ကျင်းပရခြင်းဖြစ်သည်။

ယခုပွဲ၏အဓိကအချက်မှာ ပြီးခဲ့သည့်နှစ်မှစတင်ခဲ့သော ကျန်းမာရေးနှင့်ကောင်းမွန်သော အသက်ရှင်နေထိုင်မှုကို ဦးတည်ထားသည့် CP Five Star ၏အမြင်သဘောထားအရ "ပျော်ရွှင်မှုတွေ နေရာတိုင်းမှာ ရောက်ရှိနေပါပြီ" အစီအစဉ်ကို ဦးစားပေးတင်ဆက်ပေးခြင်းဖြစ်ပါသည်။

ယခုပြိုင်ပွဲကိုပြုလုပ်ပေးခြင်းဖြင့် CP Five Star မှ အစားအသောက်ထုတ်ကုန်အသစ်များကို တင်ဆက်ပေးရန်နှင့် စားသုံးသူများကလည်း အရသာကောင်းမွန်သော စားသောက်ကုန်များကို မြည်းစမ်းကြည့်နိုင်ရန်ဖြစ်ပါသည်။

အဆိုပါပြိုင်ပွဲတွင် ပထမရရှိသူအား ဆုငွေ ကျပ်သိန်း ၃၀၊ ဒုတိယရရှိသူများ ဆုငွေ ကျပ်သိန်း ၂၀၊ တတိယရရှိသူအား ဆုငွေကျပ် ၁၀ သိန်းချီးမြှင့်ပေးခဲ့ပြီး နောက်ဆုံးပြိုင်ပွဲအထိ ရောက်ရှိခဲ့သည့် ဆန်ခါတင်ပြိုင်ပွဲဝင် ခုနစ်ယောက်ကိုလည်း ဆုများချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။



# ဒုတိယအကြိမ်မြောက် အိန္ဒိယအထည်အလိပ်ပြပွဲ (INTEXPO Myanmar) ပြသမည်




အိန္ဒိယနိုင်ငံချည်ထည်နှင့်ပိုးတုတင်ပို့ရောင်းချမှုမြှင့်တင်ရေးကောင်စီ (The Synthetic & Rayon Textiles Export Promotion Council - SRTEPC) နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတို့၏ပူးပေါင်းစီစဉ်မှုဖြင့်ဒုတိယအကြိမ်မြောက်အိန္ဒိယအထည်အလိပ်ပြပွဲ (INTEXPO Myanmar) ကို ဒီဇင်ဘာလ၁၁ရက် နှင့် ၁၂ရက်တို့တွင် ရန်ကုန်မြို့ရှိ Park-Royal ဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် အိန္ဒိယနိုင်ငံမှ အထည်အလိပ်ကုမ္ပဏီပေါင်း ၂၀ ခန့်တို့က ပိုလီယက်စတားအထည်များ၊ Vicose ချည်ထည်များ၊ ဝါချည်များ၊ ပိုလီဝါချည်ထည်များ(Poly Cotton)၊ Poly Vicose ချည်ထည်၊ ဝတ်စုံ အထည်များ၊ ရှပ်အင်္ကျီများ၊ အဝတ်အထည်ပစ္စည်းများ၊ ပန်းထိုးအထည်များ၊ ချည်ထည်ဖက်ရှင်များ၊ အိမ်အလှဆင် အထည်အလိပ်များ၊ ခေါင်းစည်း ပုဝါများ၊ အမျိုးသမီးပုဝါများ၊ရှောစောင်များ စသည့် အထည်အလိပ်နှင့် ပတ်သက်သည့် ပစ္စည်းအမျိုးမျိုးကို စုံလင်စွာ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ချည်ထည်ထုတ်လုပ်သည့် နိုင်ငံများအနက် အိန္ဒိယနိုင်ငံသည် ချည်ထည်၊ ချည်ခင်တု၊ ဝါချည်၊ ဆယ်လီလို့စ် ချည်ထည်များနှင့် ပိုးထည်ထုတ်လုပ်ရာ၌ ဒုတိယအများဆုံးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

အထူးသဖြင့် အိန္ဒိယနိုင်ငံသည် လူဖန်တီးသော အထည်များ (Man Made Fibre-MFF) နှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံပေါင်း ၁၄၀ ကျော်သို့ တင်ပို့လျက်ရှိရာ တင်ပို့မှု အများဆုံးဒေသမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ MFFအထည်များကို ပြည်ပသို့ တင်ပို့ရာ၌ မြောက်အမေရိက၊ တောင်အမေရိကနှင့် အာရှဈေးကွက်များသို့ ၂၁ ရာခိုင်နှုန်းစီနှင့် အရှေ့အလယ်ပိုင်းဒေသသို့ ၂၀ ရာခိုင်နှုန်း၊အာဖရိက ဈေးကွက်သို့၁၀ ရာခိုင်နှုန်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့် တန်ဖိုးရှိသည့် အထည်အလိပ်နှင့်အဝတ်အထည်တို့ကို မြန်မာနိုင်ငံသို့ တင်ပို့ခဲ့သည်။ ယင်းတို့အနက် တီထွင်ဖန်တီးထားသော ချည်ထည်နှင့်ဆက်စပ်အထည်အလိပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ခုနစ်သန်းခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့တင်ပို့သည့်အိန္ဒိယ MFFအထည်အလိပ်များ အနက် အဓိက ပစ္စည်းများမှာ ပိုလီယက်စတားချည်ထည်များ၊ ၁၀၀ ရာခိုင်နှုန်း ပိုလီယက်စတာအထည်များ၊ ချည်ငင်တုများနှင့် ပန်းထိုးထည်စသည်တို့ ပါဝင်ကြောင်း သိရသည်။ **မယ်သီတာ**

# တတိယအကြိမ်မြောက် CommuniCast Myanmar 2016 ပြပွဲ ပြသ




တတိယအကြိမ်မြောက် CommuniCast Myanmar 2016 ပြပွဲကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ နိုဗိုတယ်မက်စ်ရန်ကုန်တွင် ဒီဇင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါပြပွဲသည် လျင်မြန်စွာပြောင်းလဲနေသည့်အိုင်စီတီ၊ တယ်လီကွန်းနှင့် ဒေတာအသုံးပြုခြင်းအစရှိသည်တို့ကို ထင်ဟပ်စေမည်ဖြစ်သည်။

ယင်းပြပွဲတွင် နိုင်ငံတကာမှ ကုမ္ပဏီပေါင်း ၇၀ ကျော်နှင့်ပံ့ပိုးကူညီသူများက ဂြိုလ်တု၊ ဖိုင်ဘာအာရုံခံစနစ်၊ Enterprise Solution များနှင့် Business to Business ဝန်ဆောင်မှု များကို အဓိကထား၍ ပြသခဲ့ကြောင်း သိရသည်။


အဆိုပါပြပွဲတွင် Data Service ကို ဝန်ဆောင်မှုများပေးနေသည့် ကုမ္ပဏီများဖြစ်သည့် KBZ Gateway နှင့် Cloud Computing ကို ဝန်ဆောင်မှုပေးနေသည့် Myint & Associate Telecommunications တို့ အပါအဝင် အချို့သော မြန်မာကုမ္ပဏီများလည်း ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင် ပြသခဲ့ကြသည်။

ပါဝင်ပြသခဲ့သည့် Myint & Associates Telecommunications ၏ လက်ထောက်အထွေထွေ မန်နေဂျာဖြစ်သူ ဦးသိန်းစိုးထိုက်က “CommuniCast Myanmar ရဲ့ ပြီးခဲ့တဲ့အောင်မြင်မှုတွေအရ M & A Tel အနေနဲ့ ဒီနှစ်ပြပွဲမှာ ပါဝင်ပြသရတာ အလွန်ကို ကျေနပ်မိပါတယ်။ မြန်မာနိုင်ငံရဲ့ ကြီးမားလာတဲ့အိုင်တီကဏ္ဍမှာ ဒေတာစင်တာဝန်ဆောင်မှုတွေကိုမျှဝေ ဖို့နဲ့ ပြသဖို့ဟာ အလွန်အရေးပါပြီး ဒီပြပွဲ မှာပါဝင်ပြသခြင်းဟာအာရှရဲ့ ဦးဆောင် ကုမ္ပဏီတွေနဲ့အတူ လုပ်ငန်းကို စီမံခန့် ခွဲနိုင်ဖို့အတွက် ကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ရစေမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် Myanmar Satellite Forum ကို ဒီဇင်ဘာလ ၇ ရက်တွင် ကျင်းပခဲ့ရာ "Addressing the challenges of broadcast and data services in a dynamic emerging economy" ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

## စာမျက်နှာ-၁၅ - အားလုံးနဲ့သက်ဆိုင်နေတဲ့ မြန်မာငွေတန်ဖိုးဖောင်းပွမှု . . . မှအဆက်

အထူးသဖြင့်တော့ တစ်ဦးချင်း အစီအစဉ်နဲ့ တင်သွင်းခွင့်ပါမစ်များဟာ တောက်လျှောက် တိုးတက်လာခဲ့တာကို တွေ့ရပါတယ်။ ဒါပေမဲ့ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်ကနေ လက်ရှိဘဏ္ဍာနှစ်အတွင်းမှာတော့ ပါမစ်ခွင့်ပြုအရေအတွက်ဟာ သိသိသာသာကို ကျဆင်းလာတာတွေ့ရမှာဖြစ်သလို အမှန်တင်သွင်းမှုစာရင်းတွေအရလည်း ပြီးခဲ့တဲ့ ၂၀၁၅-၁၆ခုနှစ်မှာ ယခင်နှစ်ထက် များစွာလျော့ကျလာတာကို တွေ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဒေါ်လာတန်ဖိုး တစ်ဟုန်ထိုးတိုးတက်နေတဲ့ကာလမှာ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ခွင့်ပြုတဲ့အရေအတွက်ရော၊အမှန် တင်သွင်းနေတဲ့ ပမာဏပါ သိသိသာသာ ကျဆင်းနေတဲ့အနေအထားဖြစ်တာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်လာတန်ဖိုးမြင့်တက်ခြင်းနဲ့ မော်တော်ယာဉ်တင်သွင်း ခြင်းတို့အကြား ဆက်နွယ်မှုကတော့ ဆန့်ကျင်ဘက်ဖြစ်နေတာကို ကိန်းဂဏန်းတွေက အထင်အရှား သက်သေပြနေပါတယ်။




### ဒေါ်လာဝယ်လိုအားနဲ့ ဈေးကွက်အရွေ့

အမှန်တော့ ဒေါ်လာဝယ်လိုအားက သိသာမြင်သာတဲ့ သွင်းကုန်တွေကြောင့်သာမကဘဲ အခြားသော ဝန်ဆောင်မှုလုပ်ငန်းများကလည်း ဝယ်လိုအားတွေရှိနေတာ စီးပွားရေးလုပ်ငန်းရှင်ကြီးများ အသိပါ။ ဥပမာအနေနဲ့ပြောရရင်တယ်လီနောနဲ့ အူရီဒူးတို့လို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကလည်း ပြည်တွင်းမှာ ဆက်သွယ်ရေး operator ဝန်ဆောင်မှုများက ရရှိတဲ့ဝင်ငွေက မြန်မာကျပ်ငွေနဲ့သာဖြစ်ပြီး သူတို့ ငွေကို ဒေါ်လာပြန်ဖော်ဖို့အတွက် ဝယ်လိုအားက သာမန်အားဖြင့် မမြင်နိုင်ပေမယ့် ပြည်သူသန်းပေါင်းများစွာ ကိုင်စွဲအသုံးပြုနေတဲ့ ဆက်သွယ်ရေးကွန်ရက်အခကြေးငွေက ဒေါ်လာသန်းပေါင်းများစွာလည်း ဖြစ်နိုင်ပါတယ်။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများသာမက သယ်ယူပို့ဆောင်ခြင်း ဝန်ဆောင်မှုနဲ့ အခြားသောဝန်ဆောင်မှုလုပ်ငန်းများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ရှိနေသေးတဲ့အတွက် ဒီလုပ်ငန်းများရဲ့ဒေါ်လာဝယ်လိုအားတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

ဒီလိုဝန်ဆောင်မှုလုပ်ငန်းတွေအပြင် ဈေးကွက်အရွေ့ကလည်း ဒေါ်လာတန်ဖိုးကိုပိုမိုမြင့်တက်စေတဲ့အကြောင်းရင်းထဲမှာ အသေအချာပါဝင်နေပါတယ်။ ရှေ့မှာဖော်ပြခဲ့သလို ၂၀၁၄-၁၅မှာ အားကောင်းခဲ့တဲ့ မော်တော်ယာဉ်ဈေးကွက်က ပြီးခဲ့တဲ့နှစ်လောက်ကစပြီး အကျဘက်ဆင်းခဲ့သလို ကုန်စည်ကူးသန်းရောင်းဝယ်မှုကလည်း စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ကုန်၊ ကျောက်မျက်လုပ်ငန်းဘယ်လိုပို့ကုန်မျိုးကိုပဲကြည့်ကြည့် အားပျော့နေတဲ့ဈေးကွက်အနေအထားမှာရှိနေပါတယ်။ ဒါကြောင့်အိမ်ခြံမြေဈေးကွက်လို real estate ကို သွားမယ်ကြံပြန်တော့ ပြီးခဲ့တဲ့သုံးနှစ်လောက်ကတည်းက ဈေးကွက်ပျက်တဲ့အနေအထားမှာ capital market ကို ရွေ့လာကြတယ်လို့သုံးသပ်ရပါတယ်။ capital market မှာ အဓိကဦးဆောင်ရမယ့် စတော့ရှယ်ယာဈေးကွက်က စီးပွားရေးသမားတွေ စိတ်ဝင်စားလောက်တဲ့ ဈေးကွက်မဖြစ်လာသေးတာကြောင့် လက်ရှိ အခြေအနေမှာဈေးကွက်အရွေ့က ဒေါ်လာဈေးကွက်အပေါ် သက်ရောက်သွားသလားဆိုတာကိုတော့ ပညာရှင်များ တွေးဆကြည့်ဖို့ လိုပါတယ်။

ဒါကြောင့် ဈေးကွက်မှာ အချိုးမညီစွာနဲ့ ပြည်သူတွေ စိုက်ထုတ်နိုင်မယ့်အတိုင်းအတာထက်ကျော်လွန်ပြီး ငွေကြေးတန်ဖိုးကျဆင်းမယ့်အခြေအနေမျိုးမရောက်ဖို့တော့ အစိုးရဌာနပိုင်းအနေနဲ့ကုန်သွယ်ရေးမူဝါဒကိုသာမက ငွေကြေးနဲ့ဆက်စပ်တဲ့ မူဝါဒများအားလုံးကို ထိန်းညှိဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရအပိုင်းသာမက စားသုံးသူပြည်သူများအနေနဲ့လည်း အဓိကမရှိမဖြစ်လိုအပ်တဲ့ စားသောက်ကုန်၊ ဆေးစတဲ့အရေးကြီးကုန်စည်များမှလွဲပြီး ဇိမ်ခံပစ္စည်း (luxury goods) တွေကို လျှော့ချဝယ်ယူခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ပူးပေါင်းပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ငွေကြေးတန်ဖိုးဖောင်းပွမှုနဲ့ ပတ်သက်လို့ပညာရှင်များစွာက လေ့လာဆန်းစစ်မှုတွေလုပ်နေတာ ကြားသိနေရတဲ့အတွက်လည်း အားရမိပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက မီဒီယာအင်တာဗျူးတစ်ခုမှာ ငွေကြေးဖောင်းပွတယ်ဆိုတဲ့အကြောင်းရင်းကိုပဲ အာရုံထားပြီး ဖြေရှင်းဖို့ကြိုးစားမယ်ဆိုရင် တခြား balance ဖြစ်ဖို့လိုတဲ့ ကဏ္ဍတွေကို အာရုံလျော့သွားပြီး ပိုမိုဖြေရှင်းရခက်တဲ့ အနေအထားမျိုးဖြစ်လာနိုင်တယ်လို့စီးပွားရေးပညာရှင်ကြီးများက ပြောကြားခဲ့တာကိုလည်း ထောက်ခံမိပါတယ်။ ဒါကြောင့် ငွေကြေးဈေးနှုန်းဖောင်းပွတာဟာ ကုန်သွယ်မှုလိုငွေပြနေတာကြောင့်ပါ၊ ဘယ်မူဝါဒတွေကြောင့်ပါ ဆိုပြီးဝေဖန်လေကန်နေမယ့်အစား သက်ဆိုင်ရာကဏ္ဍများအလိုက် လေ့လာဆန်းစစ်ပြီး balance ရှိစွာထည့်သွင်းစဉ်းစားကြမှသာ စီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ရပ်တည်နိုင်မှာဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။

# တောင်ကိုရီးယားဘဏ္ဍာရေးလုပ်ငန်းများအပေါ် စတုတ္ထစက်မှုတော်လှန်ရေး၏ သြဇာသက်ရောက်မှုရှိ

ကမ္ဘာ့စီးပွားရေးတွင် စက်မှုတော်လှန်ရေး အသစ်ကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို ရင်ဆိုင်ရန် ပြင်ဆင်သည့်အနေဖြင့် တောင်ကိုရီးယား နိုင်ငံအနေဖြင့် ကမ္ဘာကြီးနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

"ဘဏ္ဍာရေးကဏ္ဍဟာ စတုတ္ထစက်မှုတော်လှန်ရေးကြောင့် ဖြစ်ပေါ်လာမယ့်အကျိုးဆက်တွေကို ရှောင်ရှားလို့မရနိုင်ပါဘူး"ဟု ဘဏ္ဍာရေးလုပ်ငန်းကော်မရှင် (Financial Services Commission)ဥက္ကဋ္ဌ ယင်ဂျောင်ယောင်းက ဆိုးလ်မြို့တွင်ကျင်းပသော ကွန်ဖရင့်တစ်ခုတွင် ပြောသည်။

စတုတ္ထစက်မှုတော်လှန်ရေးဆိုသည်မှာ တတိယ စက်မှုတော်လှန်ရေးကာလအတွင်းက အသုံးပြုခဲ့သော ဒစ်ဂျစ်တယ်စနစ်ကိုအခြေခံပြီး ရှေ့တစ်လှမ်းတိုး၍ ဆောင်ရွက်ခဲ့သော စက်မှုတော်လှန်ရေးဖြစ်သည်။ အဓိကအားဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးပြုပြီး စက်မှုတော်လှန်ရေးကို အဆင့်မြင့်ကာ ဆောင်ရွက်သွားမည့်တော်လှန်ရေးဖြစ်သည်။

ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခြင်းဖြင့် လက်တွေ့စီးပွားရေးကို တိုးတက်ကောင်းမွန်လာအောင် ကမ္ဘာကြီး အထောက်အကူပေးသွားသင့်ကြောင်းနှင့် ဘဏ္ဍာရေးကဏ္ဍရှိ စားသုံးသူများ အဆင်ပြေညီညွတ်မှုရှိစေရန် ဆောင်ရွက်သင့်ကြောင်း သူကပြောသည်။

ယင်သည် တတိယအကြိမ်မြောက် ကမ္ဘာ့ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ ဆိုးလ်မြို့တွင် ကျင်းပသည့်၎င်းဖိုရမ်သို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အဆင့်မြင့်အရာရှိ ၄၀နီးပါး တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားကို " ဘဏ္ဍာရေး စီးပွားရေးတီထွင်ဆန်းသစ်မှုများ လက်တစ်ကမ်းသို့ ရောက်လာပြီ" (Financial Innovation Within Reach) ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကောင်စီ (Council on International Financial Cooperation) နှင့် တောင်ကိုရီးယားဘဏ္ဍာရေးလုပ်ငန်းကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သော အခမ်းအနားဖြစ်ပြီး ကမ္ဘာ့ဘဏ်၊ ဥရောပကော်မရှင်နှင့် ဂျပန်၊ ဗြိတိန်တို့မှ အာမခံလုပ်ငန်းအသင်းများလည်း တက်ရောက်ခဲ့ကြသည်။

တောင်ကိုရီးယား၏ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲရေး အစီအမံများကို မိတ်ဆက်ပေးရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်စေရန် ဘဏ္ဍာရေးလုပ်ငန်းကော်မရှင်က ၎င်းကွန်ဖရင့်ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

# အမေရိကန်သမ္မတအဖြစ် ထရမ့် ရွေးချယ်ခံရပြီးနောက် ဗီယက်နမ်နိုင်ငံက အခြေအနေကို စောင့်ကြည့်နေ

အာရှဒေသတွင်းရှိ နိုင်ငံများအနက် ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်မှုကိုအများဆုံးမှီခိုရသောနိုင်ငံတစ်နိုင်ငံဖြစ်ရာ နိုင်ငံပို့ကုန်အားလုံး အနက် တရုတ်နိုင်ငံသို့ ၁၀ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံသို့ ၂၀ ရာခိုင်နှုန်း တင်ပို့ကြောင်းနှင့် အမေရိကန်ပြည် ထောင်စု သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် အနိုင်ရပြီးနောက် ကိုယ်ကျိုးစီးပွားကာကွယ်မှု အလားအလာ မြင့်မားနေကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။



ထရမ့် ဦးဆောင်သောအစိုးရအဖွဲ့ကျင့်သုံးမည့် မူဝါဒများနှင့် ပတ်သက်၍ဝေဖန်ပြောကြားရန် စောလွန်းသေးသော်လည်း အမေရိကန်ပြည်ထောင်စုနှင့်တရုတ်မှအပ ပစိဖိတ်ဒေသတွင်း ၁၁နိုင်ငံ ညှိနှိုင်းဆွေးနွေးလျက်ရှိသော ပစိဖိတ်ဖြတ်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး (Trans-Pacific Partnership)သဘောတူစာချုပ်မှာ အာရှဒေသအတွက် ကြီးမားသော အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးမည့် သဘောတူစာချုပ် ဖြစ်သည်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စု ရွေးချယ်ခံသမ္မတ ထရမ့်က သဘောတူစာချုပ်ကို ရှေ့ဆိုင်းမည့် လက္ခဏာများကို ပြသလာပြီး နောက်ပိုင်း ဗီယက်နမ်ကလည်း TPP သဘောတူစာချုပ်ကို လက်မှတ်မထိုးရန် ဆုံးဖြတ်ခဲ့သည်။ TPP သဘောတူစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ပါက ဗီယက်နမ်အတွက် အခွင့်အလမ်းများကို ခံစားရဖွယ်အခြေအနေများ ရှိနေသည့်ကြားမှ ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စာချုပ်မချုပ်ဆိုဖြစ်သည့်အတွက် အလုံးစုံ ဆုံးရှုံးမှုမဖြစ်နိုင်ကြောင်း၊ ဗီယက်နမ်ပို့ကုန်များအတွက် အလားအလာကောင်းများ ရှိနေဆဲဖြစ်ကြောင်း "ဗီယက်နမ်အကြောင်း တစ်စေ့တစ်စောင်း"ဟုအမည်ပေးထားသည့်HSBC ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကုန်ကျစရိတ်များ မြင့်တက်နေသည့်အတွက် တရုတ်နိုင်ငံသည် စီးပွားရေးလုပ်ငန်းအများအပြားအတွက် ရင်းနှီးမြှုပ်နှံမှု ဦးတည်ရာဒေသအဖြစ် ဆက်လက်မတည်ရှိနိုင်တော့ပေ။ သို့ဖြစ်ရာ ဗီယက်နမ် နိုင်ငံသည် အလေးအနက်ထား စဉ်းစားခံရတော့မည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင်လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီများအတွက် ပထဝီအနေအထားအရအရေးပါသော နေရာတစ်နေရာဖြစ်လာသည်။

အခြားအခွင့်ကောင်းတစ်ခုမှာ ဗီယက်နမ်နိုင်ငံတွင် ငယ်ရွယ်အတွေ့အကြုံကြွယ်ဝပြီး ကျွမ်းကျင်မှုရှိသော လုပ်သားအင်အားထုကြီး ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ TPP အပြင် ဗီယက်နမ်နိုင်ငံက အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိနေသေးသည်။

# အမေရိကန်တိုင်ဆန်ကုမ္ပဏီက အသားအစားထိုးထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံ

အမေရိကန်နိုင်ငံမှ တိုင်ဆန်အစားအစာ ကုမ္ပဏီ (Tyson Foods Inc.)က အမေရိကန်ဒေါ်လာ သန်း ၁၅၀ရှိ လုပ်ငန်းသစ်များ ထောက်ပံ့ရေးရန်ပုံငွေကို ထူထောင်ပြီး အသားအစားထိုး ထုတ်ကုန်များကို ဈေးကွက်ဝင်ထုတ်လုပ်နေသော ကုမ္ပဏီများကို ထောက်ပံ့သွားမည်ဖြစ်ကြောင်းနှင့် ၎င်းသို့ ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပရိုတိန်းအသားဓာတ်ကို အစားထိုးရရှိရေးအတွက် ကြိုးပမ်းလျက်ရှိသော အမေရိကန်ပြည်ထောင်စုရှိ ကြက်မွေးမြူရေးလုပ်ငန်းများ၏ ကြိုးပမ်းဆောင်ရွက် မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အစားအစာလေလွင့်မှုများကို လျှော့ချရန် ကြိုးပမ်းဆောင်ရွက်နေသော ကုမ္ပဏီများနှင့် အစားအစာနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆက်နွယ်နေသော နည်းပညာမြင့် ထုတ်လုပ်မှုများကို ဆောင်ရွက်ရန် ကြိုးပမ်းနေသော ကုမ္ပဏီများအတွက် ရန်ပုံငွေအဖွဲ့က ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း တိုင်ဆန်ကုမ္ပဏီက ဒီဇင်ဘာ ၅ ရက်က ပြောသည်။

တိုင်ဆန်ကုမ္ပဏီသည် သစ်ပင်အခြေပြုပရိုတိန်း အသားဓာတ်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်နေသော "Beyond Meat" ကုမ္ပဏီ၏ ရှယ်ယာ ငါးရာခိုင်နှုန်းကို ဝယ်ယူပြီးနောက် ကြက်သား၊ အမဲသားနှင့် ဝက်သားများ အတွက် အစားထိုးပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းအား ထောက်ပံ့မှုများကို ပိုမို စိတ်ဝင်စားလာပြီး ကုမ္ပဏီထုတ်လုပ်မှုလုပ်ငန်း၏ ပင်မလုပ်ငန်းအဖြစ် ဦးတည်ဆောင်ရွက်လာသည်ကို တွေ့ရသည်။

တိရစ္ဆာန်များ သာယာချမ်းမြေ့ရေးအတွက် ဦးစားပေးဆောင်ရွက်မှုများ၊ တိရစ္ဆာန်မွေးမြူမှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများနှင့် ဟင်းရွက်ဟင်းသီးအစားအစာက အသားထက်ပိုမိုပြီး ကျန်းမာရေးနှင့် ညီညွတ်သည်ဟု ယူဆမှုများကြောင့် အသားကို စားသုံးရန် ဆန့်ကျင်မှုများရှိလာသည်။

" စားသုံးသူတွေကတော့ အသားဓာတ်ရရှိနိုင်တဲ့ အစားထိုးပုံစံများကို စိတ်ဝင်စားလာတဲ့အတွက် သစ်ပင်အခြေပြုနဲ့ အစားထိုးအစားအစာတွေက စိတ်ဝင်စားစရာကောင်းတဲ့နယ်ပယ်တွေ ဖြစ်ပါတယ်"ဟု တိုင်ဆန်ကုမ္ပဏီ၏ဥက္ကဋ္ဌ မိုနီကာမက်ဂတ်က ပြောသည်။

■

# အလယ်အလတ်ဝင်ငွေရှိ နိုင်ငံများကို အေဒီဘီက အကူအညီပေးသွားမည်

ယခုအချိန်တွင် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများအနက် အလယ်အလတ်ဝင်ငွေရရှိသော နိုင်ငံအဖြစ် မြင့်တက်လာသော နိုင်ငံများ များပြားစပြုလာသည့်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)နှင့် အခြားနိုင်ငံစုံ ကော်ပိုရေးရှင်းများမှ အလှူရှင်များက အဆိုပါနိုင်ငံများအား ဘဏ္ဍာရေးထောက်ပံ့မှုများကို တိုးမြှင့်ပေးပြီး ထိုနိုင်ငံများက မိမိတို့၏ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ဝင်ငွေမညီမျှမှုကို ဖြေရှင်းနိုင်စေရန် ဆောင်ရွက်ပေးသင့်ကြောင်း အေဒီဘီ၏ အစီရင်ခံစာပါ ဖော်ပြချက်ကို ဘာလွမ်းဘတ်သတင်းတွင် ဖော်ပြသည်။

အေဒီဘီ၏ အစီရင်ခံစာတွင် ဒေသတွင်းရှိ နိုင်ငံပေါင်း ၃၇ နိုင်ငံကို အလယ်အလတ်ဝင်ငွေရှိ နိုင်ငံများအဖြစ်သတ်မှတ်ခဲ့ရာ ၂၀၁၅ ခုနှစ်က သတ်မှတ်ပေးခဲ့သော် ၂၄ နိုင်ငံနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာသည်ကို တွေ့ရသည်။

အလယ်အလတ်ဝင်ငွေရ နိုင်ငံအဖြစ် သတ်မှတ်ရာတွင် တစ်ဦးချင်းဝင်ငွေကို အခြေခံပြီး တိုင်းတာခြင်းဖြစ်သည်။ သို့သော် လူနေထိုင်မှု အခြေအနေတို့ကို ထည့်သွင်းတွက်ချက်မှုမရှိသော်လည်း ၎င်းသတ်မှတ်ချက်အရ ဆိုပါက နိုင်ငံတစ်ခု၏ စီးပွားရေးစွမ်းအား ထက်မြက်မှုကို ရောင်ပြန်ဟပ်ပြနိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။

ဆင်းရဲသားအများစုမှာ အလယ်အလတ်ဝင်ငွေရှိနိုင်ငံများတွင် နေထိုင်လျက်ရှိကြသည့်အတွက် ဝင်ငွေကွာဟချက်ကို ဖြေရှင်းရာတွင် အခက်အခဲရှိနေကြောင်း အေဒီဘီက ပြောသည်။

"အလယ်အလတ်ဝင်ငွေရှိတဲ့ နိုင်ငံဖြစ်လာပြီဆိုရုံနဲ့ ထောက်ပံ့ပေးကမ်းမှု လျှော့ချရမယ်ဆိုတဲ့သဘောမဟုတ်ပါဘူး။ တကယ်တော့ လုံးဝကို ပြောင်းပြန်ဖြစ်နေပါတယ်။ အာရှရှိ အလယ်အလတ်ဝင်ငွေရှိနိုင်ငံတစ်နိုင်ငံအနေနဲ့ ဖွံ့ဖြိုးမှုရေရှည်တည်တံ့ဖို့အတွက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ဖို့နဲ့ ခေတ်မီဖွံ့ဖြိုးရေး အစီအစဉ်တွေကို အကောင်အထည်ဖော်ရန်အတွက်အစိုးရနိုင်ငံစုံကုမ္ပဏီများနဲ့ ပုဂ္ဂလိက ကဏ္ဍအရင်းအမြစ်တွေကနေ အမေရိကန်ဒေါ်လာ ထရီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံပေးဖို့ လိုပါမယ်"ဟု အေဒီဘီမှ လေ့လာဆန်းစစ်ရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် မာဗင်တေလာက ပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ဥရောပဗဟိုဘဏ်(အီးစီဘီ) က ငွေကြေးမူဝါဒကို လျှော့ချပေးမည့် အလားအလာများကို တွေ့မြင်ရပြီးနောက် ဒီဇင်ဘာ ၉ ရက်တွင် အာရှငွေကြေးများ၏ တန်ဖိုးများကျဆင်းလာသည်ကို တွေ့ရသည်။

ဥရောပဗဟိုဘဏ်က ဘွန်းစာချုပ်များကို ဝယ်ယူသည့် အစီအစဉ်ကို ၂၀၁၇ ခုနှစ်အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက်က ကြေညာခဲ့သည်။ သို့သော်လည်း လစဉ်ဝယ်ယူသည့် ပမာဏကိုမူ ယူရိုဘီလီယံ ၈၀ ဝယ်ယူနေရာမှ ယူရိုဘီလီယံ ၆၀ (အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံ)အထိ လျှော့ချမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အီးစီဘီ၏ ကြေညာချက်ကြောင့် နယူးယောက်ဈေးကွက်တွင်ယူရိုတန်ဖိုးကျဆင်းပြီး ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့သည်။ ဤဖြစ်ရပ်၏ ဖိတ်လျှံအကျိုးသက်ရောက်မှုကြောင့် ဒီဇင်ဘာ ၉ ရက်က အာရှဈေးကွက်တွင် ဒေါ်လာနှင့် ဖလှယ်ရာ၌အာရှငွေကြေးများ၏တန်ဖိုးကို ကျဆင်းစေခဲ့ ကြောင်း ANZဘဏ်မှ အာရှသုတေသနအကြီးအကဲ ခွန်ဂိုက ပြောသည်။

အမေရိကန်ဗဟိုဘဏ်၏မူဝါဒ အစည်းအဝေးကို လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးတွင် ကာလတိုအတိုးနှုန်းကို လျှော့ချပေးမည်ဟု ခန့်မှန်းကြသည့်အတွက် ရင်းနှီးမြှုပ်နှံသူတို့က စောင့်ကြည့်လေ့လာလျက်ရှိသည်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေး၏တရားဝင်ဖလှယ်နှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၈၉၇၂ ယွမ်နှုန်းအဖြစ် ဒီဇင်ဘာ ၉ ရက်နေ့ ဈေးမဖွင့်မီက သတ်မှတ်ပေးခဲ့သည်။ ဒီဇင်ဘာ ၈ ရက်က တစ်ဒေါ်လာကို ၆ ဒသမ ၈၇၃၁ ယွမ်နှုန်း သတ်မှတ်ခဲ့သည့်အတွက် နေ့အလိုက်နှိုင်းယှဉ်ပါက သုည ဒသမ ၃၇ ရာခိုင်နှုန်းကျဆင်းသည့်အတွက် အောက်တိုဘာ ၂၀ ရက်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

ဟောင်ကောင်တွင် ရောင်းဝယ်သော Offshore ယွမ်ဈေးနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၉၁၇၄ ယွမ်နှုန်းဖြင့် ဖလှယ်လျက်ရှိရာ ရှန်ဟဲတွင် ရောင်းဝယ်နေသည့် Onshore ယွမ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၂၆ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

### အိန္ဒိယရူပီး

အမေရိကန်ဒေါ်လာဝယ်လိုအား မြင့်မားလာသည့်အတွက် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက နိုင်ငံခြားငွေဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာ၌ သုည ဒသမ ၂၂ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၅၈ ရူပီးနှုန်းဖြစ်ခဲ့သည်။ တစ်လအတွင်း အမြင့်ဆုံးနှုန်းအထိ ရောက်ရှိရာမှ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

လာမည့်နှစ်အထိ ဘွန်းစာချုပ်ကို ဆက်လက်ဝယ်ယူရန် ဥရောပဗဟိုဘဏ်က ဆုံးဖြတ်ပြီးနောက် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ယူရိုအပါအဝင်အခြားငွေကြေးများ၏ တန်ဖိုးကျဆင်းမှုကလည်း ရူပီးတန်ဖိုးမြင့်တက်မှုအပေါ် ထိခိုက်မှုရှိခဲ့ပြီး ပြည်တွင်းရှယ်ယာများ၏ တန်ဖိုးမြင့်မှုက ရူပီးတန်ဖိုးကျဆင်းမှုကို ပြန်ထိန်းပေးခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားများက ပြောသည်။

### ဂျပန်ယန်း

တိုကျိုတွင် ဒီဇင်ဘာ ၉ ရက်က အမေရိကန်ဒေါ်လာနှင့်ယန်းငွေကြေးဖလှယ်နှုန်းမှာ တစ်ဒေါ်လာကို ၁၁၄ ယန်းဝန်းကျင်တွင်ရှိနေသည်။

အမေရိကန်ဒေါ်လာနှင့် ယန်းငွေဖလှယ်နှုန်းမှာ ဒီဇင်ဘာ ၈ရက်ညနေ ၅ နာရီက တစ်ဒေါ်လာကို နယူးယောက်ဈေးကွက်တွင် ၁၁၃ ဒသမ ၉၉ ယန်းနှုန်းနှင့် တိုကျိုဈေးကွက်တွင် ၁၁၃ ဒသမ ၆၄ ယန်းနှုန်းရှိခဲ့ရာမှ ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် တစ်ဒေါ်လာကို ၁၁၄ ဒသမ ၀၇ ယန်းနှုန်းရှိခဲ့သည်။

ယူရိုနှင့်ယန်းဖလှယ်နှုန်းမှာမူ ဒီဇင်ဘာ ၈ ရက်ညနေက တစ်ယူရိုကို နယူးယောက်တွင် ၁ ဒသမ ၀၆၁၂ ဒေါ်လာနှင့် ၁၂၀ ဒသမ ၉၀ ယန်းနှုန်းဖြင့်လည်းကောင်း တိုကျိုတွင် ၁ ဒသမ ၇၀၆၃ ဒေါ်လာနှင့်၁၂၂ ဒသမ ၃၁ယန်းနှုန်းဖြင့်လည်းကောင်းရှိနေရာမှ ဒီဇင်ဘာ ၉ ရက်တွင် တိုကျိုဈေးကွက်၌ တစ်ယူရိုကို ၁ ဒသမ ၀၆၁၈ ဒေါ်လာနှင့် ၁၂၀ ဒသမ ၁၂ ယန်းနှုန်းရှိခဲ့သည်။

### မလေးရှားရင်းဂစ်

နိုင်ငံခြားငွေဈေးကွက်တွင် ငွေဖြစ်လွယ်မှုအခြေအနေတိုးတက်ကောင်းမွန်စေရန်အတွက် မလေးရှားဗဟိုဘဏ်က အစီအမံများကို ချမှတ်ဆောင်ရွက်ထားသော်လည်း ဒီဇင်ဘာ ၉ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး အနည်းငယ်ကျဆင်းခဲ့သည်။ ငွေကြေးဖလှယ်နှုန်းမှာ ဒီဇင်ဘာ ၈ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ဒသမ၄၂၀၀ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၈ မိနစ်မှာ အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၂၁၀ ရင်းဂစ်နှုန်းအထိရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် မမျှော်လင့်ဘဲ အနိုင်ရခြင်းနှင့် ကမ္ဘာ့ရေနံဈေးများကျဆင်းမှုကြောင့် ဈေးကွက်အခြေအနေကျဆင်းနေဆဲဖြစ်ကြောင်း ဝယ်ရောင်းသမားတစ်ဦး ကပြောသည်။

အခြားအဓိကငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့သည်။

### ကိုရီးယားဝမ်

တောင်ကိုရီးယားသမ္မတ ပတ်ဂွင်ဟေးနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရန် နာရီပိုင်းအလို ဒီဇင်ဘာ ၉ ရက် နံနက်က တောင်ကိုရီးယား ရှယ်ယာဈေးများ ကျဆင်းခဲ့သည်။ ကိုရီးယားဝမ်ငွေကြေး၏ တန်ဖိုးမှာလည်း ယခင်နေ့ ဈေးပိတ်ချိန်ကရှိခဲ့သော ဖလှယ်နှုန်းအောက် ၉ ဒသမ ၅ ဝမ် ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၆၇ ဒသမ ၆၅၀ ဝမ်နှုန်း ရှိခဲ့သည်။

### ထိုင်းဘတ်

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့် ဘတ်ငွေဖလှယ်နှုန်းမှာ ဒီဇင်ဘာ ၉ ရက်က တစ် ဒေါ်လာကို ၃၅ ဒသမ ၅၉ ဘတ်နှုန်းရှိ ခဲ့ရာမှ သုည ဒသမ ၁၅ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃၅ ဒသမ ၆၅ ဘတ်နှုန်းအထိ ရောက်ရှိခဲ့သည်။

## တရုတ်နိုင်ငံခြားငွေ ကြီးကြပ်ရေးအဖွဲ့က ရင်းနှီးငွေများ ပြည်ပစီးထွက်မှုကို ထိန်းချုပ်ရန်ကြိုးပမ်း

တရုတ်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ စံချိန်တင် မြင့်တက်ခဲ့သည့်အပြင် ယွမ်ငွေကြေး တန်ဖိုးကလည်း ရှစ်နှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့သည့်အတွက် မတည်ရင်းနှီးငွေများ ပြည်ပသို့စီးထွက်မှုကို ထိန်းချုပ်ရန် အစိုးရက စီစဉ်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် နိုဝင်ဘာ ၂၉ ရက်က ဖော်ပြသည်။

တရုတ်နိုင်ငံ နိုင်ငံခြားငွေ စီမံအုပ်ချုပ်ရေးဌာန (State Administration Exchange) သည် အမေရိကန်ဒေါ်လာ ၅ သန်းနှင့်အထက်ရှိ ပြည်ပသို့ လွှဲပြောင်းငွေများကိုပြန်လည်စိစစ်လျက်ရှိပြီး ယခင်က အတည်ပြုပြီးဖြစ်သောသဘောတူစာချုပ်များ အပါအဝင် ပြည်ပနှင့်ချုပ်ဆိုသော သဘောတူစာချုပ်များကို စိစစ်လျက် ရှိကြောင်း သက်ဆိုင်ရာနှင့် နီးစပ်သည့် သတင်းရပ်ကွက်များကို ကိုးကားပြီး ရိုက်တာသတင်းတွင် ဖော်ပြသည်။

တရားဝင်နှင့် တရားမဝင်ငွေကြေး ပြည်ပစီးထွက်မှုများကြောင့် ယွမ်ငွေကြေးအပေါ်တွင် ဖိအားပေးမှုများ ပေါ်ပေါက်လျက်ရှိသည့်အတွက် ယခုနှစ်စမှ ယခု အချိန်ထိ ယွမ်ငွေကြေး တန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ၆ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ဆက်လက် ကျဆင်းမည်ဟုလည်း ကုန်သည်များက ခန့်မှန်းထားသည်။

## အိန္ဒိယစီးပွားရေးဖွံ့ဖြိုးမှုအတွက် အိန္ဒိယဗဟိုဘဏ်က ဒီဇင်ဘာတွင် အတိုးနှုန်းလျှော့ချမည်

ကမ္ဘာ့စီးပွားရေး မရေရာမှုများနှင့် ရူပီးတန်ဖိုး မတည်ငြိမ်မှုများက အိန္ဒိယဗဟိုဘဏ်၏ အတိုးနှုန်းများကို လျှော့ချရန် ၂၀၁၇ခုနှစ် ပထမသုံးလပတ်သည် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ညွှန်ပြနေသော်လည်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် ငွေကြေး ဖောင်းပွမှု အလားအလာ ကောင်းမွန်မှုများကို အကြောင်းပြု၍ အိန္ဒိယဗဟိုဘဏ်က အချိန်စော၍ ဒီဇင်ဘာတွင် လျှော့ချတော့မည့် အလားအလာများကို တွေ့ရကြောင်း DBS ဘဏ်၏အစီရင်ခံစာပါ ဖော်ပြချက်ကို ဟိန္ဒူဘိဇနက်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူး အာဂျစ်ပေတဲ ဦးဆောင်သော ငွေကြေးမူဝါဒ ကော်မတီက ဗဟိုဘဏ်စံထားအတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချပြီး ၆ ဒသမ ၂၅ ရာခိုင်နှုန်းအဖြစ် အောက်တိုဘာလအတွင်းက သတ်မှတ်ခဲ့သည်။ အိန္ဒိယဗဟိုဘဏ်သည် ဒီဇင်ဘာ ၇ ရက်တွင် မူဝါဒပြန်လည်သုံးသပ်သည့် အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။

ဝန်ကြီးချုပ် နရိန္ဒရာမိုးဒီက ရူပီး ၁၀၀၀ တန်နှင့် ရူပီး ၅၀၀ တန် ငွေစက္ကူများကို တရားမဝင် ငွေကြေးအဖြစ် နိုဝင်ဘာ ၈ ရက်က ကြေညာခဲ့သည်။ ငွေစက္ကူ တရားမဝင်ကြောင်းကြေညာမှုက အထူးသဖြင့် စားသုံးမှု၊ ဖြန့်ဖြူးရေးကွင်းဆက်နှင့် ငွေသားအပေါ် မှီခိုမှုရှိသော စီးပွားရေးလုပ်ငန်းများနှင့် ငွေကြေးဖောင်းပွမှုအပေါ်တွင် ယခုသုံးလပတ်နှင့် နောက်သုံးလပတ်တွင် ဂယက်ရိုက်ခတ်မှုရှိနိုင်သည်။


ညဏ်တင်-စုစည်းတင်ပြသည်

မန္တလေး

# ဇလပ်ဝါ ဘီစကစ်

How delicious and nutritious is Zalatwah!

စားလို့ကောင်းတာ ဇလပ်ဝါ အာဟာရဖြစ်တာ ဇလပ်ဝါ



အမှတ် (၂၂၄)၊ ၃၂လမ်း၊ ၈၃လမ်း နှင့် ၈၄လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
Ph : 02-21295 , 66589 , 67012
09-2007000 , 2009474 , 5311431
Industry : 02-5154254 , 02-5153159
09-91001653 , 09-91020516

Email : myattharhtet@gmail.com

REG No : 264/1990
F.D.A Approved No : ၈၅/၁၁၀၆၇/ထလ

ဗုဒ္ဓံ ဓမ္မံ သံဃံ

# စိန်သီဟ ပလတ်စတစ်ပုံနှိပ်လုပ်ငန်း

Since:1982

## SEIN THI HA PLASTIC PRINTING WORK



- အမှတ် (H.182)၊ (၆၁)လမ်း နှင့် ဝေရတ်လမ်းထောင့်၊ (ကနောင်မင်းသားကြီးလမ်း-မြောက်ဘက်တစ်ပြ)၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)၊ မန္တလေးမြို့။
- Factory: 02-5154183, 5153788, Hot Line: 09-2005744, 792005744, 450050070
- Email:www.facebook.com/SEIN THIHA Plastic Printing,Cutting & Packing Co.,Ltd.

ခေတ်မှီ လုပ သေသပ် နိုင်ခံ့သော ထုပ်ပိုးအိတ်နှင့် အလိပ်များကို အရည်အသွေးအကောင်းဆုံးနှင့် အလျင်မြန်ဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနေပါသည်။
ရေသန့်ဗူးပလပ်စတစ်ပတ်များကိုလည်း ဆောင်ရွက်ပေးပါသည်။

# New Day Energy Co.,Ltd

အရည်အသွေး မှန်ကန်သော စက်သုံးဆီများကို အခြင်အတွယ် အပြည့်အဝဖြင့်
ရောင်းချပေးလျက်ရှိသည့် **New Day** စက်သုံးဆီအရောင်းဆိုင်များမှ ကြိုဆိုပါသည်။

**Member Card, Prepaid Card များဖြင့် အရောင်းဆိုင်အားလုံးတွင် Discount Point များရယူ၍
ဝယ်ယူအားပေးနိုင်ပါသည်။**




**ဝယ်ယူနိုင်သောစက်သုံးဆီများ**

- အဆင့်မြင့်ဓာတ်ဆီ 92 Octane
- အဆင့်မြင့်ဓာတ်ဆီ 95 Octane
- အဆင့်မြင့်ဓာတ်ဆီ 97 Octane
- ဒီဇယ်ဆီ (0.05% Sulphur)
- အဆင့်မြင့်ဒီဇယ်ဆီ (0.005% Sulphur)

## စက်သုံးဆီအရောင်းဆိုင်များ၏ တည်နေရာ

➡ ND-001
ဗားကရာလမ်းနှင့်ဗဟိုလမ်းထောင့်၊ ရန်ကုန်မြို့။

➡ ND-002
မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။

➡ ND-003
ဝေဇယန္တာလမ်းထောင့်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။

➡ ND-004
အောက်ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

➡ ND-005
ကမ္ဘာ့အေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

➡ ND-006
စစ်ကိုင်း-မန္တလေးလမ်း၊ တမ္ပဝတီရပ်၊ မန္တလေးမြို့။

➡ ND-007
ရန်ကုန်-မန္တလေးလမ်း၊ မြစ်ငယ်၊ မန္တလေးမြို့။

➡ ND-008
ရန်ကုန်-မန္တလေးလမ်း၊ ရှမ်းတဲကျေးရွာအနီး၊ မိတ္ထီလာမြို့။

➡ ND-009
မုံရွာ-မန္တလေးလမ်း၊ နတ်လှူထိပ်ပန်ရပ်ကွက်၊ မုံရွာမြို့။

➡ ND-010
မော်လမြိုင်-ကျိုက္ခမီလမ်း၊ မော်လမြိုင်မြို့။

➡ ND-011
မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့။

➡ ND-012
ဗိုလ်ချုပ်လမ်း၊ မူယာပင်ရပ်ကွက်၊ ပြည်မြို့။

➡ ND-014
ဝွေးချိုလမ်းဆုံ၊ ဝွေးချိုမြို့။

➡ ND-015
အမှတ် (၁) ရပ်ကွက်၊ မြို့မလမ်း၊ ပခုက္ကူမြို့။

➡ ND-016
ရန်ကုန်-မန္တလေးလမ်း၊ အုတ်ကျွတ်တန်း၊ တောင်ငူမြို့။

➡ ND-017
ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့။

➡ ND-018
မကွေး-ပြည်လမ်းဆုံ၊ တောင်တွင်းကြီးမြို့။

➡ ND-019
ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ ညောင်ဦးမြို့။

Email : headoffice@newdayenergymm.com

COMMERCE INTERNATIONAL


# ကိုယ်ကျိုးစီးပွားကာကွယ်မှု ပြန်လည်ခေါင်းထောင်လာသည်ကို သတိထားကြရန် ဗီယက်နမ်ဝန်ကြီးချုပ် သတိပေး

ဘလွမ်းဘတ် အာဆီယံစီးပွားရေး ထိပ်သီးဆွေးနွေးပွဲ (၂၀၁၆) "Bloomberg ASEAN Business Summit2016"ကို ဒီဇင်ဘာ ၈ ရက်နေ့က ဟန္တိုင်းမြို့တွင် ကျင်းပခဲ့ရာ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ဇွမ်ဖတ် တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် နယ်နိမိတ်ဖြတ်ကျော် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်အတွက် အစီအမံများချမှတ်ရန် အဆိုပါအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့ပြီး ကိုယ်ကျိုးစီးပွားပြန်လည်ပေါ်ထွန်းလာခြင်းကို သတိထားကြရန်လည်း သတိပေးပြောကြားခဲ့သည်။ ကမ္ဘာကြီးနှင့် အာဆီယံဒေသရှိ နိုင်ငံများမှာ လုံခြုံရေး၊ စီးပွားရေး၊ အစားအစာ၊ ရာသီဥတုပြောင်းလဲမှုနှင့် ကိုယ်ကျိုးစီးပွားကာကွယ်မှုစသည့် ပြင်းထန်သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သူကပြောသည်။

သို့သော် ဒစ်ဂျစ်တယ်နည်းပညာနှင့် အဆင့်မြင့်နည်းပညာများကို အသုံးပြုဆောင်ရွက်မည့် စတုတ္ထစက်မှုတော်လှန်ရေးက ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အခွင့်အလမ်းတို့ကို ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း သူကပြောသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုများနှင့် နယ်နိမိတ်ဖြတ်ကျော် ဝန်ဆောင်မှု လုပ်ငန်းများ လွယ်ကူချောမွေ့စေခြင်းဖြင့် စည်းလုံးညီညွတ်ပြီး စွမ်းရည်ပြည့်ဝသော အာဆီယံဈေးကွက် ဖြစ်ပေါ်ရေးအတွက် စီးပွားရေးဆက်သွယ်မှုများနှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု အစီအမံများချမှတ်ရန် သူက အာဆီယံအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းသည်။

သဘာဝသယံဇာတကို ထုတ်ယူသုံးစွဲပြီး ကျွမ်းကျင်မှုမရှိသော လုပ်သားများအပေါ်တွင်သာ မှီခိုမှုပြု၍လုပ်ကိုင်နေမည်ဆိုပါက အဖွဲ့ဝင် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မည်မဟုတ်ကြောင်း သူကပြောသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းသည် စီးပွားရေးချိတ်ဆက်မှုအတွက် အရှိန်အဟုန်မြှင့်တင်ပေးမည့် အသိုက်အဝန်းဖြစ်ပြီး အဖွဲ့အတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး အင်အားသစ်ကို ဖန်တီးပေးမည်ဖြစ်ကြောင်း သူကပြောသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် တီထွင်ဆန်းသစ်ဖန်တီးမှုကို မြှင့်တင်ရန်၊ ယှဉ်ပြိုင်မှုစွမ်းရည်ကို တိုးတက်အောင်ဆောင်ရွက်ရန်နှင့် တန်ဖိုးမြင့် ထုတ်ကုန်များ ပိုမိုရရှိနိုင်ရန်အတွက် ကမ္ဘာ့ဖြန့်ဖြူးမှု ကွင်းဆက်တွင် ပါဝင်နိုင်စေရန် ဆောင်ရွက် ဖို့လိုအပ်ကြောင်းလည်း သူကပြောသည်။

အာဆီယံပြင်ပရှိ ရင်းနှီးမြှုပ်နှံသူတို့က အာဆီယံမိတ်ဖက်နိုင်ငံတို့နှင့် နှစ်ဖက် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ကြမည်ဟု ယုံကြည်ကြောင်း သူကပြောသည်။ ထို့ပြင် ဗီယက်နမ်အစိုးရကလည်း ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဝန်းကျင် တိုးတက်အောင် ဆောင်ရွက်ပြီး အာဆီယံနှင့်တခြားဒေသမှ စီးပွားရေးလုပ်ငန်းများကိုလည်း ဖိတ်ခေါ်မည်ဖြစ်ကြောင်းလည်း သူကပြောသည်။

**ဉာဏ်တင်**

# လုပ်ငန်းကြီးများ တွဲဖက်လုပ်ကိုင်နေသော တောင်ကိုရီးယား ဆပ်ကန်ထရိုက်တို့ လုပ်ငန်းအခြေအနေတိုးတက်



မိမိတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် လုပ်ငန်းကြီးများက လုပ်ငန်းငယ်များအား ငွေသားဖြင့်ပေးချေမှုများ ပိုမိုဆောင်ရွက်လာသည့်အတွက် လုပ်ငန်းခွဲများ၏ စီးပွားရေးဝန်းကျင် အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း ဆပ်ကန်ထရိုက် (တစ်ဆင့်ကန်ထရိုက်) ၇၀ ရာခိုင်နှုန်းကပြောကြောင်း ဟွန်းဟပ်သတင်းတွင် ဖော်ပြ သည်။

တောင်ကိုရီးယားနိုင်ငံတွင် Shared Growth ဟုခေါ်သော "ဖွံ့ဖြိုးမှုမျှဝေခံစားရေး မူဝါဒ" ကို ကျင့်သုံးလျက်ရှိရာ အဆိုပါ မူဝါဒအရ ပစ္စည်းပေးသွင်းနေသူ ဆပ်ကန်ထရိုက်များအား မမျှမတဖြင့် အပေါ်စီးမှ ဆက်ဆံပြီး ဆုံးရှုံးမှုကို သူတို့အပေါ် လွှဲမချရန် တောင်ကိုရီးယားအစိုးရက စီးပွားရေးလုပ်ငန်းကြီးများကို တိုက်တွန်းသည်။

တောင်ကိုရီးယားနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများကို အကူအညီပေးရာတွင် အကြီးဆုံးအဖွဲ့အစည်းကြီးဖြစ်သည့် ကိုရီးယားစက်မှုလုပ်ငန်း ဖက်ဒရေးရှင်း (FKI) က ဆပ်ကန်ထရိုက် ၃၁၇ ခုကို စစ်တမ်းကောက်ယူခဲ့ရာ "ဖွံ့ဖြိုး မှု မျှဝေခံစားရေးမူဝါဒ" ကိုယုံကြည်မှုက တိုးတက်ကောင်းမွန်လျက်ရှိကြောင်းပါဝင်သူ ဆပ်ကန်ထရိုက် ၇၁ ဒသမ ၆ ရာခိုင်နှုန်းကပြောသည်။

မိမိတို့၏ ဖောက်သည်နှင့် ဆက်ဆံရသော စီးပွားရေး ဝန်းကျင်အခြေအနေမှာ ဆိုးရွားကြောင်း စစ်တမ်းတွင် ပြန်လည်ဖြေကြားသူ ၂၈ ဒသမ ၄ ရာခိုင်နှုန်းက ပြောသည်။ ယခုကဲ့သို့ တိုးတက် ကောင်းမွန်လာခြင်းမှာ ပစ္စည်းပေးသွင်းသူ ဆပ်ကန်ထရိုက်များအား ငွေသားပေးချေမှုမြင့်တက်လာခြင်းနှင့်အချိန်တိုအတွင်း ပြန်လည်ပေးဆပ်နိုင်မှုကြောင့်ဖြစ်ကြောင်း စစ်တမ်းကောက်ယူရေးအဖွဲ့က သုံးသပ်သည်။

သို့သော်လည်း အသေးစားနှင့်အလတ်စားကုမ္ပဏီ များအား အစိုးရက ထောက်ပံ့မည့်အစီအမံများချမှတ်ထားမှုမရှိခြင်းနှင့် " ဇွမ်ဘီ " ကုမ္ပဏီများဟုခေါ်သော ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီအရေအတွက်များပြားလာခြင်း တို့က " ဖွံ့ဖြိုးမှု မျှဝေခံစားရေး" မူဝါဒကို ယုံကြည်မှု ကျဆင်းစေခဲ့ကြောင်း စစ်တမ်းတွင် ပါဝင်သူကုမ္ပဏီများက ပြောသည်။

အသေးစားနှင့်အလတ်စားကုမ္ပဏီများကိုထောက်ပံ့ရာတွင် အစိုးရ၏ ဆောင်ရွက်မှုက နည်းစနစ်မကျသည့်အတွက် " ဇွမ်ဘီ "ကုမ္ပဏီများ သက်ဆိုးရှည်နေရခြင်းဖြစ်ကြောင်း FKI က ထောက်ပြသည်။

ပထမအဆင့်တွင် ပါဝင်သော ပစ္စည်းပေးသွင်းသူများ အနက် ၄၅ ဒသမ ၆ ရာခိုင်နှုန်းက ငွေသားပေးချေမှုကို ၃၀ ရက်အတွင်း ရရှိပြီး ကျန် ၃၀ ရာခိုင်နှုန်းက ရက်ပေါင်း ၆၀ အတွင်းရရှိကြောင်း စစ်တမ်းကောက်ယူချက်အရ သိရသည်။

**ဉာဏ်တင်**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 12th December 2016

<< NOVEMBER & DECEMBER SAILING SCHEDULE >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR/

| VESSEL | Height (m) | | | | JAPAN | | | | | KOREA | SINGAPORE | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI | HAKATA | NAGOYA | YOKOHAMA | INCHEON | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI .29 | 1.55 | 1.90 | 2.20 | 3.50 | 16.11.2016 | | | 17.11.2016 | 18.11.2016 | | 26.11.2016 | 1.12.2016 | | 6.12.2016 |
| | S/O CUT | | | | 12.11.2016 | | | 13.11.2016 | 14.11.2016 | | | | | |
| MV.CITY OF MUMBAI V.36 | 1.55 | 1.90 | 2.20 | 3.50 | | 27.11.2016 | 25.11.2016 | 28.11.2016 | 29.11.2016 | 23.11.2016 | 7.12.2016 | 11.12.2016 | | |
| | S/O CUT | | | | | 23.11.2016 | 21.11.2016 | 24.11.2016 | 25.11.2016 | | | | | |
| MV.HOEGH CHENNAI .30 | 1.55 | 1.90 | 2.20 | 3.50 | | 13.12.2016 | | 14.12.2016 | 15.12.2016 | | 23.12.2016 | 28.12.2016 | | |
| | S/O CUT | | | | | 9.12.2016 | | 10.12.2016 | 11.12.2016 | | | | | |
| CITY OF MUMBAI V.37 | 1.55 | 1.90 | 2.20 | 3.50 | | 28.12.2016 | 26.12.2016 | 29.12.2016 | 30.12.2016 | 24.12.2016 | 7.1.2016 | 12.1.2016 | | |
| | S/O CUT | | | | | 14.12.2016 | 22.12.2016 | 25.12.2016 | 26.12.2016 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။